# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 16 February 2021 ၁၀၂၉၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၅

**ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အတူ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးရဲတင့်၊ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရန်ကုန်ရုံးမှ ဝန်ထမ်းများ၊ ထပ်ဆင့်လွှင့်စက်ရုံများမှ ဝန်ထမ်းများနှင့် ဝန်ထမ်းဟောင်းများက Online မှတစ်ဆင့် တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ စိန်ရတုအထိမ်းအမှတ်ပြတိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြတိုက်ကမ္ပည်းဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ပြတိုက်ကမ္ပည်းဆိုင်းဘုတ်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ပြတိုက်အတွင်းရှိ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳**


**ကြေးမုံ ယနေ့ ဖတ်စရာ**

**အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း** စာမျက်နှာ » ၈

**အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၀ ဒသမ ၉ သန်းကျော်အထိ ရှိလာ** စာမျက်နှာ » ၁၃

**ပြည်သူ့အကျိုးစီးပွား ဦးတည်ထား၊ နိုင်ငံ့ဝန်ထမ်းများ** စာမျက်နှာ » ၁၅





# ပြည်သူလူထု လူမှုစီးပွားဖွံ့ဖြိုးရေးကြိုးပမ်း

ယနေ့အချိန်အခါတွင် ပြည်သူလူထု လူမှုစီးပွား အဆင်ပြေရေးသည် အရေးအကြီးဆုံးဖြစ်သည်။ တိုင်းပြည်တွင် မည်သည့်အခြေအနေမျိုးဖြစ်နေစေကာမူ ပြည်သူလူထု လူမှုဘဝလုံခြုံစိတ်ချရေး၊ လူမှုစီးပွား အဆင်ပြေရေးတို့သည် မဖြစ်မနေလိုအပ်ပေသည်။ ယင်းအခြေအနေကို နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးမည်ဆိုသော်လည်း ပြည်သူလူထုပါ ပူးပေါင်းပါဝင်မှ ပိုမိုအဆင်ပြေနိုင်မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အရေးပေါ်ကာလ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေရစဉ်အချိန်အတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားပြည်သူအားလုံးတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းရှိသမျှ ဆောင်ရွက်သွားမည်သာဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်မှစတင်၍ စိန်ခေါ်မှုကြီးကြီးမားမား ကြုံတွေ့နေသည်ဟု ဆိုရမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းမှစတင်သည့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စက်ရုံ၊ အလုပ်ရုံ၊ စီးပွားရေးလုပ်ငန်းများ တံ့ဆိုင်းရပ်နားသွားသဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးကျဆင်းမှုများ၊ အလုပ်လက်မဲ့ဖြစ်ပွားမှုများ ကြုံတွေ့ခဲ့ရသည်။ ၂၀၂၁ ခုနှစ်တွင် နိုင်ငံရေး အပြောင်းအလဲဖြစ်စဉ် ဖြစ်ပေါ်လာပြီး စီးပွားရေးအခက်အခဲနှင့် ပြည်တွင်း ပြည်ပ စိန်ခေါ်မှုအမျိုးမျိုးကို ကျော်လွှားနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

လက်ရှိအခြေအနေတွင် အရေးကြီးသည်မှာ ပြည်သူအားလုံး၏ အကျိုးစီးပွားကိုရှေးရှု၍ စားဝတ်နေရေးအဆင်ပြေစေရေးကို အားလုံးပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံရေးအမြင် အယူအဆကွဲပြားမှုများဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းမရှိပါလျှင် ပြည်သူများပင် အခက်အခဲများ ကြုံတွေ့နိုင်ပေသည်။ လက်ရှိအခြေအနေတွင် မသမာသူ၊ ဖျက်ဆီးလိုသူတို့က ပြည်သူလူထုအား မည်သို့ဆောင်ရွက်ပေးမည်ဟု ဆွဲဆောင်နေသည်မှာ လေထဲတွင် အိမ်ဆောက်သကဲ့သို့ပင် ဖြစ်ပေလိမ့်မည်။ အမှန်တကယ်တွင် ဖြစ်နိုင်သည်တို့ကို လက်တွေ့ကျကျ ရေရှည်လုပ်ကိုင်ပေးနိုင်ရန် အရေးကြီးသည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်သည်။ မြန်မာပြည်သူ၊ ပြည်သားများသည် စိုက်ပျိုးမွေးမြူရေးဖြင့် အခြေခံအသက်မွေးဝမ်းကျောင်းပြုကြသည်။ ထို့ကြောင့် နိုင်ငံ့စီးပွားရေး ဦးမော့လာရေးအတွက် စိုက်ပျိုးမွေးမြူရေးကို ပစ်ပယ်ထား၍ ရမည်မဟုတ်ပေ။ ကမ္ဘာပေါ်တွင် လူဦးရေ ခုနစ်ဘီလီယံကျော် ရှိသည်။ ထို့ကြောင့် များပြားသော လူဦးရေအတွက် စားနပ်ရိက္ခာလိုအပ်ချက် အမြဲရှိနေမည် ဖြစ်သည်။ အဆိုပါ စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းတိုးပွား၍ လူမှုစီးပွားတိုးတက်လာမည်ဖြစ်သည်။

ထိုမှ နိုင်ငံ့စီးပွား နာလန်ထူအောင် ပြန်လည်ဆောင်ရွက်ပြီး အလုပ်လက်မဲ့ ဖြစ်နေသူများ ဝင်ငွေရရှိမည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည် ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက ဦးဆောင်ဆောင်ရွက်ပေးသင့်ပြီး စက်ရုံ၊ အလုပ်ရုံများ ပုံမှန်ဖွင့်လှစ်လည်ပတ်နိုင်ရေး၊ လုပ်သားများလိုအပ်ချက်ကို ဖြည့်ဆည်းပေးရေးတို့ကို ဦးစွာဆောင်ရွက်သွားရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကာလတိုသာ တာဝန်ယူထားသဖြင့် တာဝန်ယူစဉ်ကာလအတွင်း နိုင်ငံ့စီးပွားရေး လွယ်ကူချောမွေ့စေရေးကို အဓိကအလေးထားဆောင်ရွက်နိုင်လိမ့်မည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး၊ ပြည်ပပို့ကုန်မြင့်မားရေးအတွက် မိတ်ဖက်နိုင်ငံများနှင့် ဆီလျော်လိုက်ဖက်မည့် စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့အောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်ပပို့ကုန်တိုးရေးအတွက် အရည်အသွေးမီရေး၊ အဆင့်အတန်းမီရေးကို အလေးထားလုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ပေသည်။ ကိုဗစ်-၁၉ ကြောင့် တစ်ကမ္ဘာလုံး စီးပွားကျဆင်းနေသောအချိန်တွင် မြန်မာနိုင်ငံ စီးပွားရေး အမြန်ပြန်လည်နာလန်ထူလာရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ လက်တွေ့မကျသော၊ စီးပွားရေးလုပ်ကိုင်ရာတွင် အဟန့်အတားဖြစ်စေသော ကိစ္စရပ်များကို လျှော့လာသုံးသပ်ပြင်ဆင်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အရေးပေါ်ကာလ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေရစဉ်ကာလအတွင်း နိုင်ငံတော်နှင့်ပြည်သူလူထု အကျိုးစီးပွားအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးကို ကြိုးပမ်းဆောင်ရွက်ရင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ဦးအား အမြဲတမ်းအတွင်းဝန်တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

— — — — — — —

### မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ ( ၁ ) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| ( ၁ ) | ဦးထွန်းဇော် | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့်<br>စက်မှုဝန်ကြီးဌာန |
| (၂) | ဒေါက်တာသီသီမြင့် | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| (၃) | ဦးကျော်ဝင်းဟန် | ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အောက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |

## Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ (၁)မိနစ်မှ (၁၈)မိနစ်ခန့်အထိ ပြတ်တောက်မည့် အခြေအနေအသိပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်းကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်သည်။ ယင်းသို့ Sun Outage ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/ အသံအချက်အလက်များ ခေတ္တယာယီပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိသည်။

Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ်မတ်လတွင် (၁)ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် (၁)ကြိမ် ကြုံတွေ့ရလေ့ရှိသည်။ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ်မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိသည်။ Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် မတ် ၇ ရက်မှ ၁၇ ရက်အထိ နေ့စဉ် (၁) မိနစ်မှ (၁၈)မိနစ်ခန့်အထိ Sun Outage ဖြစ်စဉ်ကြောင့် Signal ပြတ်တောက်မှု ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

■

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၅-၂-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၂၀၀ | ၉,၅၀၀ | ၂,၀၃၂ | ၁၉,၀၁၃,၂၀၀ |
| MTSH | ၃,၄၅၀ | ၃,၅၅၀ | ၂,၁၇၄ | ၇,၅၆၆,၇၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၀ | ၀ |
| FPB | ၂၂,၀၀၀ | ၂၂,၅၀၀ | ၀ | ၀ |
| TMH | ၂,၆၀၀ | ၂,၇၅၀ | ၈ | ၂၁,၇၅၀ |
| EFR | ၃,၂၅၀ | ၃,၃၅၀ | ၈ | ၂၆,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၉၈.၈ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၉၈.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၆.၅၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၆.၇၉၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၆.၇၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၂၅၉ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၈.၁ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၅၇.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၂၈.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၉၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလွဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊
သတင်းထောက်များ ဒေါ်နေဇာဇာထွန်း
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

### တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phangနော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်နှင့် စောဒန်နီယယ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးအတွက် တာဝန်ရှိသူများအနေဖြင့် ညင်ညင်သာသာဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ တာဝန်ယူချိန်မှစပြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မပြောင်းလဲကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာဆက်ဆံရေးတို့နှင့်စပ်လျဉ်း၍ မူဝါဒများပြောင်းလဲခြင်းမရှိကြောင်း၊ ပကတိအခြေအနေများသည် ရွေးကောက်ပွဲ မဲစာရင်းများမှားယွင်းမှုကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တို့တွင် အရပ်ဘက်မှအများကြည်ညိုလေးစားသည့် ပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် အရပ်ဘက်အုပ်ချုပ်ရေးကို အလေးထားကြောင်း။

### အလေးထားဆောင်ရွက်သွားမည်

ရွေးကောက်ပွဲ မဲစာရင်းမှားယွင်းမှုများကို ရွေးကောက်ပွဲဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးပေါ်ကာလပြီးဆုံးသွားပါက စည်းကမ်းပြည့်ဝပြီး အနှစ်သာရရှိသည့် ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူသည့် အရေးပေါ်ကာလအတွင်း ပြည်သူလူထု၏ စားဝတ်နေရေးနှင့် အေးချမ်းတည်ငြိမ်ရေးကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အတူ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အေးချမ်းတည်ငြိမ်မှုရှိမှ တစ်ဦးချင်း၏ အကျိုးစီးပွားကို ဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း။

အဓိကအားဖြင့် COVID-19 ကာလတွင် ထိခိုက်ခဲ့သည့် စီးပွားရေးကို ပြန်လည်တည့်မတ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအား COVID-19 ရောဂါကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ရပ်ဆိုင်းထား၍မရကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူလူထုအား COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ CDM လှုပ်ရှားမှု စိတ်ရှည်လက်ရှည်စောင့်ဆိုင်းခဲ့ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူလူထုကျန်းမာရေးအတွက် ပြည်သူ့ဆေးရုံ၊ ဆေးခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရမည့်လုပ်ငန်းတာဝန်ကို မထမ်းဆောင်မှုများသည် ဆရာဝန်များ၏ သစ္စာအဓိဋ္ဌာန်ကို ဖောက်ဖျက်ရာရောက်ပြီး ပြည်သူများအနေဖြင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူရာတွင် ပြင်ပဆေးရုံ၊ ဆေးခန်းများ၌ ငွေကြေးအကုန်အကျများစွာဖြင့် ကုသမှုခံယူရသောကြောင့် ပြည်သူများအနေဖြင့် ထိခိုက်နစ်နာမှုများရှိကြောင်း၊ သို့ဖြစ်၍ လိုအပ်သည့် အရေးယူမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူ့အသက်သည် အရေးကြီးကြောင်း၊ သို့ဖြစ်၍ ပြည်သူများအနေဖြင့် မိမိကျန်းမာရေးနှင့်စပ်လျဉ်းပြီး ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် ပြည်သူလူထုအား COVID-19 ရောဂါကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် တင်သွင်းခွင့်ပြုထားကြောင်း။

စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့ရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ မီးရထား၊ ကား၊ ရေကြောင်းနှင့် လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်အောင် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း၊ ငွေကြေးပုံမှန်လည်ပတ်နိုင်ရန် အဓိကအရေးပါသည့် ဘဏ်လုပ်ငန်းများ မထိခိုက်စေရန် လုံခြုံရေးဆိုင်ရာများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

### ထုတ်ပြန်ပေးသွားမည်

ယခုကာလတွင် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည်လည်း ခက်ခဲပင်ပန်းစွာဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး မိမိကိုယ်ကို ခုခံပိုင်ခွင့်ဖြင့်သာ နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆူပူမှုများအား ထိန်းသိမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာအနေဖြင့် ယခုကဲ့သို့ မိမိတို့၏ တာဝန်ယူထိန်းသိမ်းဆောင်ရွက်မှုအပေါ် ယခင်ကပြစ်တင်ဝေဖန်မှုများ ရှိခဲ့သော်လည်း ယခုအခါ အနောက်နိုင်ငံများမှအပ အခြားနိုင်ငံများက မိမိတို့၏ဆောင်ရွက်မှုသည် ပြည်တွင်းရေးကိစ္စဖြစ်သဖြင့် ဒီမိုကရေစီနည်းလမ်းအရသာ ဖြေရှင်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားနေကြောင်း၊ မိမိတို့အနေဖြင့် မဲစာရင်းမသမာမှုများအား စိစစ်လျက်ရှိပြီး နိုင်ငံတကာနှင့် ပြည်သူလူထုသိရှိနိုင်ရေး ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အတွက် ဒီမိုကရေစီနည်းလမ်းနှင့်အညီ ရိုးသားစွာ ဆောင်ရွက်လျက်ရှိကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း အပြည့်အဝပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

> **လွတ်ငြိမ်းချမ်းသာခွင့် ဆောင်ရွက်ပေးခဲ့ရာတွင် ပြစ်ဒဏ်ကြီးလေးသူများမှအပ တတ်နိုင်သမျှ ပြစ်ဒဏ်များကို လျှော့ပေါ့ပေးခဲ့ကြောင်း၊ ၎င်းတို့အား ပြင်ပ၌ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ နေထိုင်နိုင်ပြီး အခွင့်အရေးများ မဆုံးရှုံးစေဘဲ ငြိမ်းငြိမ်းချမ်းချမ်းဖြင့် နေထိုင်နိုင်စေရန် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ကိစ္စရပ်အပေါ် သတင်းမှားများဖြင့် ပြည်သူလူထုအထင်အမြင် လွဲမှားစေရန် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိအနေဖြင့် သတင်းမီဒီယာကောင်စီအား နိုင်ငံတော်၏စတုတ္ထမဏ္ဍိုင်အဖြစ် အသိအမှတ်ပြုထားကြောင်း၊ သတင်းများကို ထုတ်ပြန်ရာတွင် မှန်ကန်မှုနှင့် မြန်ဆန်မှုရှိရန်လိုကြောင်း၊ တာဝန်သိ နိုင်ငံ့ဝန်ထမ်းများအား ချီးမြှင့်နိုင်ရန် စီစဉ်လျက်ရှိပြီး တာဝန်ပျက်ကွက်သည့် ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း။**

### ဆွေးနွေးတင်ပြ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌနှင့် ကောင်စီဝင်များက စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးတွင် အကြမ်းဖက်မှုများ ဖြစ်ပေါ်အောင် ပြုလုပ်၍ နိုင်ငံတော်အပေါ် သစ္စာဖောက်မှုနှင့် တိုင်းပြည်ပျက်စီးအောင် နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်နေသူများအား ဖော်ထုတ်၍ ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး၊ ပြည်ပအကြံပေးများ ခန့်အပ်ဆောင်ရွက်ခဲ့သည့်ကိစ္စ၊ သတင်းများမှန်ကန်စွာ ထုတ်လွှင့်ရေးအတွက် သတင်းမီဒီယာကောင်စီမှတစ်ဆင့် ထိန်းသိမ်းဆောင်ရွက်ရန်ကိစ္စ၊ တာဝန်သိနိုင်ငံ့ဝန်ထမ်းများအား ချီးမြှင့်ရေးနှင့် ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများကို ဖောက်ဖျက်သည့် ဝန်ထမ်းများအား အရေးယူဆောင်ရွက်ရေးကိစ္စ၊ နိုင်ငံတော်ဘဏ္ဍာငွေ အကုန်အကျသက်သာစေရေးအတွက် ရေအားလျှပ်စစ်ထုတ်လုပ်ရေးကိစ္စ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသည့် စင်ပြိုင်အစိုးရဖွဲ့စည်းမှုများအား အရေးယူရေးကိစ္စ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အဝင်/အထွက် စစ်ဆေးရေးဂိတ်များမှ စနစ်တကျ

စာမျက်နှာ ၄ သို့ ❍

> **နိုင်ငံ့ဝန်ထမ်းများ၏ CDM လှုပ်ရှားမှု စိတ်ရှည်လက်ရှည်စောင့်ဆိုင်းခဲ့ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူလူထုကျန်းမာရေးအတွက် ပြည်သူ့ဆေးရုံ၊ ဆေးခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရမည့်လုပ်ငန်းတာဝန်ကို မထမ်းဆောင်မှုများသည် ဆရာဝန်များ၏ သစ္စာအဓိဋ္ဌာန်ကို ဖောက်ဖျက်ရာရောက်ပြီး ပြည်သူများအနေဖြင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများခံယူရာတွင် ပြင်ပဆေးရုံ၊ ဆေးခန်းများ၌ ငွေကြေးအကုန်အကျများစွာဖြင့် ကုသမှုခံယူရသောကြောင့် ပြည်သူများအနေဖြင့် ထိခိုက်နစ်နာမှုများရှိကြောင်း၊ သို့ဖြစ်၍ လိုအပ်သည့်အရေးယူမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူ့အသက်သည် အရေးကြီးကြောင်း၊ သို့ဖြစ်၍ ပြည်သူများအနေဖြင့် မိမိကျန်းမာရေးနှင့်စပ်လျဉ်းပြီး ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် ပြည်သူလူထုအား COVID-19 ရောဂါကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် တင်သွင်းခွင့်ပြုထားကြောင်း။**

* ရှေ့ဖုံးမှ
ခေတ်အဆက်ဆက်အသုံးပြုခဲ့သော ရေဒီယိုများနှင့် အသံလွှင့်ဆိုင်ရာ စက်ပစ္စည်းများပြခန်း၊ ခေတ်အဆက်ဆက် အသံလွှင့်ဆိုင်ရာ စက်ပစ္စည်းများနှင့် Programme အစီအစဉ်များပြခန်း၊ သတင်းနှင့်ပြန်ကြားရေးပြခန်း၊ ခေတ်အဆက်ဆက် ရုပ်မြင်သံကြားထုတ်လွှင့်ရေးဆိုင်ရာ TV အမျိုးအစားများပြခန်း၊ Green Screen Virtual ပြခန်း၊ ပြပြင်တိုင်းတာရေးဆိုင်ရာ စက်ပစ္စည်းများနှင့် လွှင့်စက်/ ဖမ်းစက်များပြခန်း၊ ခေတ်အဆက်ဆက်အသုံးပြုခဲ့သော Camera များနှင့် ဆက်စပ်ပစ္စည်းများပြခန်း၊ စကားဝိုင်း/ဆွေးနွေးခန်း ဆက်တင်ပြခန်း၊ သတင်းဖတ်ကြားသည့် ဆက်တင်ပြခန်း၊ ခေတ်အဆက်ဆက်အသုံးပြုခဲ့သော MIC များနှင့် တယ်လီဖုန်းပြခန်း၊ ခေတ်အဆက်ဆက် ရိုက်ကူးရေးတွင် အသုံးပြုခဲ့သော တူရိယာပစ္စည်းများပြခန်းနှင့် BBS ခေတ် အသုံးပြုခဲ့သော ထိုင်ခုံများနှင့် Board ပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခေတ်အဆက်ဆက်အသုံးပြုခဲ့သော ရုပ်မြင်သံကြား ထုတ်လွှင့်ရေးဆိုင်ရာ စက်ပစ္စည်းများနှင့် အသံလွှင့်ဆိုင်ရာ စက်ပစ္စည်းများသည် ပြန်မရနိုင်သည့် ရှေးဟောင်းစက်ပစ္စည်းများဖြစ်သဖြင့် ယိုယွင်းပျက်စီးမှုမရှိစေရေးအတွက် စနစ်တကျထိန်းသိမ်းကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားကို စတင်ကျင်းပရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "စိန်ရတုအလှမှန် ထာဝရမြန်မာ့အသံ" သီချင်းဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ စိန်ရတုခရီး သမိုင်းမှတ်တိုင် Documentary အစီအစဉ် ဗီဒီယိုမှတ်တမ်းကို ပြသသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စိန်ရတုအထိမ်းအမှတ်ပြတိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ ကျရောက်သည့်မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာပါစေကြောင်း၊ ဝန်ထမ်းတိုင်းအနေဖြင့် ရတုအခမ်းအနားများကို ဝန်ထမ်းသက်တမ်းတစ်လျှောက်တွင် နှစ်ကြိမ်ခန့် ကြုံတွေ့ရနိုင်ပြီး ရတုနေ့ရက်များသည် ဘဝတွင်မမေ့နိုင်သည့် အဖိုးတန်နေ့ရက်များပင်ဖြစ်ကြောင်းဖြင့် ဦးစွာပြောကြားသည်။

ထို့နောက် မြန်မာ့မီဒီယာလုပ်ငန်းသည် ၁၈၇၄ ခုနှစ် မတ်လ ၉ ရက်(မင်းတုန်းမင်းလက်ထက်) ရတနာပုံ သတင်းစာ မှစခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ အသံလွှင့်လုပ်ငန်းများသည် ၁၉၃၇ ခုနှစ်က စတင်ခဲ့သော်လည်း လွတ်လပ်သော အမျိုးသားအသံလွှင့်လုပ်ငန်းမဟုတ်ခဲ့ကြောင်း၊ ၁၉၄၅ ခုနှစ် မတ်လဆန်း၌ ရန်ကုန်မြို့တွင် မြန်မာ့တော်လှန်ရေး တပ်မတော် အသံလွှင့်ဌာနကို ထူထောင်ခဲ့ပြီး လွတ်လပ်သော အမျိုးသားအသံလွှင့်ဌာနတစ်ခုအဖြစ် အစပျိုးခဲ့ကြောင်း။

၁၉၄၅ ခုနှစ်၊ မေလဆန်းတွင် ရန်ကုန်မြို့ ရွှေတောင်ကြား၌ ရန်ကုန်ရေဒီယို(Rangoon Radio)အမည်ဖြင့် ထုတ်လွှင့်ခဲ့ပြီး ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်ရေဒီယိုမှ "ဗမာ့အသံ" (Burma Broadcasting Service – BBS)အဖြစ် အမည်ပြောင်းခဲ့ကြောင်း၊ ၎င်းနေ့ကိုပင် ဗမာ့အသံနေ့ဟု ခေတ်အဆက်ဆက်သတ်မှတ်ခဲ့ကြောင်း၊ ၁၉၅၈ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၌ "ဗမာ့အသံ"အမည်မှ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုသော "မြန်မာ့အသံ" အမည်သို့ ပြောင်းလဲခဲ့ကြောင်း၊ ၁၉၈၀ ခုနှစ်၊ ဇွန် ၃ ရက်တွင် ရောင်စုံရုပ်မြင်သံကြား ထုတ်လွှင့်ခြင်း လုပ်ငန်းများကို စတင်ခဲ့ပြီး ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်တွင် "မြန်မာ့အသံနှင့်ရုပ်မြင်သံကြား" (Myanmar Radio and Television – MRTV)ဟု အမည်ပြောင်းလဲခဲ့ကြောင်း။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်နေ့၌ Myanmar Radio အမည်ဖြင့် အင်္ဂလိပ်ဘာသာသီးသန့် FM Channel အသစ်တစ်ခုနှင့် MRTV ရုပ်သံလိုင်းအစီအစဉ်၌လည်း အင်္ဂလိပ်ဘာသာဖြင့် သတင်းထုတ်လွှင့်မှုကို စတင်သွားမည်ဟု သိရှိရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ အင်္ဂလိပ်ပိုင်းဆိုင်ရာများကို ထုတ်လွှင့်ရာတွင် အသံထွက်ပီသမှုရှိစေရေး ဂရုပြုရမည်ဖြစ်ကြောင်း၊ အင်္ဂလိပ်ပိုင်းဆိုင်ရာ အစီအစဉ်များ ထုတ်လွှင့်ရာတွင် ပြည်သူကို ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်တို့အပြင် အတတ်ပညာတစ်ခု ရရှိစေနိုင်သည်အထိ ကြိုးပမ်းတင်ဆက်သွားကြရန် တိုက်တွန်းလိုကြောင်း။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် သမိုင်းအစဉ်အလာကြီးမားသောဌာနကြီးဖြစ်သည်နှင့်အညီ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုခေတ်၊ ပါလီမန် ဒီမိုကရေစီခေတ်၊ အိမ်စောင့်အစိုးရနှင့် တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ ပါတီစုံဒီမိုကရေစီခေတ်၊ ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကာလတို့၌ ခေတ်အဆက်ဆက် သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အစဉ်အလာ အလွန်ကြီးမားခဲ့ပြီး ရှေးယခင်ကတည်းကပင် ရေဒီယိုအစီအစဉ်များတွင် စိတ်ဝင်စားစရာ၊ ပညာရစရာကောင်းသည့် အစီအစဉ်များ ရှိခဲ့ကြောင်း၊ ဇာတ်လမ်းပမာနားဆင်စရာ အစီအစဉ်များကို နားထောင်ခဲ့ရပြီး စာရေးဆရာကြီး သော်တာဆွေ၏ "လူ့မနော"ဆိုသည့် ဇာတ်လမ်းတင်ဆက်မှုကို ယနေ့တိုင် အမှတ်ရနေမိကြောင်း၊ လူတို့၏ စိတ်အကြောင်းကို တင်ဆက်ထားခြင်းဖြစ်သဖြင့် အသိအမြင်များစွာရရှိခဲ့ကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့ *



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်နေ့၌ Myanmar Radio အမည်ဖြင့် အင်္ဂလိပ်ဘာသာသီးသန့် FM Channel အသစ်တစ်ခုနှင့် MRTV ရုပ်သံလိုင်းအစီအစဉ်၌လည်း အင်္ဂလိပ်ဘာသာဖြင့် သတင်းထုတ်လွှင့်မှုကို စတင်သွားမည်ဟု သိရှိရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ အင်္ဂလိပ်ပိုင်းဆိုင်ရာများကို ထုတ်လွှင့်ရာတွင် အသံထွက် ပီသမှုရှိစေရေး ဂရုပြုရမည်ဖြစ်ကြောင်း၊ အင်္ဂလိပ်ပိုင်းဆိုင်ရာ အစီအစဉ်များ ထုတ်လွှင့်ရာတွင် ပြည်သူကို ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်တို့အပြင် အတတ်ပညာတစ်ခု ရရှိစေနိုင်သည်အထိ ကြိုးပမ်းတင်ဆက်သွားကြရန် တိုက်တွန်းလို**

○ စာမျက်နှာ ၃ မှ
စစ်ဆေးဆောင်ရွက်ရေးကိစ္စ၊ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန်နိုင်ရေးကိစ္စ၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်ရေးကိစ္စ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် သွေးထိုးလှုံ့ဆော်နေသည့် ကိစ္စနှင့် လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်နေမှု၊ သွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် မီးရထား၊ ကား၊ ရေကြောင်းနှင့် လေကြောင်းလိုင်းများ ပြေးဆွဲနေမှုနှင့် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

**အထင်အမြင်လွဲမှားစေရန်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လွတ်ငြိမ်းချမ်းသာခွင့် ဆောင်ရွက်ပေးခဲ့ရာတွင် ပြစ်ဒဏ်ကြီးလေးသူများမှအပ တတ်နိုင်သမျှ ပြစ်ဒဏ်များကို လျှော့ပေါ့ပေးခဲ့ကြောင်း၊ ၎င်းတို့အား ပြင်ပ၌ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ နေထိုင်နိုင်ပြီး အခွင့်အရေးများ မဆုံးရှုံးစေဘဲ ငြိမ်းငြိမ်းချမ်းချမ်းဖြင့် နေထိုင်နိုင်စေရန် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ကိစ္စရပ်အပေါ် သတင်းမှားများဖြင့် ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိအနေဖြင့် သတင်းမီဒီယာကောင်စီအား နိုင်ငံတော်၏ စတုတ္ထမဏ္ဍိုင်အဖြစ် အသိအမှတ်ပြုထားကြောင်း၊ သတင်းများကို ထုတ်ပြန်ရာတွင် မှန်ကန်မှုနှင့် မြန်ဆန်မှုရှိရန်လိုကြောင်း၊ တာဝန်သိနိုင်ငံ့ဝန်ထမ်းများအား ချီးမြှင့်နိုင်ရန် စီစဉ်လျက်ရှိပြီး တာဝန်ပျက်ကွက်သည့် ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားထားကြောင်း၊ နောင်ကာလများတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာ၌ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်နိုင်ရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန်လည်နေထိုင်နိုင်ရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ထာဝရခိုင်မြဲသည့် ပြည်ထောင်စုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ယခုဖြစ်ပေါ်နေသည့် မတည်ငြိမ်မှုများကို ဖြေရှင်းရာတွင် လုံခြုံရေးတပ်ဖွဲ့များအား ဥပဒေနှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဖေဖော်ဝါရီ ၁၄ ရက်မှစ၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လုံခြုံရေးလှည့်ကင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအနေဖြင့် မည်သည့်နယ်ပယ်ကလာသည်ဖြစ်စေ နိုင်ငံတော်ကို ကိုယ်စားပြုသူများဖြစ်သဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးဖြစ်အောင် ဦးတည်ဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

သတင်းစဉ်

# နိုင်ငံ့ဝန်ထမ်းများအကျိုးအတွက် လိုအပ်တာတွေ ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်

**ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ နိုင်ငံ့ဝန်ထမ်းများနဲ့ပတ်သက်ပြီး "နိုင်ငံတော်သည် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အိမ်ထောင်ရှင် အမျိုးသမီးဝန်ထမ်းများ မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်ရှိရေးနှင့် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှုသက်သာချောင်ချိရေးတို့အတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းရမည်"လို့ ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေများပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ လိုအပ်ချက်တွေ ရှိကောင်းရှိနေနိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြန်လည်စိစစ်ပြီး နိုင်ငံ့ဝန်ထမ်းများအကျိုးအတွက် လိုအပ်တာတွေ ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးသွားပါမယ်။ နိုင်ငံ့ဝန်ထမ်းများဟာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို တိုက်ရိုက်သယ်ပိုးခွင့်ရရှိသူများလည်း ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့၊ တရားစီရင်ရေးကဏ္ဍများ ကောင်းမွန်စွာ လည်ပတ်နိုင်ဖို့အတွက် အဆင့်ဆင့် တာဝန်ယူမှု၊ တာဝန်ခံမှုတွေနဲ့ ပြည်သူ့ကောင်းကျိုးကို လုပ်ဆောင်နေကြရတဲ့ ဂုဏ်ယူစရာကောင်းသူများ ဖြစ်ကြပါတယ်။ ဒီဂုဏ်သိက္ခာကို ကျွန်တော်တို့ စောင့်ထိန်းကြရမှာဖြစ်ပါတယ်။**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၁၁-၂-၂၀၂၁ ရက်နေ့ နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စိန်ရတုအထိမ်းအမှတ်ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

✻ စာမျက်နှာ ၄ မှ

မြန်မာ့အသံမှ ဘောလုံးပွဲများအား တိုက်ရိုက်အသံထုတ်လွှင့်ခြင်းလုပ်ငန်းကို ၁၉၅၇ ခုနှစ် တိုင်းနှင့်ပြည်နယ် ဘောလုံးပြိုင်ပွဲက စတင်ခဲ့သည်ဟုသိရှိရကြောင်း၊ ထုတ်လွှင့်ခဲ့သူတို့မှာ ဦးကျော်ငြိမ်းနှင့် ဦးခင်မောင်တို့ဖြစ်ကြောင်း၊ တိုက်ရိုက်ထုတ်လွှင့်မှုများကို နားဆင်ပြီး တကယ့်ဘောလုံးပွဲကို ကြည့်ရှုနေရသကဲ့သို့ ခံစားခဲ့ရကြောင်း၊ ထိုစဉ်က အစီအစဉ်တင်ဆက်သူများဖြစ်သည့် ဦးမောင်မောင်ရင်၊ ဦးမောင်မောင်သီ၊ ဦးဇော်ဝင်းတို့၏ တင်ဆက်ပုံများမှာ အမှတ်ရဖွယ်ဖြစ်ကြောင်း။

မိမိတို့ခေတ်ကာလတွင် မြန်မာ့အသံမှ ထုတ်လွှင့်ခဲ့သည့် ဇာတ်လမ်းပမာ နားဆင်စရာကဏ္ဍ၊ ရေဒီယိုဇာတ်လမ်းနှင့် အသံလွှင့်ဇာတ်လမ်းတို့မှ ပေးသည့်အသိပညာ၊ အတွေ့အကြုံများမှာ တန်ဖိုးမဖြတ်နိုင်စရာဖြစ်ပါကြောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ပြန်ကြားပေးရန်၊ ပညာပေးရန်နှင့် ဖျော်ဖြေပေးရန်ကိုသာမက လူတို့၏ စိတ်နှလုံးကို တတ်ကြွအောင်(Motivation)လုပ်ပေးနိုင်ခဲ့ကြောင်း၊ မီဒီယာသည် စတုတ္ထမဏ္ဍိုင်ဖြစ်သဖြင့် အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီး မှန်မှန်ကန်ကန်ဖြစ်ရန်လိုကြောင်း၊ မြန်မာ့ယဉ်ကျေးမှုကို မထိခိုက်စေရန်လည်း ဂရုပြုရမည်ဖြစ်ကြောင်း၊ သတင်းနှင့်ပတ်သက်လာပါက မြန်ရမည်၊ မှန်ရမည်ဖြစ်ပြီး အကျိုးရှိမည့်သတင်းများကို တင်ဆက်နိုင်ရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုသိရှိရန် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ တင်ဆက်နိုင်ရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် စာအုပ်စာပေဖတ်ရှုမှုနှုန်းအားနည်းလာပြီး အွန်လိုင်းမီဒီယာများတွင်သာ အချိန်ကုန်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ အွန်လိုင်းမီဒီယာများကို လွဲမှားစွာအသုံးချပါက အန္တရာယ်ကြီးမားစွာဖြစ်စေနိုင်သဖြင့် မိမိတို့အတွက် အကျိုးရှိနိုင်သည့် အသုံးပြုမှုများကိုသာ ဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံသူ နိုင်ငံသားအားလုံး၏ ရည်မှန်းချက်ဖြစ်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်တို့ကို အောင်မြင်စွာ တည်ဆောက်နိုင်ရန် နိုင်ငံသူ နိုင်ငံသားအားလုံး သိသင့်သိထိုက်သော ဗဟုသုတပညာများရှိရန် လိုအပ်ကြောင်း၊ ယင်းပညာဗဟုသုတတို့ကို ပြည်သူတို့ လက်ဝယ်အရောက်ပို့နိုင်သည်မှာ ပြန်ကြားရေးနှင့် မီဒီယာလုပ်ငန်းသာဖြစ်ကြောင်း။

ရှင်မဟာရဋ္ဌသာရဆုံးမခဲ့သည့် "မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်၊ ဖတ်ပြန်သော်ကြား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ ရှိသည်သာတည်း" ဆိုသည့် စကားအတိုင်း နိုင်ငံသူ နိုင်ငံသားတိုင်း အသိပညာဗဟုသုတများ နေ့စဉ်ရရှိနေစေရေး၊ နေ့စဉ်တွေ့မြင်နေစေရေး၊ နေ့စဉ်ထိတွေ့နေစေရေး ဆောင်ရွက်ရင်းဖြင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများ၌ ပါဝင်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး တိုင်းပြည်၏ ပကတိအခြေအနေမှန်များကို နိုင်ငံတကာကသိရှိအောင် ထိထိရောက်ရောက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ (၇၅) နှစ်မြောက် စိန်ရတုနေ့မှသည် နိုင်ငံတော်အတွက် ထာဝရရှိနေမည့် နိုင်ငံတော်က အားထားရသော၊ ပြည်သူက အားကိုးရသော မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဖြစ်ပါစေကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တပ်မတော်စက်ရုံထုတ် စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အမှတ်တရပစ္စည်းအရောင်းဆိုင်နှင့် တိုင်းရင်းသားဘာသာအစီအစဉ်တွင် တာဝန်ထမ်းဆောင်နေကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ ရိုးရာအစားအစာများ ခင်းကျင်းပြသထားမှုကို လိုက်လံကြည့်ရှုပြီး တက်ရောက်လာကြသူများနှင့် ဝန်ထမ်းများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်က အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဇော်မင်းထွန်းတို့နှင့်အတူ Myanmar Radio (အင်္ဂလိပ်ပိုင်းအစီအစဉ်)နှင့် မြန်မာ့ရုပ်မြင်သံကြား(MRTV)၏ အင်္ဂလိပ်ပိုင်းသတင်းအစီအစဉ်တို့ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ထုတ်လုပ်/ထုတ်လွှင့်မှု ထူးချွန်ဆုရရှိကြသူများ၊ တင်ဆက်မှုထူးချွန်ဆုရရှိကြသူများ၊ စက်ပိုင်းဆိုင်ရာ ထူးချွန်ဆုနှင့် ရိုက်ကူးရေးပိုင်းဆိုင်ရာ ထူးချွန်ဆုရရှိကြသူများ၊ ဌာနခွဲအလိုက် **စာမျက်နှာ ၆ ကော်လံ ၁ သို့ ❑**

❏ စာမျက်နှာ ၅ မှ
စံပြဆုရရှိကြသူများ၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိကြသူများနှင့် ထပ်ဆင့်လွှင့်စက်ရုံများ စွမ်းဆောင်ရည်ဆုရရှိကြသည့် စက်ရုံများမှတာဝန်ရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "အသစ်တစ်ဖန် ခေတ်သဏ္ဍာန် MRTV" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် "ဗမာ့အသံ" (Burma Broadcasting Service-BBS) အမည်ဖြင့် စတင်တည်ထောင်ခဲ့ကြောင်း၊ ထို့နောက် အင်္ဂလိပ်ခေတ်၊ ဒုတိယကမ္ဘာစစ်ကာလ၊ ဂျပန်ခေတ်၊ ပါလီမန်ဒီမိုကရေစီခေတ်များတွင် နေရာပြောင်းရွှေ့ပြီး အမည်နာမမျိုးစုံဖြင့် ဖြတ်သန်းခဲ့ကြောင်း၊ ၁၉၇၂ ခုနှစ် မတ်လ ၁၆ ရက်တွင် ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာနအဖြစ် အမည်ပြောင်းလဲခဲ့ကြောင်း၊ ၁၉၈၀ ပြည့်နှစ် ဇွန်လ ၃ ရက်တွင် ရောင်စုံရုပ်မြင်သံကြားကို စမ်းသပ်ထုတ်လွှင့်ခဲ့ရာမှ နိုဝင်ဘာလ ၁ ရက်မှစ၍ ရုပ်မြင်သံကြားအစီအစဉ်များကို ရောင်စုံဖြင့် ထုတ်လွှင့်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းနောက် မူလ ရေဒီယိုအသံလွှင့်လုပ်ငန်းနှင့် ပူးပေါင်းပြီး ၁၉၈၁ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန (Myanmar Television and Radio Department-MTRD) အမည်ဖြင့် ပြင်ဆင်ခဲ့ပြီး ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) အမည်ကို ပြောင်းလဲကာ ယနေ့တိုင်ခေါ်ဝေါ်သတ်မှတ်ခဲ့ကြောင်း။


MRTV Channel အပြင် တိုင်းရင်းသားဘာသာ ၁၁ မျိုးဖြင့် ထုတ်လွှင့်နေသည့် တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC)၊ လွှတ်တော်ရုပ်သံလိုင်း(Hluttaw Channel)၊ တောင်သူလယ်သမားရုပ်သံလိုင်း(Farmer's Channel) နှင့် ပြည်တွင်း ပြည်ပအားကစားရုပ်သံလိုင်း (MRTV Sport Channel)တို့ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုးချဲ့ထုတ်လွှင့်ပေးခဲ့ကြောင်း၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းကို ကချင်၊ ကယား၊ စကောကရင်၊ အရှေ့ပိုးကရင်၊ အနောက်ပိုးကရင်၊ ချင်း(ချိုး)၊ ချင်း(လိုင်ဇိုး)၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် "ဝ" ဘာသာ စသည့် တိုင်းရင်းသား ၁၁ ဘာသာနှင့် လေးလတစ်ကြိမ်နာရီစဉ် အလှည့်ကျနှင့် ဘာသာစကားအလိုက် ထုတ်လွှင့်မှုကို ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း။

ယနေ့အချိန်တွင် MRTV ၏ (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ်အဖြစ် အောင်မြင်မှုများကို မှတ်တမ်းတင် ဂုဏ်ပြုတင်ဆက်ပေးလျက်ရှိကြောင်း၊ ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ၁၉၄၆ ခုနှစ်မှ စတင်ရှင်သန်ပေါက်ဖွားလာခဲ့သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် စိန်ရတုသက်တမ်းတိုင်အောင် ခေတ်အဆက်ဆက်တွင် တိုးတက်ပြောင်းလဲမှုများနှင့် နိုင်ငံပိုင်မီဒီယာကြီးတစ်ခုအဖြစ် မားမားမတ်မတ် ရပ်တည်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား ဗီဒီယိုကွန်ဖရင့်ဖြင့် တွေ့ဆုံဆွေးနွေး





နေပြည်တော် ဖေဖော်ဝါရီ ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms.Christine Schraner Burgener အား ဗီဒီယိုကွန်ဖရင့်ဖြင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ယခုလ ၅ ရက်နေ့ တွေ့ဆုံဆွေးနွေးပြီးနောက်ပိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံသူနိုင်ငံသားများ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ နိုင်ငံတွင်ဖြစ်ပေါ်နေသော ဖြစ်စဉ်မှန် အခြေအနေမှန်များကို နိုင်ငံတကာမှ သိရှိနိုင်ရေး ဆောင်ရွက်ထားသည့် အခြေအနေများ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမှုအခြေအနေများနှင့် နိုင်ငံစီးပွားရေးတည်ငြိမ်စွာ ပုံမှန်လည်ပတ်နိုင်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်


❒ ကျောဖုံးမှ
အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကော်မတီ ငါးရပ် ဖွဲ့စည်းပေးထားပါကြောင်း၊ ယင်းတို့အနက် မိမိတို့ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းတာဝန်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကော်မတီ၏မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် ရည်ရွယ်ချက်များကို ပြောင်းလဲမည်မဟုတ်ပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် လုပ်ငန်းတာဝန်များကို စုပေါင်းဦးဆောင်မှုဖြင့်သာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီတွဲဖက်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကော်မတီက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များဖြစ်သည့် ပြည်ပသို့ ပညာတော်သင်စေလွှတ်ခြင်းကိစ္စ၊ ပြည်တွင်း/ပြည်ပတွင် ကျင်းပသည့် အစည်းအဝေးများနှင့် ဆွေးနွေးပွဲသို့ တက်ရောက်ရန်စေလွှတ်ခြင်းကိစ္စ၊ ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်ခြင်းကိစ္စ အပါအဝင် နိုင်ငံခြားငွေသုံးစွဲရသည့် အစည်းအဝေးများ ကျင်းပခြင်းကိစ္စတို့နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ဆောင်ရွက်ပေးရသည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက ကော်မတီ၏လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဝန်ထမ်းများ အပန်းဖြေရိပ်သာ ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဝန်ထမ်းများအပန်းဖြေရိပ်သာ (Recreation Centre) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးရဲတင့်နှင့် ဗိုလ်မှူးချုပ်ဇော်မင်းထွန်းတို့က မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဝန်ထမ်းများအပန်းဖြေရိပ်သာ (Recreation Centre)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများသည် အပန်းဖြေရိပ်သာရှိ Indoor Game ခန်းမ၊ Mind Game ခန်းမ၊ Songster အခန်း၊ Fitness အခန်းနှင့် Lobby အခန်းတို့ကို လှည့်လည်ကြည့်ရှုရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

သတင်းစဉ်

❒

# ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက်နှင့် အငူမော်၊ ခမောင်းဆိပ်ကျေးရွာသွားလမ်းများအား တပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အစားထိုးခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ( ၆၅ / ၂၀၂၁ )
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်

**မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာ စန်းလှိုင် အစား ဦးအောင်ချိန်အား အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော နိုင်ငံ့ဝန်ထမ်းများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများ ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင်ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ဝန်ထမ်းကျင့်ဝတ်တို့အရ ဝန်ထမ်းများသည် အလုပ်ချိန်နှင့်သက်ဆိုင်သည့် စည်းကမ်းများ၊ တာဝန်ထမ်းဆောင်မှု၊ လုပ်ရည်ကိုင်ရည်နှင့် သက်ဆိုင်သည့် စည်းကမ်းများနှင့် လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းများကိုလည်း လိုက်နာရပါသည်။ ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူနိုင်ပါသည်။ ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့်ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရပါသည်။

၂။ သို့ပါ၍ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် နှိုးဆော်နေသည့်ကာလအတွင်း မိမိတို့၏လုပ်ငန်းခွင်များသို့ အမြန်ဆုံးပြန်လည်ဝင်ရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

## ဖေဖော်ဝါရီ ၁၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၆ ဦး တွေ့ရှိ

### COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၁၅-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၄-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၅-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈၈၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၃၆) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၇၆,၇၉၇) အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၆၃၇) ဦးရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၃၄)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၀,၄၆၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၁၉၀) ဦး ရှိပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် “ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)” ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန



## ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးဝေလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

**ပေးအပ်**

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ထူးချောင်းကျေးရွာ၊ လှိုင်သာယာမြို့နယ် ရှမ်းချောင်းကျေးရွာ၊ ရွှေပြည်သာမြို့နယ် ဇီးကုန်းကျေးရွာ၊ ဘုံရှည်ကျေးရွာ၊ အမှတ်(၂၆/၂၇) ရပ်ကွက်၊ မှော်ဘီမြို့နယ် လိပ္ပတ်ကျေးရွာနှင့် အောက်သဲကုန်းကျေးရွာတို့ရှိ အိမ်ထောင်စု ၆၀၀၀ တို့အတွက် ဆန်နှင့်ဆီများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများလက်ဝယ်အရောက် သွားရောက်ပေးအပ်သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ထန်းတောကျေးရွာရှိ အိမ်ထောင်စု ၅၀၀၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ ချမ်းမြေ့သာယာရပ်ကွက်မှ အိမ်ထောင်စု ၅၀၀ တို့အတွက် ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို ပြည်သူများလက်ဝယ်အရောက် သွားရောက်ပေးအပ်သည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကင်းဆိပ်ကျေးရွာအုပ်စု စိန်ပန်းမြိုင်ကျေးရွာနှင့် ရွှေညြကျေးရွာတို့ရှိ အိမ်ထောင်စု ၁၀၀ အတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၂၆၂၆၅၆ | ၁၈၂၂၅၁၃၅ | ၄၉၇၁၇၇ |
| ၂။ | အိန္ဒိယ | ၁၀၉၁၉၆၁၆ | ၁၀၆၂၄၈၃၈ | ၁၅၅၇၈၉ |
| ၃။ | ဘရာဇီး | ၉၈၃၄၅၁၃ | ၈၇၄၅၄၂၄ | ၂၃၉၂၉၄ |
| ၄။ | ရုရှား | ၄၀၈၆၀၉၀ | ၃၆၀၇၀၃၆ | ၈၀၅၂၀ |
| ၅။ | ဗြိတိန် | ၄၀၃၈၀၇၈ | ၂၁၆၀၅၁၅ | ၁၁၇၁၆၆ |
| ၆။ | ပြင်သစ် | ၃၄၆၅၁၆၃ | ၂၃၈၇၅၃ | ၈၁၈၁၄ |
| ၇။ | စပိန် | ၃၀၅၆၀၃၅ | စိစစ်ဆဲ | ၆၄၇၄၇ |
| ၈။ | အီတလီ | ၂၇၂၁၈၇၉ | ၂၂၂၅၁၁၉ | ၉၃၅၇၇ |
| ၉။ | တူရကီ | ၂၅၈၆၁၈၃ | ၂၄၇၅၃၂၉ | ၂၇၄၇၁ |
| ၁၀။ | ဂျာမနီ | ၂၃၄၂၁၉၈ | ၂၁၂၈၀၀၀ | ၆၅၅၈၀ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၂၂၃၉၃၀ | ၁၀၃၂၀၆၅ | ၃၃၃၆၇ |
| ၂။ | ဖိလစ်ပိုင် | ၅၅၀၈၆၀ | ၅၁၁၇၅၅ | ၁၁၅၁၇ |
| ၃။ | မလေးရှား | ၂၆၆၄၄၅ | ၂၁၈၃၃၅ | ၉၇၅ |
| ၄။ | မြန်မာ | ၁၄၁၆၃၇ | ၁၃၀၄၆၅ | ၃၁၉၀ |
| ၅။ | စင်ကာပူ | ၅၉၈၀၉ | ၅၉၆၂၁ | ၂၉ |
| ၆။ | ထိုင်း | ၂၄၇၁၄ | ၂၂၈၈၃ | ၈၂ |
| ၇။ | ဗီယက်နမ် | ၂၂၆၉ | ၁၅၄၁ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၄၇၉ | ၄၆၉ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၄ | ၁၇၅ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၁ | ၀ |

# အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၇ / ၂၀၂၁)**
**အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်**
**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်–

“(က) **သတင်းအချက်အလက်** ဆိုသည်မှာ အချက်အလက် (Data)၊ မူရင်းစာ (Text)၊ ပုံရိပ်သဏ္ဌာန်(Image)၊ အသံ (Voice)၊ ဗီဒီယို (video)၊ သင်္ကေတ (Code)၊ ဆော့ဖ်ဝဲ (Software)၊ အပလီကေးရှင်း (Application) နှင့် အချက်အလက် အစုအဝေး (Database)တို့ကို ဆိုသည်။”

၄။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဋ)၏နောက်တွင် ပုဒ်မခွဲ(ဌ)၊ ပုဒ်မခွဲ(ဍ)၊ ပုဒ်မခွဲ(ဎ)၊ ပုဒ်မခွဲ(ဏ)၊ ပုဒ်မခွဲ(တ)၊ ပုဒ်မခွဲ(ထ)နှင့် ပုဒ်မခွဲ(ဒ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

“(ဌ) **ကိုယ်ရေးဆိုင်ရာအချက်အလက်** ဆိုသည်မှာ လူတစ်ဦးတစ်ယောက်နှင့် ဆက်နွှယ်သည့် မည်သူမည်ဝါအဖြစ် အတည်ပြုပြီးသော သို့မဟုတ် အတည်ပြုနိုင်သော မည်သည့်အချက်အလက်ကိုမဆို ဆိုသည်။

(ဍ) **ကိုယ်ရေးဆိုင်ရာအချက်အလက်ကို စီမံထိန်းသိမ်းရန်တာဝန်ရှိသူ** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်အရဖြစ်စေ၊ ကိုယ်ရေးဆိုင်ရာအချက်အလက်ကို ကောက်ခံခြင်း၊ စုဆောင်းသိမ်းဆည်းခြင်းနှင့် အသုံးပြုခြင်းတို့အား ဆောင်ရွက်နိုင်သည့် အခွင့်အာဏာရှိသော အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ တာဝန်ပေးအပ်ခြင်းခံရသောပုဂ္ဂိုလ်နှင့် ယင်း၏ ဝန်ထမ်းများကို ဆိုသည်။

(ဎ) **စီမံခန့်ခွဲခြင်း** ဆိုသည်မှာ ကိုယ်ရေးဆိုင်ရာအချက်အလက်ကို ကောက်ယူခြင်း၊ ရယူခြင်း၊ လွှဲပြောင်းခြင်း၊ ဖြန့်ဝေခြင်း၊ တွဲဖက်ဆောင်ရွက်ခြင်း၊ တားမြစ်ခြင်း၊ ဖျက်ဆီးခြင်း၊ မှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သိမ်းဆည်းခြင်း၊ ပြောင်းလဲခြင်း၊ သိမ်းဆည်းထားသည်များကို ပြန်လည်ကောက်ယူခြင်း၊ အကြံပြုခြင်း၊ အသုံးပြုခြင်း သို့မဟုတ် ထုတ်ဖော်ခြင်းကိုဆိုသည်။

(ဏ) **ဆိုက်ဘာအရင်းအမြစ်** ဆိုသည်မှာ ကွန်ပျူတာ၊ ကွန်ပျူတာစနစ်၊ ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ်၊ ကွန်ရက်၊ ဆက်သွယ်ရေးပစ္စည်းနှင့် အချက်အလက်တို့ကို ဆိုသည်။

(တ) **မောလ်ဝဲရ် (Malware)** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ်အား အနှောင့်အယှက်ဖြစ်စေသော သို့မဟုတ် အန္တရာယ်ဖြစ်စေသော အဖျက်အမှောင့်ကုဒ်(Malicious Code)ကို ဆိုသည်။

(ထ) **ဆိုက်ဘာနယ်ပယ် (Cyber Space)** ဆိုသည်မှာ သတင်းအချက်အလက် နည်းပညာ အခြေခံကွန်ရက်စနစ်တွင် ဆိုက်ဘာအရင်းအမြစ်များကိုအသုံးပြု၍ သတင်းအချက်အလက်၊ အချက်အလက်အစုအဝေး၊ အီလက်ထရောနစ် သတင်းအချက်အလက်၊ ကွန်ပျူတာပရိုဂရမ်၊ ဆော့ဖ်ဝဲ (Software)၊ အပလီကေးရှင်း (Application) တစ်ခုခုကိုအသုံးပြုပြီး အီလက်ထရောနစ်သတင်းအချက်အလက်များအား ကွန်ရက်တစ်ခုအတွင်းဖြစ်စေ၊ ကွန်ရက်အချင်းချင်းချိတ်ဆက်၍ဖြစ်စေ အပြန်အလှန်အားဖြင့် ပေးပို့ခြင်း၊ ဆက်သွယ်ခြင်း၊ ဖြန့်ဝေခြင်း သို့မဟုတ် လက်ခံရယူခြင်း ဆောင်ရွက်နိုင်သည့် ဝန်းကျင်နယ်ပယ်ကို ဆိုသည်။

(ဒ) **ဆိုက်ဘာတိုက်ခိုက်မှု** ဆိုသည်မှာ ဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာအရင်းအမြစ် တစ်ရပ်ရပ်ကို အသုံးပြု၍ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားလုံခြုံရေး သို့မဟုတ် အများပြည်သူ၏ လုံခြုံရေးနှင့် အသက်အိုးအိမ်စည်းစိမ် ထိခိုက်ပျက်စီးစေရေးတို့ကို ရည်ရွယ်သည့် တိုက်ခိုက်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ လှုံ့ဆော်ခြင်း သို့မဟုတ် ကြံရာပါအဖြစ်ဆောင်ရွက်ခြင်းကို ဆိုသည်။”

၅။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဌ)၊ ပုဒ်မခွဲ(ဍ) နှင့် ပုဒ်မခွဲ (ဎ)တို့ကို ပုဒ်မခွဲ(ဓ)၊ ပုဒ်မခွဲ(န)နှင့် ပုဒ်မခွဲ(ပ)တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၆။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(င)၏နောက်တွင် ပုဒ်မခွဲ(စ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

“(စ) အများပြည်သူတို့၏ ကိုယ်ရေးဆိုင်ရာ အချက်အလက်များကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်။”

၇။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ အခန်း(၁၀)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

**“အခန်း (၁၀)**

**ကိုယ်ရေးဆိုင်ရာအချက်အလက်ကာကွယ်ခြင်း**

၂၇–က။ ကိုယ်ရေးဆိုင်ရာ အချက်အလက်ကို စီမံထိန်းသိမ်းရန် တာဝန်ရှိသူသည်–

(၁) မိမိတာဝန်ခံဆောင်ရွက်ရသည့် ကိုယ်ရေးဆိုင်ရာအချက်အလက်ကို အမျိုးအစား၊ လုံခြုံမှုအဆင့်အတန်းအလိုက် ဥပဒေနှင့်အညီ စနစ်တကျ ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်ရမည်။

(၂) တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်အရ ခွင့်ပြုချက် သို့မဟုတ် ကိုယ်ရေးဆိုင်ရာ အချက်အလက်ပိုင်ရှင်၏ ခွင့်ပြုချက်အရမှအပ မိမိ၏ စီမံခန့်ခွဲမှုအောက်ရှိ ကိုယ်ရေးဆိုင်ရာ အချက်အလက်ကို အခြားသူတစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုသို့ ကိုယ်ရေးဆိုင်ရာ အချက်အလက် တစ်စုံတစ်ရာအား စိစစ်ရန်ခွင့်ပြုခြင်း၊ ဖွင့်ချခြင်း၊ အသိပေးခြင်း၊ ဖြန့်ဝေခြင်း၊ ပေးပို့ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း၊ မိတ္တူကူးပွားခြင်း သို့မဟုတ် သက်သေခံအဖြစ် တင်သွင်းခြင်းမပြုရ။

(၃) ဦးတည်ချက်နှင့် ကိုက်ညီမှန်ကန်မှုမရှိသည့် စီမံခန့်ခွဲခြင်းကိစ္စရပ်များအတွက် ကိုယ်ရေးဆိုင်ရာ အချက်အလက်တို့ကို သုံးစွဲခြင်းမပြုရ။

(၄) အချိန်ကာလ အကန့်အသတ်ဖြင့်အသုံးပြုရန် ရည်ရွယ်ကောက်ယူထားသော ကိုယ်ရေးဆိုင်ရာ အချက်အလက်ကို သတ်မှတ်အချိန်ကာလကျော်လွန်ပါက စနစ်တကျ ဖျက်ဆီးရမည်။

၂၇–ခ။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ကိုယ်ရေးဆိုင်ရာအချက်အလက်အပါအဝင် သတင်းအချက်အလက်ကို လက်ခံရရှိသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသည်လည်းကောင်း၊ ယင်း၏ ကိုယ်စား တာဝန်လွှဲအပ်ခြင်းခံရသော သို့မဟုတ် ညွှန်ကြားမှုအောက်တွင်ရှိသော ပုဂ္ဂိုလ်သည်လည်းကောင်း မိမိရရှိထားသည့် သတင်းအချက်အလက်များကို ဥပဒေအရထုတ်ဖော်ပြောဆိုရန် တာဝန်ရှိမှု မှတစ်ပါး လျှို့ဝှက်ထားရမည်။

၂၇–ဂ။ ကိုယ်ရေးဆိုင်ရာအချက်အလက် စီမံခန့်ခွဲခြင်းကိစ္စရပ်များတွင် အောက်ပါကိစ္စရပ်များ သက်ဆိုင်ခြင်း မရှိစေရ –

(၁) ဗဟိုအဖွဲ့ကတာဝန်ပေးအပ်သောအစိုးရဌာန၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့က ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်း၊ ဆိုက်ဘာမတော်တဆမှုများဖြစ်ပွားခြင်း သို့မဟုတ် ဆိုက်ဘာမှုခင်းနှင့်သက်ဆိုင်၍ ဟန့်တားကာကွယ်ခြင်း၊ ရှာဖွေထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ တရားရုံးတစ်ခုခုတွင် သက်သေခံအဖြစ် တင်သွင်းခြင်း၊

(၂) ဗဟိုအဖွဲ့က တာဝန်ပေးအပ်ထားသော အစိုးရဌာန၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့က ပြစ်မှုဆိုင်ရာကိစ္စရပ်များအလိုက် စီမံဆောင်ရွက်ခွင့်အာဏာအရ ဆောင်ရွက်သည့် ရှာဖွေထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ သတင်းရယူစုစည်းခြင်း၊ တရားစွဲဆိုတင်ပို့ခြင်းနှင့် တရားရုံးတစ်ခုခုတွင် သက်သေခံအဖြစ် တင်သွင်းခြင်း၊

(၃) ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာမှုခင်းဆိုင်ရာကိစ္စရပ်များသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားလုံခြုံရေးကိစ္စရပ်များနှင့် သက်ဆိုင်သော စီမံဆောင်ရွက်ပိုင်ခွင့်အာဏာအရ ဆောင်ရွက်သည့် ရှာဖွေထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ သတင်းရယူစုစည်းခြင်း၊ သတင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၄) ပုဒ်မခွဲ(၃)ပါ ကိစ္စရပ်များအား စီမံဆောင်ရွက်ရာတွင် ဗဟိုအဖွဲ့က ဖြစ်စေ၊ ဗဟိုအဖွဲ့က တာဝန်ပေးအပ်သောဌာန သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ စီမံပိုင်ခွင့်အာဏာခွဲခြားသတ်မှတ်ခြင်းနှင့် ယင်းသတ်မှတ်ချက်များနှင့်အညီ စီမံဆောင်ရွက်ခြင်း။”

၈။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ အခန်း(၁၀)၊ (၁၁)၊ (၁၂)နှင့် (၁၃)တို့ကို အခန်း(၁၁)၊ (၁၂)၊ (၁၃)နှင့်(၁၄)တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၉။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၈ ၏နောက်တွင် ပုဒ်မ ၃၈–က၊ ၃၈–ခ၊ ၃၈–ဂ၊ ၃၈–ဃ နှင့် ၃၈–င တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

“၃၈–က။ ကိုယ်ရေးဆိုင်ရာအချက်အလက်များအား စီမံထိန်းသိမ်းရန်တာဝန်ရှိသူသည် ကိုယ်ရေးဆိုင်ရာအချက်အလက်ကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံခန့်ခွဲခြင်းမပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၃၈–ခ။ မည်သူမဆိုသက်ဆိုင်ရာပုဂ္ဂိုလ်၏ခွင့်ပြုချက်မရှိဘဲ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကိုယ်ရေးဆိုင်ရာ အချက်အလက်ကို ရယူခြင်း၊ ဖွင့်ချခြင်း၊ အသုံးပြုခြင်း၊ ဖျက်ဆီးခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ ဖြန့်ဝေခြင်း၊ တစ်ဦးတစ်ယောက်ထံသို့ပေးပို့ခြင်း သို့မဟုတ် အလွဲအသုံးပြုခြင်းဖြစ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ် ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈–ဂ။ မည်သူမဆို ဆိုက်ဘာနယ်ပယ်တွင် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်၊ အယုံအကြည်ပျက်စေရန်၊ အကြည်ညိုပျက်စေရန် သို့မဟုတ် အသင်းအဖွဲ့ကွဲစေရန်ရည်ရွယ်၍ သတင်းတု သို့မဟုတ် သတင်းမှား ပြုလုပ်ဖန်တီးခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈–ဃ။ မည်သူမဆို နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး သို့မဟုတ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခြိမ်းခြောက်နှောင့်ယှက်ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ဆိုက်ဘာအရင်းအမြစ်ကို ရယူပိုင်ခွင့်မရှိအောင်တားဆီးခြင်း၊ ခက်ခဲအောင်ပြုလုပ်ခြင်း သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ ဆိုက်ဘာအရင်းအမြစ်ကို ထိုးဖောက်ဝင်ရောက်ရန် ကြိုးစားခြင်း၊ ခွင့်ပြုထားသည်ထက်ပို၍ အသုံးပြုခြင်း၊ တစ်စုံတစ်ယောက်ကို ထိခိုက်စေရန် ရည်ရွယ်ချက်ဖြင့် ကွန်ပျူတာတွင် မောလ်ဝဲရ်ထည့်သွင်းခြင်းဖြင့် ဆိုက်ဘာတိုက်ခိုက်မှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး နှစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးရာထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၃၈–င။ မည်သူမဆို နိုင်ငံတော်နှင့်အခြားနိုင်ငံတို့၏ ရင်းနှီးသောဆက်ဆံရေးကို ထိခိုက်ပျက်ပြားစေနိုင်သည့် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ အခြားနိုင်ငံတစ်ခုခု၏ အကျိုးစီးပွားအလို့ငှာလည်းကောင်း၊ နိုင်ငံတော်နှင့် အခြားနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နေသောလုံခြုံရေးအရ လျှို့ဝှက်ထားသည့် ဆိုက်ဘာအရင်းအမြစ်ကို ခွင့်ပြုချက်မရှိဘဲ ထိုးဖောက်ဝင်ရောက်ရန် ကြိုးစားခြင်း သို့မဟုတ် ခွင့်ပြုထားသည်ထက်ပို၍အသုံးပြုခြင်းဖြင့် ဆိုက်ဘာတိုက်ခိုက်မှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။”

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်–

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းဦး ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းဆိုင်ရာများမှာကြား



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းဦးသည် ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်အထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ဌာနများတည်ရှိရာ အစည်းအဝေးခန်းမများ၌ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ တွေ့ဆုံ၍ ဝန်ကြီးဌာန၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲများတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့တာဝန်ယူထားကြသည့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် မူလရည်မှန်းချက် ပြည့်မီရေးအတွက် ဆောင်ရွက်မှုအားလုံးကို သက်ဆိုင်သူများအချင်းချင်း ဌာနများအချင်းချင်း ညှိနှိုင်းတိုင်ပင်၍ မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့၏ ရှိရင်းစွဲအရည်အချင်းကို လုပ်ငန်းခွင်၌ အကျိုးရှိထိရောက်စွာ အားထုတ်ဆောင်ရွက်ကြသည့်နည်းတူ လုပ်ဖော်ကိုင်ဖက် လက်အောက်ဝန်ထမ်းများအား လူမှန်နေရာမှန် အသုံးချနိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုအားကောင်းလာစေရေးအတွက် မိမိဌာန၏ ရည်မှန်းချက် အောင်မြင်စွာဖော်ဆောင်နိုင်မည့် ဝန်ထမ်းများအား ပြုစုပျိုးထောင်ခြင်း၊ ရာထူးတိုးမြှင့်ရေး အပါအဝင် ဝန်ထမ်းရေးရာကိစ္စများကို ပွင့်လင်းမြင်သာစေပြီး အဂတိကင်းရှင်းစွာ ဆောင်ရွက်ရန်နှင့် စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဝန်ထမ်းအဆင့်ဆင့်အနေဖြင့်လည်း မိမိတို့၏တာဝန်နှင့် ဝတ္တရားများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် အဆင့်ဆင့် အားပေးစည်းရုံးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဘဏ္ဍာငွေအင်အားနှင့် လုပ်ငန်းစီမံချက်၊ စီမံကိန်းများကို ခွဲခြမ်းစိတ်ဖြာပြီး ရှိပြီးအရင်းအမြစ်နှင့် လက်ရှိပြောင်းလဲနေသည့် ဖြစ်စဉ်များအရ လက်တွေ့လုပ်ကိုင်နေသော ကျွမ်းကျင်ပညာရှင်များ များစွာ ပေါ်ထွက်လာရန် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကြုံတွေ့ခဲ့ရသည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ အမြန်ဆုံးပြန်လည်ဦးမော့လာပြီး တိုးတက်မှုများကို ထင်သာမြင်သာရှိစေရန်၊ တောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူများ အကျိုးရရှိခံစားနိုင်စေမည့် ထိရောက်သည့် လုပ်ငန်းအစီအမံများ စနစ်တကျ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ဈေးကွက်တွင် စားသုံးသူများ ဝယ်ယူစားသုံးလိုသည့် အဓိကသီးနှံများနှင့် အနာဂတ်တွင် အရေးကြီးလာမည့် ဟင်းသီးဟင်းရွက် သစ်သီးဝလံများဆိုင်ရာ သုတေသနဖွံ့ဖြိုးရေးကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများအတွက် လိုအပ်သည့် အရင်းအမြစ်များဖြစ်သော ခြံလုပ်ငန်းများအခြေအနေ၊ ဘဏ္ဍာငွေသုံးစွဲနိုင်မှု၊ သီးနှံအလိုက် ကျွမ်းကျင်မှုတို့ကို စိစစ်ကြပ်မတ်ပြီး ဖြစ်နိုင်မှုအများဆုံး အခြေအနေများကို ကာလအနေအထားနှင့် တိုက်ဆိုင်၍ သုံးသပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြုပြင်ရန် လိုအပ်ချက်များအပေါ် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

သမားရိုးကျ လုပ်ဆောင်မှုများအပြင် စိန်ခေါ်မှုများ အခက်အခဲများအပေါ် ထိုးဖောက်ဖြစ်မြောက်နိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ၊ ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍ၊ သမဝါယမကဏ္ဍများတွင် ICT နည်းပညာ အသုံးပြုနိုင်မှု တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အနယ်နယ်အရပ်ရပ်တွင် တိုးချဲ့ပညာပေးရေး ဆောင်ရွက်နေသည့် ဝန်ထမ်းများ၏ တာဝန်ယူဆောင်ရွက်ရသည့် ဧရိယာနှင့် တောင်သူအရေအတွက် မမျှတမှုအပေါ် လုပ်ရိုးလုပ်စဉ်ထက် ရှေ့ပြေး ဆောင်ရွက်ချက် လုပ်ငန်းစဉ်များ သေချာစွာရေးဆွဲ၍ ICT နည်းပညာ အပါအဝင် ပညာပေးစခန်းများဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုးတက်လာသည့် နည်းပညာနှင့်အတူ တောင်သူများထံ မိုဘိုင်းဖုန်းမှတစ်ဆင့် အသိပညာ၊ နည်းပညာမက်ဆေ့ချ်ပေးနိုင်သည့် နည်းလမ်းများစွာရှိသည့်အနက် မိမိတို့ တိုးချဲ့ပညာပေးရေးဝန်ထမ်းများမှ တစ်ဆင့်လည်း ICT နည်းပညာအသုံးပြု၍ တောင်သူများထံ နည်းပညာ ပြန့်ပွားရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နည်းပညာပိုင်းဆိုင်ရာနှင့် ဈေးကွက်ချိတ်ဆက်မှုဆိုင်ရာများကို တောင်သူများ နားလည်သဘောပေါက်ရန်နှင့် လက်တွေ့အသုံးချနိုင်ရန် လိုအပ်ကြောင်း။

စီမံကိန်းလုပ်ငန်းများတွင်လည်း ဘဏ္ဍာငွေကြေးကို အလေအလွင့်မရှိ ပိုင်နိုင်စွာသုံးစွဲရန်နှင့် ထိရောက်စွာ ဆောင်ရွက်နိုင်သူများအား ရွေးချယ်တာဝန်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာငှားရမ်းမှုဖြစ်သော မြေကွက်၊ ခြံများကို အမှန်တကယ် လိုအပ်ချက်နှင့်အတူ သုတေသနလုပ်ငန်းနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးမှုလုပ်ငန်းများအား ထိရောက်စွာ ထောက်ပံ့ပေးနိုင်သည့် ငှားရမ်းမှုလုပ်ငန်းများဖြစ်စေရေးအတွက် တည်ဆဲလုပ်ထုံးလုပ်နည်း ဥပဒေနှင့်အညီ ဆောင်ရွက်မှုဖြစ်ရန် လိုအပ်ကြောင်း၊ အမှန်တကယ် ခေါင်းစဉ်တပ် ငှားရမ်းမှုနှင့် ကိုက်ညီမှုရှိရန် တာဝန်ရှိသူတို့က စိစစ်ကာ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူသည့်ကာလ၌ ရေရှည်ဆောင်ရွက်ရမည့် မူဝါဒနှင့် စီမံကိန်းများကို အခြေခံလျက် လက်ရှိအနေအထားနှင့်ကိုက်ညီသည့် စီမံကိန်းများ၊ မပြီးပြတ်သေးသော စီမံကိန်းလုပ်ငန်းများကိုလည်း ပြီးပြတ်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် ဗိုလ်တထောင်မြို့နယ် ၄၆ လမ်း စည်ပင်(၁၂)ထပ်ရုံးခွဲ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် ဌာနမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖေဖော်ဝါရီ ၁၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁/၂၀၂၁ အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ထုတ်ပြန်ပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်စွဲပါ အမိန့်အမှတ် ၄၇/၂၀၂၁ အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို ဥက္ကဋ္ဌ(မြို့တော်ဝန်)၊ ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်)၊ အဖွဲ့ဝင်လေးဦးနှင့် အတွင်းရေးမှူးတို့အားဖွဲ့စည်းပေးခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်စွဲပါ အမိန့်အမှတ် ၅၅/၂၀၂၁ အရ ဦးဗိုလ်ဌေးအား ဥက္ကဋ္ဌ(မြို့တော်ဝန်)အဖြစ် လည်းကောင်း၊ ဦးညီညီအား ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်)အဖြစ်လည်းကောင်း၊ ဦးညွန့်ဖေအား အတွင်းရေးမှူးအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးခဲ့ပါကြောင်း၊ ယင်းကဲ့သို့တာဝန်ပေးအပ်ချက်အရ ယနေ့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရေး တက်ရောက်လာကြသည့်ဌာနမှူးများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ယခင်ဆောင်ရွက်နေသည့်အတိုင်း အခက်အခဲမရှိ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းများ အခက်အခဲရှိပါက မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားပြီး ဌာနမှူးများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဖယ်ခုံမြို့နယ်၌ မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကျင်းပ

**ဖယ်ခုံ ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းသုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟနေသွေးနှင့် မြို့နယ်စီမံကိန်းဦးစီးဌာနမှူး ဒေါ်လှလှချိုတို့က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာက မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးခြင်း၊ ဆုချီးမြှင့်ခြင်းတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များနှင့် စီမံကိန်းကျေးရွာများမှ ကျေးရွာကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်၍ အပြန်အလှန် ဆွေးနွေးသုံးသပ်ကြသည်။

ထို့နောက် စီမံကိန်းစာရင်းဇယားများနှင့် မြေပြင်လုပ်ငန်းများအား အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့် စီမံကိန်းကျေးရွာများအားဆုချီးမြှင့်ရာ မိုင်းဖြတ်(ထက်)ကျေးရွာက စံပြကျေးရွာဆုကိုလည်းကောင်း၊ ညောင်ပင်သာကျေးရွာက ငွေစာရင်းမှန်ကန်မှုဆုကိုလည်းကောင်း၊ ကသဲကျေးရွာက မြေပြင်လုပ်ငန်းဆောင်ရွက်နိုင်မှုဆုကိုလည်းကောင်း ရရှိခဲ့ကြပြီး တာဝန်ရှိသူများက ဆုဖလားနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**


## ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြုဝန်ထမ်းအသီးသီးတို့သည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှစွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၈)ရက်

# မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**
မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ် (၁၉)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဖြစ်ပေါ်လာပုံနှင့် ဝန်ထမ်းအင်အား၊ ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းမှု၊ ရတနာနယ်မြေ သတ်မှတ်ထားရှိမှု၊ ကျောက်မျက်ရတနာလုပ်ကွက်များ လုပ်ကိုင်ခွင့်ချထားမှု၊ ၂၀၁၉ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ကျောက်မျက်ရတနာ လက်လုပ်လက်စား လုပ်ကွက်များကို လုပ်ကိုင်ခွင့်ပြုခြင်း၊ ကျောက်မျက်ရတနာ အလတ်စား၊ အသေးစားနှင့် လက်လုပ်လက်စား လုပ်ကွက်များဧရိယာ သတ်မှတ်မှု၊ ကျောက်မျက်ရတနာရောင်းချခြင်း၊ ရုပ်တုရုပ်ထွင်း ထုလုပ်ခြင်း၊ လုပ်ငန်းလိုင်စင်များ ချထားပေးမှု၊ ကျောက်မျက်ရတနာကဏ္ဍမှ ရငွေများ၊ မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေများ ထွက်ရှိပါက ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့် ဝန်ကြီးဌာနက စီမံခန့်ခွဲမည့် ကျောက်မျက်ရတနာ အလတ်စား လုပ်ကွက်များ လုပ်ကိုင်ခွင့်ချထားပေးနိုင်ရန် ဆောင်ရွက်ထားမှု၊ ခွင့်ပြုရမည့် လိုင်စင်အမျိုးအစား (၅)မျိုး၊ လုံးခင်း/ဖားကန့်ရတနာနယ်မြေရှိ တရားမဝင်ကျောက်စိမ်းရိုင်းရှာဖွေမှုကိစ္စတို့အား အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းဦးနှင့် ဝန်ကြီးဌာန ဥပဒေဆိုင်ရာအကြံပေးတို့က ဖြည့်စွက်ဆွေးနွေး တင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းပြီး စုပေါင်းဦးဆောင်မှုဖြင့် ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ အရှိန်အဟုန်မပျက်ဆောင်ရွက်ရန် ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း(IEE)၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA)များ စနစ်တကျရေးဆွဲပြီး တိကျစွာ လိုက်နာဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ လုပ်ငန်းဌာနအချင်းချင်း လုပ်ငန်းကြန့်ကြာမှု မရှိစေဘဲ အောင်မြင်စေရေး စေတနာဖြင့် အပြန်အလှန်ကူညီ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန် လုပ်ငန်းဌာနအားလုံး မြန်မြန်ဆန်ဆန် ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးဇော်က အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံနှင့် ခန့်အပ်ထားရှိပြီးသော ဝန်ထမ်းအင်အား အခြေအနေ၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် ပုဂ္ဂလိကကုမ္ပဏီများ (Production Sharing Contract–PSC) (ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် လုပ်ငန်းသဘောတူစာချုပ်) စနစ်ဖြင့် ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ရွှေသတ္တု၊ ခဲမဖြူသတ္တု၊ အဖြိုက်နက်သတ္တု လုပ်ကွက်တို့၏ ထုတ်လုပ်မှု လျာထားချက်၊ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိနိုင်မှု အခြေအနေများနှင့် ဓာတ်သတ္တုခွန်နှင့် ဌာနအချိုးရရှိမှု၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ဝင်ငွေလျာထားချက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ် အပြီးသတ် အစီရင်ခံစာထုတ်ပြန်နိုင်ရေးအတွက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**
မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ လေ့လာဆန်းစစ်ခြင်းလုပ်ငန်းစဉ်၏ အပြီးသတ်အစီရင်ခံစာ ထုတ်ပြန်နိုင်ရေးအတွက် Trade Policy Review Body–TPRB Virtual Meeting အစည်းအဝေးကို GIZ နှင့် ARISE Plus စီမံကိန်းတို့၏ အကူအညီဖြင့် ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၇ ရက်တို့၌ ကျင်းပလျက်ရှိသည်။

အဆိုပါ Virtual Meeting တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမင်းမင်း တက်ရောက်အမှာစကား ပြောကြားပြီး ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ၊ အဖွဲ့ဝင်များ၏ မေးမြန်းချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးမည့် ဘာသာရပ်ဆိုင်ရာအသီးသီးမှ ကိုယ်စားလှယ်များ၊ TPR Technical Team မှ ကိုယ်စားလှယ်များဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြေညီထပ်ရှိ အစည်းအဝေးခန်းမ၌ လည်းကောင်း၊ ရန်ကုန်မြို့မှ ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်များက အွန်လိုင်းမှတစ်ဆင့် တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးကို မြန်မာနိုင်ငံအနေဖြင့် နိုင်ငံစုံကုန်သွယ်မှု သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် ကတိကဝတ်များအား လိုက်ပါဆောင်ရွက်နေမှုအခြေအနေများနှင့် နိုင်ငံ၏ ကုန်သွယ်မှုမူဝါဒများ၊ အလေ့အထများကို အဖွဲ့ဝင်နိုင်ငံများကို ပွင့်လင်းမြင်သာမှုရှိစွာ ဖော်ထုတ်ပြသခြင်းဖြင့် ပိုမိုချောမွေ့သည့် ကုန်သွယ်မှုစနစ်အား ဖော်ဆောင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၉၅ ခုနှစ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ စတင်ဖွဲ့စည်းစဉ်ကတည်းက မူလအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ခဲ့သော်လည်း နိုင်ငံစုံကုန်သွယ်မှုစနစ်၏ အနှစ်သာရနှင့် တာဝန်ဝတ္တရားများကို ထဲထဲဝင်ဝင် လိုက်ပါဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။ သို့သော်လည်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအနေဖြင့် WTO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ လိုက်ပါဆောင်ရွက်ရမည့် စည်းမျဉ်းသတ်မှတ်ချက်များ လိုက်နာဆောင်ရွက်ရန်အတွက် ကင်းလွတ်ခွင့်ရရှိသည့် အနေအထားဖြင့် ဆက်လက်ရပ်တည်နေခဲ့ပြီး နိုင်ငံတကာ အသိုက်အဝန်းတွင် ပြန်လည်ဝင်ဆံ့ပါဝင်လာနိုင်ရန် အစဉ်တစိုက်ကြိုးပမ်းခဲ့ရာ သိသာမြင်သာသော အရွေ့တစ်ခုအဖြစ် ပထမအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း လုပ်ငန်းစဉ်ကို ၂၀၁၂ ခုနှစ် ဇူလိုင်လမှ စတင်ဆောင်ရွက်နိုင်ခဲ့ကာ ၂၀၁၄ ခုနှစ်၌ အပြီးသတ်ဆန်းစစ်ထုတ်ပြန်နိုင်ခဲ့ပြီးဖြစ်သည်။ ဤသို့ဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအကြား မြန်မာနိုင်ငံ၏ပုံရိပ်ကို အသက်ဝင်လာစေပြီး ပထမအကြိမ် ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းမှ ထွက်ပေါ်လာသော ဆန်းစစ်ချက်၊ အကြံပြုချက်များ အပါအဝင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နည်းပညာအကူအညီအထောက်အပံ့များဖြင့် နိုင်ငံတွင်းရှိ ကုန်သွယ်မှုနှင့်ဆက်စပ်နေသော မူဝါဒများကို ပိုမိုကောင်းမွန်သော မူဝါဒအချိတ်အဆက်ဖြစ်ထွန်းလာရေး တွန်းအားပေးလှုံ့ဆော်နိုင်ခဲ့သည်။



မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဖွံ့ဖြိုးမှုအနည်းဆုံးအဖွဲ့ဝင်ဖြစ်သည့်အတွက် ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကို ခုနစ်နှစ်လျှင်တစ်ကြိမ် ကျင်းပရန် တာဝန်ရှိပြီး ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း လုပ်ငန်းစဉ်အရအပိုင်းသုံးပိုင်းဖြင့် လုပ်ဆောင်ရပြီး အပိုင်း(၁)အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့၏ အတွင်းရေးမှူးရုံးမှ ပြုစုတင်ပြရသော အစီရင်ခံစာ (WTO Secretariat Report)၊ အပိုင်း(၂)အနေဖြင့် ကုန်သွယ်မှု မူဝါဒဆန်းစစ်သည့်အဖွဲ့ဝင်နိုင်ငံ၏ အစိုးရမှ ပြုစုတင်ပြရသော အစီရင်ခံစာ (Government Report)၊ အပိုင်း(၃)အနေဖြင့် အဖွဲ့ဝင်နိုင်ငံများက မေးမြန်းသော မေးခွန်းများကို ပြန်လည်ရှင်းလင်းဖြေကြားခြင်းတို့ဖြစ်သည်။ ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်ဟုဆိုရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံအားလုံးက မိမိနိုင်ငံ၏ ကုန်သွယ်ရေးဆိုင်ရာမူဝါဒများကို အဖွဲ့ဝင်နိုင်ငံများအကြား ပွင့်လင်းမြင်သာစွာချပြကာ ယင်းမူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ အခြားစိတ်ပါဝင်စားသည့် အဖွဲ့ဝင်များ၏ မေးမြန်းလာမှုများအပေါ် မိမိတို့ လက်ရှိကျင့်သုံးနေသည့် မြေပြင်အခြေအနေအရပ်ရပ်အား အခြေခံ၍ ပြန်လည်ရှင်းလင်းဖြေကြားရခြင်းမျိုးဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ အတွင်းရေးမှူးရုံးမှ ပြုစုခဲ့သော အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုနှင့် ဆက်စပ်နေသည့် မူဝါဒများ ချမှတ်ကျင့်သုံးနေမှုနှင့် ယင်းမူဝါဒများအပေါ် လိုက်ပါဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ လေ့လာတွေ့ရှိချက်များကို စိစစ်တင်ပြထားသည်။ မြန်မာအစိုးရက WTO–TPR Mechanism အရ ပြုစုတင်ပြခဲ့သော အစီရင်ခံစာတွင် ကုန်သွယ်မှုမူဝါဒဆန်းစစ်သည့် ကာလဖြစ်သည့် (၂၀၁၄ – ၂၀၂၀ ခုနှစ်များ) အတွင်း၌ ကုန်သွယ်မှုနှင့်ဆက်စပ်သည့် မူဝါဒဆိုင်ရာပြုပြင်ပြောင်းလဲမှုများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်များနှင့်အညီ လိုက်ပါဆောင်ရွက်မှုအခြေအနေများ အပါအဝင် ယင်းသို့ ဆောင်ရွက်မှုများကြောင့် ကုန်သွယ်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို တင်ပြခဲ့ခြင်းဖြစ်သည်။ TPR လုပ်ငန်းစဉ်၏ နောက်ဆုံးအပိုင်းအရ အဖွဲ့ဝင်နိုင်ငံများမှ မေးမြန်းသော မေးခွန်းများကို ဖြေကြားတင်ပြခြင်းဖြစ်ပြီး အတွင်းရေးမှူးရုံးအဖွဲ့၏ အစီရင်ခံစာနှင့် အစိုးရ၏ အစီရင်ခံစာပါ အချက်များနှင့်ပတ်သက်၍ မရှင်းလင်းသည့်အချက်များ၊ ပိုမိုသိရှိလိုသည့်အချက်များ၊ ၎င်းတို့၏ ယူဆချက်များနှင့် ထောက်ပြစိစစ်လိုသည့် အချက်များ၊ အခြားသော ဆက်စပ်သဘောထားမှတ်ချက်များနှင့်ပတ်သက်သော မေးခွန်းများအတွက် သတ်မှတ်အချိန်ဇယားအတိုင်း ပြန်လည်ရှင်းလင်းဖြေကြားပေးရခြင်းဖြစ်သည်။

သို့ဖြစ်ပါ၍ အပိုင်း (၃) ဆောင်ရွက်ချက်အနေဖြင့် ပြန်လည်ဖြေကြားဆောင်ရွက်မှုအပြီးတွင် ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ လေ့လာဆန်းစစ်ခြင်းအတွက် အပြီးသတ် အစီရင်ခံသည့် Trade Policy Review Body – TPRB အစည်းအဝေးတစ်ရပ် ကျင်းပရခြင်းဖြစ်ပြီး အဆိုပါ အစည်းအဝေး ကျင်းပပြီးစီးပါက မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ လေ့လာဆန်းစစ်ခြင်းကို ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၇ ရက်တို့တွင် Virtual Meeting ကျင်းပပြုလုပ်ခြင်းဖြစ်ကာ ဆက်လက်၍ WTO က အပြီးသတ် အစီရင်ခံစာထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်လာနိုင်သည့် လာနီညာအခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**
အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်၊ လေထုဖြစ်စဉ်များနှင့် နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြမော်ဒယ်များ ခန့်မှန်းချက်အရ ဖေဖော်ဝါရီလအတွင်း အားအနည်းငယ်ရှိသော လာနီညာအဆင့်တွင် ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါလာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့မြောက်မုတ်သုံလေ အားကောင်းမှုကြောင့် မြန်မာနိုင်ငံတွင် ညအပူချိန်များ လျော့နည်းခြင်း၊ အအေးပိုခြင်း၊ အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ဖြစ်ပေါ်ခြင်း စသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

လာနီညာဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့တင်ပြသွားမည်ဖြစ်သည်။

**မိုး/ ဇလ**

# ဩစတြေးလျနိုင်ငံသို့ Pfizer ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ပထမအသုတ်ရောက်ရှိ

**ဆစ်ဒနီ ဖေဖော်ဝါရီ ၁၅**

တစ်နိုင်ငံလုံးအတိုင်းအတာ ကာကွယ်ဆေးထိုးနှံရေး ပထမအဆင့် ပြင်ဆင်မှုများပြုလုပ်နေစဉ် ဩစတြေးလျနိုင်ငံသို့ Pfizer ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ပထမအသုတ် ရောက်ရှိလာခဲ့ပြီဟု ကျန်းမာရေးဝန်ကြီး ဂရတ်ဟန့်က ပြောကြားသည်။



ဩစတြေးလျပြည်သူများ အနေဖြင့် ဖေဖော်ဝါရီ ၂၂ ရက်မှစ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူရမည် ဖြစ်ပြီး ယနေ့ ဥရောပတိုက်မှ Pfizer ကာကွယ်ဆေးအလုံးရေ ၁၄၂၀၀၀ ကျော် ဆစ်ဒနီမြို့သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ကာကွယ်ဆေးများကို လူဦးရေအပေါ်မူတည်၍ ပြည်နယ်များသို့ ပေးပို့မည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ယခုအပတ်နှောင်းပိုင်းတွင် ထုတ်ပြန်မည်ဟု ဂရတ်ဟန့်က ပြောသည်။

Pfizer-BioNTech ကာကွယ်ဆေး အလုံးရေ ၁၀ သန်း ထပ်မံဝယ်ယူခဲ့ရာ စုစုပေါင်း ကာကွယ်ဆေး အလုံးရေ သန်း ၂၀ အထိ ရရှိမည်ဟု ဩစတြေးလျဝန်ကြီးချုပ် စကော့မောရစ်ဆင်က ပြီးခဲ့သည့်သီတင်းပတ်တွင် ပြောကြားခဲ့သည်။ အဆိုပါပမာဏက ပြည်သူ ၁၀ သန်းကို ထိုးနှံပေးနိုင်ပြီး ကာကွယ်ဆေး နှစ်လုံးကို နှစ်ပတ်ခြား၍ထိုးနှံပေးရန် လိုအပ်သည်။ ယခုလကုန်တွင် ကာကွယ်ဆေး အလုံးရေ ၆၀၀၀၀ ထိုးနှံပေးရန် အစိုးရက မျှော်မှန်းကြောင်း ဂရတ်ဟန့်က ဆိုသည်။

ဩစတြေးလျအစိုးရက AstraZeneca ကာကွယ်ဆေး အလုံးရေ ၅၄ သန်း ဝယ်ယူခဲ့ပြီး ကာကွယ်ဆေးအများစုကို ဆေးဝါးကုမ္ပဏီ CSL က မဲလ်ဘုန်းမြို့တော်၌ ထုတ်လုပ်မည်ဖြစ်သည်။

**ကိုးကား - အေဘီစီနယူးစ်**
**ဘာသာပြန် - ကျော်ထိုက်စိုး**



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ဖေဖော်ဝါရီ ၂၆ ရက်တွင် စတင်မည်

**ဆိုးလ် ဖေဖော်ဝါရီ ၁၅**

တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဖေဖော်ဝါရီ ၂၆ ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဗြိတိန်ဆေးဝါးကုမ္ပဏီ Astra-Zeneca နှင့် အောက်စ်ဖို့ဒ်တက္ကသိုလ်တို့ ပူးပေါင်းထုတ်လုပ်သည့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံပေးသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရက ယနေ့တွင် ကြေညာခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အရ အသက် ၆၅ နှစ်အောက်အရွယ်ရှိသည့် ဘိုးဘွားရိပ်သာတွင် နေထိုင်သူများနှင့် ကျန်းမာရေးဝန်ထမ်းများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ပထမဆုံးထိုးနှံမှုခံရမည်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရက ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏ သက်ကြီးရွယ်အိုများအပေါ် ထိရောက်မှုဆိုင်ရာအချက်အလက်များ အပေါ်မူတည်၍ ကာကွယ်ဆေးကနဦးထိုးနှံမှုတွင် အသက် ၆၅ နှစ်နှင့် အထက်ရှိသူများကို ထည့်သွင်းသွားရန် စီစဉ်လျက်ရှိကြောင်းလည်း တာဝန်ရှိသူများက ရှင်းပြခဲ့သည်။

တောင်ကိုရီးယားနိုင်ငံအစိုးရသည် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် အခြားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဝယ်ယူခြင်းဖြင့် နိုင်ငံလူဦးရေထက် ကျော်လွန်သည့်အရေအတွက်ဖြစ်သည့် လူပေါင်း ၅၆ သန်း အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အလုံအလောက်ဝယ်ယူထားပြီးဖြစ်ကြောင်းလည်း သိရသည်။

တောင်ကိုရီးယားနိုင်ငံသည် နိုဝင်ဘာလမတိုင်မီကာလအတွင်း နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်းနှင့် ကာကွယ်ဆေးထိုးနှံမှုကို ဦးစားပေးအဆင့်အလိုက်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အလင်းသစ်**

# ဆော်ဒီအာရေဗျ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဆက်လက်ထိန်းချုပ်ရန် အသွားအလာကန့်သတ်မှု သက်တမ်းထပ်တိုး

**ရီယာ့ဒ် ဖေဖော်ဝါရီ ၁၅**

ဆော်ဒီအာရေဗျအစိုးရသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဆက်လက်ထိန်းချုပ်ရန် နိုင်ငံအတွင်းချမှတ်ထားသည့် ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ အစီအမံများကို နောက်ထပ် ရက်ပေါင်း ၂၀ ကြာအထိ ယနေ့ သက်တမ်းထပ်တိုးလိုက်ကြောင်း သိရသည်။

ရောဂါထိန်းချုပ်ရေးဆိုင်ရာ အဆိုပါ အစီအမံများအရ လူစုလူဝေး လုပ်ခြင်း၊ ဖျော်ဖြေမှုနှင့် ပွဲတော်များကို ပိတ်ပင်တားမြစ်သည့်အပြင် ရုပ်ရှင်ရုံများ၊ စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များကိုလည်း ပိတ်ပင်တားမြစ်ထားကြောင်း ဆော်ဒီသတင်းအေဂျင်စီက ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကားဖော်ပြထားသည်။

ဆော်ဒီအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ရုတ်တရက်မြင့်တက်လာမှု ထိန်းချုပ်ရန်ကြိုးပမ်းသည့်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအစီအမံများကို ယမန်နေ့ ဒေသစံတော်ချိန် ည ၁၀ နာရီမှစ၍ ဆောင်ရွက်မည်ဖြစ်သည်။

ပြီးခဲ့သည့် ၁၀ ရက်က ချမှတ်ထားသည့် အသွားအလာကန့်သတ်မှုများကို လိုအပ်လျှင်လိုအပ်သလို သက်တမ်းထပ်တိုးနိုင်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဆော်ဒီအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်ရန် ပြီးခဲ့သည့်သီတင်းပတ်နှစ်ပတ်က ဆော်ဒီနိုင်ငံသားများ၊ သံတမန်များ၊ ဆရာဝန်များနှင့် ၎င်းတို့၏ မိသားစုဝင်များမှလွဲ၍ နိုင်ငံပေါင်း ၂၀ မှ ခရီးသည်အားလုံးကို နိုင်ငံအတွင်း ဝင်ရောက်မှု တားမြစ်ပိတ်ပင်ထားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၀၀၀ ကျော်ရှိခဲ့

**မော်စကို ဖေဖော်ဝါရီ ၁၅**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၂၀၇ ဦးရှိခဲ့ပြီး နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄၀၈၆၀၉၀ ဦးအထိ ရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေး စင်တာက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၉၄ ဦးရှိခဲ့ပြီး ရုရှားနိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၈၀၅၂၀ ဦးအထိရှိလာခဲ့ကြောင်းလည်း သိရသည်။

လက်ရှိတွင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်းက ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူ ၁၃၉၃၅ ဦးအပါအဝင် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၃၆၀၇၀၃၆ ဦးအထိ ရှိလာခဲ့ကြောင်းလည်း သိရသည်။

မော်စကိုမြို့တော်သည် ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်သေဆုံးမှုတွင် အများဆုံးဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၁၈ ဦးရှိခဲ့ကာ ကူးစက်ခံရသူစုစုပေါင်း ၉၅၇၉၉၆ ဦးအထိ ရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးစင်တာက ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



# တူရကီ၌ ကျောင်းဆရာ ဆရာမများအား ကာကွယ်ဆေးထိုးနှံမှု လာမည့်သီတင်းပတ်အတွင်း စတင်မည်

တူရကီနိုင်ငံ၌ ဇန်နဝါရီ ၁၄ ရက်က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။



**အစ္စတန်ဘူလ် ဖေဖော်ဝါရီ ၁၅**

တူရကီနိုင်ငံသည် ကျောင်းဆရာ ဆရာမများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို လာမည့်သီတင်းပတ်အတွင်း စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း တူရကီနိုင်ငံ ပညာရေးဝန်ကြီး ဆီယာဆယ်ကွတ်က ယနေ့တွင် ပြောကြားခဲ့သည်။

ကျောင်းဆရာ ဆရာမများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးမည့် အစီအစဉ်ကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ပြုလုပ်သွားမည်ဖြစ်ကာ ကျောင်းဆရာ ဆရာမများ၏ အမည်စာရင်းကိုလည်း ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြထားပြီဖြစ်ကြောင်း ပညာရေးဝန်ကြီး ဆီယာဆယ်ကွတ်က ပြောကြားခဲ့သည်။

တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် တူရကီနိုင်ငံသား ၄ ဒသမ ၁ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း တူရကီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

တူရကီနိုင်ငံ၌ လက်ရှိချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂ ဒသမ ၅၉ သန်းရှိပြီး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၂ ဒသမ ၄၈ သန်းကျော်ရှိခဲ့ကာ သေဆုံးသူစုစုပေါင်း ၂၇၄၇၁ ဦးအထိရှိခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# ရဝမ်ဒါနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်း စတင်ဆောင်ရွက်



**ကီဂါလီ ဖေဖော်ဝါရီ ၁၅**

ရဝမ်ဒါနိုင်ငံတွင် နိုင်ငံတစ်ဝန်းရှိ ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်းကို စတင်ဆောင်ရွက်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဝန်ထမ်းများနှင့် ဆေးဝါးဆိုင်ရာအရင်းအမြစ်များကို အသင့်ပြင်ဆင်ထားပြီးဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခုစတင်ဆောင်ရွက်ခဲ့သော ကာကွယ်ဆေးထိုးလုပ်ငန်းသည် ကနဦးအပိုင်းသာဖြစ်ပြီး အာဖရိကသမဂ္ဂ၏ အာဖရိကဆေးဝါး ထောက်ပံ့ရေးစင်္ကြံနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထောက်ပံ့ရေးအစီအစဉ် (COVAX)တို့မှ ယခုလကုန်ပိုင်း ဆေးဝါးများရရှိချိန်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံသည့် လုပ်ငန်းများကို ကျယ်ပြန့်စွာ တိုးမြှင့်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၃၄၃ ဦးရှိပြီး ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၄၇၉၂ ဦးရှိကာ သေဆုံးသူ ၂၃၉ ဦးရှိကြောင်း သိရသည်။ ရဝမ်ဒါအစိုးရအနေဖြင့် နိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်းကို နှစ်နှစ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ရန် ရည်မှန်းထားကြောင်း ကျန်းမာရေးလုပ်ငန်းများ ဆိုင်ရာ ကြီးကြပ်ရေးဝန်ကြီး သာဆစ်ဆီအန်ပွန်ဂါက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# ဂီနီယာနိုင်ငံ၌ အီဘိုလာရောဂါဖြစ်ပွားကြောင်း ကြေညာ

**ကိုနာကရိုင်း ဖေဖော်ဝါရီ ၁၅**

အနောက်အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဂီနီယာနိုင်ငံတွင် အီဘိုလာရောဂါဖြစ်ပွားမှုရှိခဲ့ကြောင်း ဂီနီယာနိုင်ငံ ကျန်းမာရေးအာဏာပိုင်များက ကြေညာခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း အဆိုပါရောဂါကို သတိထားရန် တောင်းဆိုလျက်ရှိကြောင်း သိရသည်။

ဂီနီယာနိုင်ငံတွင် အီဘိုလာရောဂါကြောင့် သေဆုံးသူ သုံးဦးအထိ ရှိခဲ့ကြောင်းလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အာဖရိကဆိုင်ရာ ဒေသန္တရရုံးက ဖေဖော်ဝါရီ ၁၄ ရက်တွင် ကြေညာခဲ့သည်။ ဂီနီယာနိုင်ငံအရှေ့တောင်ပိုင်းရှိ ဆေးရုံတစ်ခုတွင် အလုပ်လုပ်ကိုင်နေသည့် သူနာပြုတစ်ဦးသည် ပြီးခဲ့သည့်လအတွင်းက အီဘိုလာရောဂါကြောင့် သေဆုံးခဲ့ကြောင်း အဆိုပါရုံးက ပြောကြားခဲ့သည်။

အီဘိုလာရောဂါကြောင့် သေဆုံးခဲ့သည့် သူနာပြု၏ အသုဘအခမ်းအနားသို့ တက်ရောက်ခဲ့သူများအနက် ခြောက်ဦးမှာ အီဘိုလာရောဂါလက္ခဏာတွေ့ရှိခဲ့ကြောင်းနှင့် အဆိုပါခြောက်ဦးအနက် နှစ်ဦးမှာ အီဘိုလာရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် အစောပိုင်းမှစတင်ကာ နှစ်နှစ်တာကာလအတွင်း အာဖရိကအနောက်ပိုင်းဒေသနိုင်ငံများဖြစ်သည့် ဂီနီယာနိုင်ငံ၊ လိုက်ဘေးရီးယားနိုင်ငံ၊ ဆီယာလီယွန်နိုင်ငံတို့တွင် အီဘိုလာရောဂါကြောင့် လူဦးရေ ၁၁၀၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

ဂီနီယာနိုင်ငံ၌ အီဘိုလာရောဂါ တစ်ကျော့ပြန်လည်ဖြစ်ပွားလာမှုအပေါ် စိုးရိမ်မိကြောင်းလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အာဖရိကဆိုင်ရာ ဒေသန္တရညွှန်ကြားရေးမှူး မက်ရှီဒီဆိုမိုတီက ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် စမ်းသပ်မှုများနှင့် ကုသမှုများအပါအဝင် ကာကွယ်ဆေးများရရှိရေးနှင့်စပ်လျဉ်း၍ ဂီနီယာနိုင်ငံအား အကူအညီပေးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# အင်ဒိုနီးရှား၌ မြေပြိုမှုကြောင့် လေးဦး သေဆုံးပြီး ၁၄ ဦး ပျောက်ဆုံး

**ဂျကာတာ ဖေဖော်ဝါရီ ၁၅**

အင်ဒိုနီးရှားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုတစ်ခုဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးပြီး ၁၄ ဦး ပျောက်ဆုံးလျက်ရှိကြောင်း တာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

အဆိုပါမြေပြိုမှုသည် အရှေ့ဂျာဗားပြည်နယ် ကျေးလက်ဒေသတစ်ခုတွင် ယမန်နေ့ညနေပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မြေပြိုမှုကြောင့် လူနေအိမ်အများအပြား ထိခိုက်ပျက်စီးသွားပြီး ဒေသခံပြည်သူ ရာနှင့်ချီဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

ဒေသဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးအေဂျင်စီသည် အခင်းဖြစ်ပွားသည့်နေရာတွင် သေဆုံးသူ လေးဦးကို တွေ့ရှိခဲ့ပြီး ကျန် ၁၄ ဦးကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

"လောလောဆယ် စက်ယန္တရားကြီးတွေကို အခင်းဖြစ်ပွားတဲ့နေရာသို့ မယူဆောင်နိုင်သေးပေမယ့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို အရှိန်မြှင့်လုပ်ဆောင်နေပါတယ်"ဟု ဒေသဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးအေဂျင်စီက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ ထို့အပြင် မြေပြိုမှုကြောင့် နေအိမ်ရှစ်လုံး ဆိုးရွားစွာ ထိခိုက်ပျက်စီးသွားကြောင်း အေဂျင်စီက ထပ်မံပြောကြားသည်။

မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် ရေကြီးရေလျှံမှုများဖြစ်ပွားကာ ပြည်နယ်အတွင်းရှိ ပါဆူရွန်မြို့ကို ရေလွှမ်းမိုးသွားသည့်အတွက် ဒေသခံပြည်သူ ၃၅၀ ကျော်သည် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း၌ ယခုအချိန်တွင် ရက်တရက် မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပွားမှုများကြောင့် ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းများ မကြာခဏ ဖြစ်ပွားလျက်ရှိသည်။

ယခုနှစ် ဇန်နဝါရီလအတွင်းက တောင်ကာလီမန်တန်ပြည်နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီးနောက် ရေကြီးရေလျှံမှုများဖြစ်ပွားကာ ၂၁ ဦးထက်မနည်း သေဆုံးခဲ့ပြီး ဒေသခံပြည်သူ ၆၀၀၀၀ ကျော် နေအိမ်စွန့်ခွာခဲ့ကြောင်း သိရသည်။ **ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဂျေတီ**



# ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံ၏ စီးပွားရေး ၆ ဒသမ ၁ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့

**ဗန်ကောက် ဖေဖော်ဝါရီ ၁၅**

ကိုဗစ်-၁၉ ရောဂါ၏ ဆိုးကျိုးများက ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ထိခိုက်ခဲ့သည့်အတွက် ၂၀၂၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံ၏ စီးပွားရေး ၆ ဒသမ ၁ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ပြီး ဆယ်စုနှစ်နှစ်ခုအတွင်း အဆိုးရွားဆုံးစီးပွားရေးကျဆင်းမှု ဖြစ်လာခဲ့ကြောင်း တရားဝင်အချက်အလက်များက ယနေ့ ပြသထားသည်။

ထိုင်းနိုင်ငံ၏ အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးကောင်စီရုံးက ၂၀၂၁ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ စီးပွားရေး ၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၃ ဒသမ ၅ ရာခိုင်နှုန်းအကြား တိုးတက်လာမည်ဟု ခန့်မှန်းထားသော်လည်း နိုင်ငံအတွင်း ဆက်လက်ကူးစက်ပျံ့နှံ့နေသော ကိုဗစ်-၁၉ ရောဂါနှင့် ခရီးသွားလုပ်ငန်းနာလန်ထူမှု နှောင့်နှေးကြန့်ကြာမှုများကြောင့် ယခင် ခန့်မှန်းထားသည့် စီးပွားရေးတိုးတက်နိုင်ခြေ ၃ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၄ ဒသမ ၅ ရာခိုင်နှုန်းထက် လျော့နည်းသွားကြောင်း သိရသည်။

ထိုင်းနိုင်ငံ၏ ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှု တစ်နှစ်ပြီးတစ်နှစ် ကျဆင်းရခြင်း၏ အကြောင်းရင်းမှာ အဓိကအားဖြင့် ကိုဗစ်-၁၉ ရောဂါ၏ ဆိုးကျိုးများကြောင့်ဖြစ်သည်။ ထိုင်းနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလက စတင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါကို ၂၀၂၀ ပြည့်နှစ် နှစ်လယ်ပိုင်းတွင် ထိန်းချုပ်နိုင်ခဲ့သော်လည်း ယင်းနှစ် ဒီဇင်ဘာလတွင် ရောဂါကူးစက်မှုနှုန်း ပြန်လည်မြင့်မားလာခဲ့သည်။

၁၉၉၈ ခုနှစ်က အာရှငွေကြေးကပ်ဆိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် ထိုင်းနိုင်ငံတွင် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု ၇ ဒသမ ၆ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ပြီး ကြီးမားသောစီးပွားရေးကျဆင်းမှုနှင့် နောက်ဆုံး ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ထို့အပြင် ၂၀၀၉ ခုနှစ်က ကမ္ဘာလုံးဆိုင်ရာငွေကြေးကပ်ဆိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ထိုင်းနိုင်ငံသည် စီးပွားရေးကျဆင်းမှုနှင့် ထပ်မံရင်ဆိုင်ကြုံတွေ့ခဲ့သည်။ ထိုစဉ်က ထိုင်းနိုင်ငံ၏ ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု သုည ဒသမ ၇ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း သိရသည်။

ထိုင်းအမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးကောင်စီသည် ၂၀၂၁ ခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် သုံးသန်းခန့်သာ လာရောက်လည်ပတ်မည်ဟု ခန့်မှန်းထားသည်။ လက်ရှိအချိန်အထိ ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၄၇၀၀ ခန့်ရှိကြောင်း သိရသည်။

**ကိုးကား - ကျိုဒိုနယူးစ်**
**ဘာသာပြန် - ဂျေတီ**

# မွန်ဂိုလီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို လာမည့်သီတင်းပတ်အတွင်း စတင်ဆောင်ရွက်မည်

**အူလန်ဘာတာ ဖေဖော်ဝါရီ ၁၅**

မွန်ဂိုလီးယားနိုင်ငံတွင် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို လာမည့် သီတင်းပတ်အတွင်း စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဆီရီဂျက် အန့်ဘိုစ်က ယနေ့ ပြောကြားသည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ဆိုင်ရာကန့်သတ်ချက်များစတင် ဖြေလျှော့မည့် ဖေဖော်ဝါရီ ၂၃ရက်တွင် ကိုဗစ်-၁၉ကာကွယ်ဆေးများကို စတင်ထိုးနှံပေးမည်ဖြစ်ကြောင်းနှင့် နိုင်ငံအတွင်း ထိုးနှံပေးနိုင်ရန် ကိုဗစ်-၁၉ ကာကွယ်ဆေး လေးမျိုးရရှိရန် ဆောင်ရွက်နေသည်ဟု ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

နိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ရည်မှန်းထားပြီး ၎င်းတို့အနက်မှ ၂၀ ရာခိုင်နှုန်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထောက်ပံ့ရေးအစီအစဉ် (COVAX) မှ ရရှိသော ကာကွယ်ဆေးများကို ထိုးနှံပေးသွားမည်ဟု သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၈၃ ဦးရှိပြီး အဆိုပါရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူ လေးဦးရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဂျပန်နိုင်ငံ၌ ဖေဖော်ဝါရီ ၁၆ ရက်တွင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု စတင်မည်



**တိုကျို ဖေဖော်ဝါရီ ၁၅**
ဂျပန်နိုင်ငံ၌ နိုင်ငံတစ်ဝန်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဖေဖော်ဝါရီ ၁၆ ရက်တွင် စတင်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံဝန်ကြီးချုပ် ဆူဂါက ယနေ့တွင် ပြောကြားခဲ့သည်။

အထက်ပါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်နှင့် စပ်လျဉ်း၍ ဂျပန်ဝန်ကြီးချုပ် ဆူဂါက ယနေ့ပြုလုပ်သည့် ဂျပန်နိုင်ငံအောက်လွှတ်တော်ဘတ်ဂျက်ကော်မတီ အစည်းအဝေးတစ်ရပ်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံအစိုးရအနေဖြင့် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို တတ်နိုင်သမျှ အမြန်ဆုံး ဖြန့်ချိသွားနိုင်လိမ့်မည်ဖြစ်ကြောင်းလည်း ဝန်ကြီးချုပ် ဆူဂါက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံအစိုးရသည် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုရန်အတွက် ယမန်နေ့တွင် အတည်ပြုပေးခဲ့ကြောင်းလည်း သိရသည်။

ဂျပန်နိုင်ငံ မြို့တော်ဝန်များအဖွဲ့အစည်း၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာလုပ်ငန်းတာဝန်အဖွဲ့ကလည်း ဂျပန်နိုင်ငံ၏ ဒေသအသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်များကို အကောင်းမွန်ဆုံးဆောင်ရွက်နိုင်ရန်အတွက် ကာကွယ်ဆေး ထိုးနှံမှုများနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များကို မျှဝေသွားရန် ဆုံးဖြတ်ထားကြောင်းလည်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ် နယူးဇီလန်သို့ ရောက်ရှိ



**ဝယ်လင်တန် ဖေဖော်ဝါရီ ၁၅**
အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် နယူးဇီလန်နိုင်ငံသို့ ယနေ့ရောက်ရှိလာခဲ့ကြောင်း နယူးဇီလန်ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်က အတည်ပြုပြောကြားသည်။

အမေရိကန်နှင့် ဂျာမနီဆေးဝါးကုမ္ပဏီမှ တင်သွင်းသော Pfizer-BioNTech ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၆၀၀၀၀ ခန့်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီ ၃၄ မိနစ်ခန့်က နယူးဇီလန်နိုင်ငံအောက်ကလန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို စတင်ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း အာဒန်က သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားသည်။

ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်မစတင်မီ ကာကွယ်ဆေး၏ အရည်အသွေးအာမခံချက်နှင့် စပ်လျဉ်းသည့် စစ်ဆေးမှုများ ကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ ဆောင်ရွက်မည်ဟု မျှော်လင့်ရပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှုထိန်းချုပ်ရန် ရှေ့တန်းတွင် တာဝန် ထမ်းဆောင်နေကြသော ဝန်ထမ်းများအား ပထမဦးစားပေးအနေဖြင့် ထိုးနှံပေးမည်ဖြစ်ကြောင်း၊ လူတစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပေးမည်ဖြစ်သည့်အတွက် ကာကွယ်ဆေး အလုံးရေ ၆၀၀၀၀ သည် သီတင်းပတ် ၂-၃ ပတ်အတွင်း ပြုလုပ်မည့်ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် ရှေ့တန်း၌ တာဝန်ထမ်းဆောင်နေကြသော လူဦးရေ ၃၀၀၀၀ အတွက် လုံလောက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ရှင်းလင်းပြောကြားသည်။

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုစတင်တဲ့အခါ နယူးဇီလန်ပြည်သူအားလုံးရဲ့ ကျန်းမာရေးအတွက် မရပ်မနား တာဝန်ထမ်းဆောင်နေကြတဲ့ သန့်ရှင်းရေးဝန်ထမ်းတွေ၊ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးစင်တာတွေမှာ ကျန်းမာရေးစစ်ဆေးဖို့ တာဝန်ထမ်းဆောင်နေတဲ့ သူနာပြုတွေ၊ လုံခြုံရေးတပ်ဖွဲ့တွေ၊ အကောက်ခွန်အရာရှိတွေ၊ လေကြောင်းလိုင်းဝန်ထမ်းတွေနှင့် ဟိုတယ်ဝန်ထမ်းတွေကို ပထမဦးစားပေးအနေဖြင့် ထိုးနှံပေးမှာပါ" ဟု အာဒန်က ဆိုသည်။ ယင်းကာကွယ်ဆေး ထိုးနှံခြင်းအားဖြင့် လူ့အဖွဲ့အစည်းများအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ထို့အပြင် နယူးဇီလန်နိုင်ငံသည် လာမည့် သီတင်းပတ်များအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်မံရရှိမည်ဟုမျှော်လင့်ထားပြီး ယခုနှစ် မတ်လကုန်ပိုင်းတွင် လူဦးရေ ၂၅၀၀၀ အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် လက်ခံရရှိမည်ဖြစ်ကြောင်း နယူးဇီလန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးဝန်ကြီး ခရစ်ဟစ်ပ်ကိန်းက ပြောကြားသည်။

ယင်းကာကွယ်ဆေးများ ရောက်ရှိလာသောအခါ နယ်စပ်ဒေသတွင် တာဝန် ကျသည့် ဝန် ထမ်းများနှ င့် ထိတွေ့မှုရှိသည့် အိမ်ထောင်စုများ၊ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနယ်ပယ်၌ ရှေ့တန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော မရှိမဖြစ်ကျန်းမာရေးဝန်ထမ်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မည့်အန္တရာယ်များသော သက်ကြီးရွယ်အိုများကို အဆင့်ဆင့် ထိုးနှံပေးသွားရန် စီစဉ်ထားကြောင်း ၎င်းက ထပ်မံပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**

# ဖိလစ်ပိုင်နိုင်ငံ၌ ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ရေးကို ရွှေ့ဆိုင်းထားမည်

**မနီလာ ဖေဖော်ဝါရီ ၁၅**
ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း စီးပွားရေးလုပ်ငန်းများပြန်လည်နာလန်ထူလာစေရန် စည်းမျဉ်းများရေးဆွဲဆောင်ရွက်နေဆဲကာလဖြစ်သဖြင့် ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ရေးကို ရွှေ့ဆိုင်းထားမည်ဖြစ်ကြောင်း သမ္မတ၏ပြောရေးဆိုခွင့်ရှိသူ ဟယ်ရီရူကူးက ယနေ့ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ရုပ်ရှင်ရုံများကို မတ် ၁ ရက်တွင် ဖွင့်လှစ်သွားရန် စီစဉ်ခဲ့သော်လည်း အဆိုပါရုပ်ရှင်ရုံများနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ရေးနှင့်ပတ်သက်ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှုများရှိလာမည်ကို စိုးရိမ်သဖြင့် မနီလာမြို့တော်ဒေသရှိ မြို့တော်ဝန်များက ကန့်ကွက်ခဲ့သည်။

လုပ်ငန်းဆောင်ရွက်ရေးဆိုင်ရာစည်းမျဉ်းများကို သတ်မှတ်ပြီးမှ ရုပ်ရှင်ရုံများကို ပြန်လည်ဖွင့်လှစ်သွားမည်ဟု သိရသည်။ ထိုစည်းမျဉ်းများတွင် ရုပ်ရှင်ရုံအတွင်း ဝင်ရောက်ကြည့်ရှုခွင့်ပြုမည့် လူအရေအတွက်သတ်မှတ်ခြင်းနှင့် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများသတ်မှတ်ခြင်းတို့ ပါဝင်သည်။

ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာလုပ်ငန်းအဖွဲ့အနေဖြင့် ပြီးခဲ့သည့် သီတင်းပတ်အတွင်း နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ခွင့်ပြုရန် ဆုံးဖြတ်ခဲ့သည်။ ထိုသို့လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော လုပ်ငန်းများ၌ စာကြည့်တိုက်များ၊ ရုပ်ရှင်ရုံများနှင့် ယဉ်ကျေးမှုစင်တာများပါဝင်သည်။ နိုင်ငံအတွင်းရှိ ဘာသာရေးဝတ်ပြု ဆုတောင်းသည့် နေရာများတွင်လည်း ထိုင်ခုံပမာဏကို ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန် သတ်မှတ်ခဲ့သည်။

ယနေ့တွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၁၆၈၅ ဦးထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူပေါင်း ၅၅၀၈၆၀ ရှိခဲ့သည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသဖြင့် သေဆုံးသူ ၁၁၅၁၇ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၀၉၄၅၁၀၉၈၄ | ဦး |
| သေဆုံးသူ | ၂၄၁၂၈၄၃ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၈၁၅၄၆၂၈၇ | ဦး |

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၀ ဒသမ ၉ သန်းကျော်အထိ ရှိလာ



**နယူးဒေလီ ဖေဖော်ဝါရီ ၁၅**
အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၆၄၉ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၀၉၁၆၅၈၉ ဦးအထိ ရှိလာခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၀ ရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၅၅၇၃၂ ဦးအထိရှိလာခဲ့ကြောင်းလည်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူပေါင်း ၁၀၆၂၁၂၂၀ အထိ ရှိလာခဲ့ခြင်းကြောင့် အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ပိုးတွေ့ဆဲလူနာ ၁၃၉၆၃၇ ဦးသာ ကျန်ရှိတော့ကြောင်းလည်း သိရသည်။

အိန္ဒိယနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်ခဲ့ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၈ ဒသမ ၃ သန်းနီးပါး အထိရှိလာခဲ့ကာ အဓိကအားဖြင့် ကျန်းမာရေးဝန်ထမ်းများကို ဦးစားပေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြို့တော်နယူးဒေလီသည် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံးဒေသဖြစ်ပြီး လက်ရှိတွင် နယူးဒေလီ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၈၉၁ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**







# ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ ကို ထုတ်ပြန်ထားသည့် နယ်မြေများအတွင်း၌ ဥပဒေမဲ့ဆူပူဆန္ဒပြသူများအား ဖမ်းဆီး၊ လိုအပ်သလိုဆက်လက်ဆောင်ရွက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရှန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားစေနိုင်သည်ဟု ယုံကြည်ယူဆသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ ကိုထုတ်ပြန်၍ လူ ငါးဦး သို့မဟုတ် ငါးဦးထက်ပို၍ လူစုဝေးခြင်း မပြုရန် တားမြစ်ချက်များအား ထုတ်ပြန်ထားပြီးဖြစ်သည်။

ထိုသို့ထုတ်ပြန်ထားရှိသော်လည်း ဆူပူဆန္ဒပြသူများအနေဖြင့် ရှန်းရင်းဆန်ခတ်ပြုမူခြင်း၊ ကြွေးကြော်သံများဖြင့် ကြွေးကြော်ခြင်း၊ လှုံ့ဆော်ဆန္ဒပြချီတက်ခြင်းများစသည့် ဆူပူမှုများဖြစ်ပေါ်အောင် ဥပဒေမဲ့လုပ်ရပ်များအား ဆောင်ရွက်လျက်ရှိသဖြင့် သက်ဆိုင်ရာမြို့နယ်များအလိုက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ ကြေညာထားရှိကြောင်းနှင့် လူစုခွဲရန် လက်ကိုင်အသံချဲ့စက်များဖြင့် သတိပေးပြောကြားခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆန္ဒပြသူများအား ဥပဒေမဲ့လုပ်ရပ်များ မပြုလုပ်ရန် မေတ္တာရပ်ခံလျက်ရှိသော်လည်း ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မြို့မဈေးမီးပွိုင့်အနီး၌ မဝင်းသိင်္ဂီဌေး(ဘ)ဦးအေးငွေ ဦးစီးမှူး လယ်ဝေးမြို့နယ် သမဝါယမဦးစီးဌာန ဦးဆောင်၍ အမျိုးသား တစ်ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ရှစ်ဦးသည်လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် အဆင့်မြင့်ဈေးမီးပွိုင့်အနီး၌ သက်ပိုင်စိုး(ဘ)ဦးဝင်းလှိုင်စိုး ရွှေကြာပင်ရပ်ကွက်နေသူ ဦးဆောင်၍ အမျိုးသား ၃၆ ဦးသည်လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနရုံးရှေ့၌ ဦးခင်မောင်ဝင်း(ဘ) ဦးသိန်းဟန် ကျည်တောင်ကန်ကျေးရွာနေသူ ဦးဆောင်၍ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၂၀ သည်လည်းကောင်း ဆန္ဒထုတ်ဖော်ခြင်းများ ပြုလုပ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဆောင်ရွက်နိုင်ရေးအတွက် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး နေပြည်တော်အချုပ်ထောင်နှင့် ပုဗ္ဗသီရိမြို့နယ်ရှိ နယ်မြေခံရဲတပ်ရင်းသို့ ပို့ဆောင်ခဲ့ကာ လိုအပ်သလိုစစ်ဆေးမှုများဆောင်ရွက်ပြီး နှစ်ဦးကို ပြန်လည်စေလွှတ်ခဲ့သည်။

ထိုသို့ ဖမ်းဆီးထိန်းသိမ်းထားစဉ် နေ့လယ်ပိုင်းတွင် နေပြည်တော်အချုပ်ထောင်ရှေ့၌ အင်အား ၁၀၀၀ ခန့်သည် ဖမ်းဆီးထားသူများ ပြန်လွှတ်ပေးရန် လာရောက်ဆန္ဒထုတ်ဖော်ခဲ့ကြောင်းနှင့် အဆိုပါဆူပူဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ ထုတ်ပြန်ထားသည့် မြို့နယ်များဖြစ်ပြီး အဆိုပါ ဖမ်းဆီးထိန်းသိမ်းထားသူများနှင့် ဆူပူလှုံ့ဆော်သူများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၈၂ x ၂၆ လမ်းထောင့်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁)ရှေ့တွင် ဆူပူဆန္ဒပြသူ ၂၀၀ ခန့်က နိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိသည့် ဘဏ်ဝန်ထမ်းများ ရုံးဆင်းချိန်တွင် တာဝန်ထမ်းဆောင်နေမှုနှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ ဆူပူနှောင့်ယှက်မှုများ ဆောင်ရွက်လျက်ရှိခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်တားမြစ်ခဲ့ရာ ဆူပူဆန္ဒပြသူများက ကျောက်ခဲများဖြင့် ပြန်လည်ပစ်ပေါက်ခဲ့သဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ရာ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၂၀ အား ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်ပေးလျက်ရှိစဉ် ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်အဝိုင်းအနီး၌ ဆူပူဆန္ဒပြလျက်ရှိသော အမျိုးသား ကိုးဦးကို ထပ်မံဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖမ်းဆီးရမိသူများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြစ်ကြီးနားမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဆူပူဆန္ဒပြသူအကြမ်းဖက်သမားများက လာရောက်တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများဖြစ်ပေါ်လျက်ရှိပြီး ဆူပူဆန္ဒပြသူများတွင် တည်ငြိမ်အေးချမ်းစွာဆန္ဒပြသူများနှင့်အတူ အဖျက်အမှောင့်ဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်ဆန္ဒပြသူများ ပါဝင်နေသည့်အတွက် မိဘပြည်သူများ လုံခြုံရေးအတွက် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက မြို့နယ်၊ ရပ်ရွာလုံခြုံရေးနှင့် ဆက်သွယ်ရေးလမ်းကြောင်းများ လုံခြုံမှုရှိစေရေးတို့အတွက် နေ့ညမပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မန်ခိုရပ်ကွက် နယ်မြေ(၁၁)ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံအနီး လုံခြုံရေးဆောင်ရွက်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဆူပူဆန္ဒပြသူများက အကြမ်းဖက်တိုက်ခိုက်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင်လေးဦးတွင် ထိခိုက်ဒဏ်ရာများရရှိမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ဒဏ်ရာရရှိခဲ့သည့် ရဲတပ်ဖွဲ့ဝင်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိပြီး ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်မျိုးဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဖားကန့်၊ မိုးကောင်း၊ မိုးမိတ်နှင့် မိုင်းဆတ်မြို့တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၆ နာရီခွဲတွင် ဖားကန့်မြို့ မော်ဝမ်းရပ်ကွက်တွင် ကျော်နိုင်ဦး(ခ)စိုင်းသူရ မောင်းနှင်ပြီး အောင်ငွေးလိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကိုလည်းကောင်း၊ ထို့အတူ ထိုနေ့ ညနေပိုင်းက မိုးကောင်းမြို့ အရှေ့ရပ်ကွက် နမ့်ကောင်းရိပ်သာလမ်း စိမ်းမြသီတာပန်းခြံရှေ့တွင် အေးဝင်း(ခ)သစ်မွေး မောင်းနှင်ပြီး နောနော်(ခ)ဇော်ဂျာ(ခ)မိုင်းမိုင်လိုက်ပါလာသည့် ဆိုင်ကယ်နှင့် ဟိန်းမင်းထွေး မောင်းနှင်လာသော ဆိုင်ကယ်တို့အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၄၉၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀ တို့ကိုလည်းကောင်း၊ ယင်းနောက် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် မိုးမိတ်မြို့နယ် ပဒါန်းကျေးရွာအုပ်စု ထုံးဘိုကျေးရွာအနီး မန်ကျည်းပင်-ထုံးဘို ကျေးရွာသွားလမ်းတွင် လာဆာမောင်းနှင်ပြီး လီလေး လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ ကို လည်းကောင်း၊ ထို့အတူ ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၅ နာရီတွင် မိုင်းဆတ်မြို့နယ် မိုင်းတွမ်း(တောင်ပေါ်)ကျေးရွာအုပ်စု ဘိုယားကျေးရွာရှိ မမီညာ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ ကိုလည်းကောင်း တွေ့ရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



ဟိန်းမင်းထွေး(ခ)ဟိန်းကြီး၊ နောနော်(ခ)ဇော်ဂျာ(ခ)မိုင်းမိုင်၊ အေးဝင်း(ခ)သစ်မွေးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ပြည်သူ့အကျိုးစီးပွား ဦးတည်ထား၊ နိုင်ငံ့ဝန်ထမ်းများ

**မောင်မောင်ဟိန်း**

နိုင်ငံ့ဝန်ထမ်းအားလုံးသည် ပြည်သူများ၏ အကျိုးစီးပွားကို ဦးတည်ပြီး ထမ်းဆောင်ရမည့်တာဝန်၊ လိုက်နာရမည့် စည်းကမ်း၊ စောင့်ထိန်းရမည့်ကျင့်ဝတ်တို့ကို မပျက်မကွက် လိုက်နာစောင့်ထိန်းရမည် ဖြစ်ပါသည်။

နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ နိုင်ငံတော်က အတည်ပြုဖွဲ့စည်းခွင့်ပြုထားသော ဌာနဆိုင်ရာ အဖွဲ့အစည်းတစ်ခု၏ တီထွင်ထားသည့် ရာထူးနေရာတစ်ခုခုတွင် အမြဲတမ်း ခန့်အပ်ခြင်းခံရပြီး နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းမှ လစာ၊ စရိတ်ခံစားသူကို ဆိုလိုပါသည်။ နိုင်ငံရေးအရ ခန့်အပ်သော ဒုတိယဝန်ကြီး၊ ဝန်ကြီးအဆင့်များကို နိုင်ငံ့ဝန်ထမ်းဟု မသတ်မှတ်ဘဲ ပြည်သူ့ဝန်ထမ်းဟု သတ်မှတ်ထားရှိပါသည်။

**ပါတီနိုင်ငံရေးကင်းရှင်းရန်**

တာဝန်ထမ်းဆောင်မှုအပေါ် မူတည်ပြီး ဝန်ထမ်းမှုဆိုင်ရာ ခံစားခွင့်များကိုလည်း ခံစားခွင့်ပြုထားပြီး ဖြစ်ပါသည်။ ဝန်ထမ်းသည် နိုင်ငံ့တာဝန်ထမ်းဆောင်သည့်အတွက် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများအရ တာဝန်ထမ်းဆောင်မှုကို အကြောင်းပြု၍ အလုပ်တည်မြဲခွင့်၊ ရာထူး၏လစာခံစားခွင့်၊ နှစ်တိုးခံစားခွင့်၊ အချိန်မစေ့မီ နှစ်တိုးခံစားခွင့်၊ ရာထူးတိုးမြှင့်ခြင်းခံစားခွင့်၊ ဆေးဝါးကုသမှုခံယူခွင့်၊ ပညာလေ့လာဆည်းပူးသင်ယူခွင့်၊ ခွင့်ခံစားခွင့်၊ ဒေသစရိတ်ခံစားခွင့်၊ ခရီးစရိတ်၊ ဉာဏ်ပူဇော်ခနှင့် အခကြေးငွေ စသည်တို့ကို သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ ခံစားခွင့်ရရှိပါသည်။

တာဝန်ထမ်းဆောင်မှုကို အကြောင်းပြုပြီး ဝန်ထမ်းမှုဆိုင်ရာ ခံစားခွင့်များကို ရယူခံစားနေသည့် ဝန်ထမ်းသည် ထမ်းဆောင်ရမည့် တာဝန်များကိုလည်း ကျေပွန်စွာ ထမ်းဆောင်ကြရပေမည်။ ထိုနည်းတူ လိုက်နာရမည့် စည်းကမ်းများကိုလည်း နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပြီး ဝန်ထမ်းကျင့်ဝတ်များကိုလည်း အထူးအလေးထား စောင့်ထိန်းကြရပေမည်။ ဌာနဆိုင်ရာအဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရန် အထူးလိုအပ်ပါသည်။ ပါတီနိုင်ငံရေးကင်းရှင်းမှု မရှိပါက ဝန်ထမ်းအချင်းချင်း ပါတီစွဲ၊ ဝါဒစွဲများဖြင့် ဆက်ဆံနေကြလျှင် ပူးပေါင်းဆောင်ရွက်၍ ရမည်မဟုတ်သဖြင့် မူလတာဝန်များ အောင်မြင်ပေါက်မြောက်အောင် ဆောင်ရွက်နိုင်စွမ်းရှိမည် မဟုတ်ပေ။ ဝန်ထမ်းအချင်းချင်းကြားတွင် နိုင်ငံရေးပါတီဝင်များ တူရာတူရာ စုပေါင်းအုပ်စုဖွဲ့ပြီး ဆောင်ရွက်သည်များ ရှိလာပါက ဝန်ထမ်းအဖွဲ့အစည်း ပျက်ယွင်းနိုင်ပြီး နိုင်ငံတော်၏ ယန္တရားလည်ပတ်မှုကို များစွာထိခိုက်နစ်နာစေမည် ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) တွင် **"နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်"** ဟု ပြဋ္ဌာန်းထားရှိပါသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း(၄) တာဝန်နှင့် အခွင့်အရေးများတွင် ပါဝင်သောတာဝန်များ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဆ)တွင် **"ပါတီနိုင်ငံရေးကင်းရှင်းခြင်း"** ကို တာဝန်တစ်ရပ်အနေဖြင့် လိုက်နာရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ ထို့အတူ နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းထားရှိသည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိခြင်း ဖော်ပြချက်တွင် ပုဒ်မ ၁၂၁၊ ပုဒ်မခွဲ(ည) အရ နိုင်ငံ့ဝန်ထမ်းများ ပါရှိပါသည်။ ဆိုလိုသည်မှာ နိုင်ငံ့ဝန်ထမ်းများ ပါတီနိုင်ငံရေး ဆောင်ရွက်ခွင့်မရှိကြောင်း တိတိကျကျ ပြဋ္ဌာန်းထားရှိခြင်းပင် ဖြစ်ပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) တွင် "နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်" ဟု ပြဋ္ဌာန်းထားရှိပါသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း (၄) တာဝန်နှင့် အခွင့်အရေးများတွင်ပါဝင်သော တာဝန်များ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဆ)တွင် "ပါတီနိုင်ငံရေးကင်းရှင်းခြင်း" ကို တာဝန်တစ်ရပ်အနေဖြင့် လိုက်နာရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ ထို့အတူ နိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းထားရှိသည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိခြင်း ဖော်ပြချက်တွင် ပုဒ်မ ၁၂၁၊ ပုဒ်မခွဲ(ည)အရ နိုင်ငံ့ဝန်ထမ်းများ ပါရှိပါသည်။ ဆိုလိုသည်မှာ နိုင်ငံ့ဝန်ထမ်းများ ပါတီနိုင်ငံရေး ဆောင်ရွက်ခွင့်မရှိကြောင်း တိတိကျကျ ပြဋ္ဌာန်းထားရှိခြင်းပင် ဖြစ်ပါသည်။**

နိုင်ငံ့ဝန်ထမ်းနှင့်သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများပြုစုခြင်း၊ အရာထမ်းအဆင့် ဝင်ပေါက်ရာထူးရွေးချယ်ပေးခြင်းများ၊ ရာထူးအဆင့်ဆင့်နှင့် လျော်ညီသော သင်တန်းများ ဖွင့်လှစ်ပေးခြင်းများ၊ ဝန်ထမ်းမှုဆိုင်ရာများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန် ပေးရာတွင် အရည်အချင်းသတ်မှတ်ချက်မှာ နိုင်ငံရေးပါတီဝင် မဟုတ်သူ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ ဆိုသော နှစ်ချက်ကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၂၄၆၊ ပုဒ်မခွဲ (ခ) ဖြင့် ထည့်သွင်းသတ်မှတ် ထားရှိပါသည်။

**နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ**

နိုင်ငံရေးပါတီဝင် မဟုတ်သူများသာ တာဝန်ပေးအပ်ထားခြင်းမှာ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများရှိ နိုင်ငံ့ဝန်ထမ်းများ၏ ဝန်ထမ်းမှုဆိုင်ရာအရေးကိစ္စများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို ပါတီနိုင်ငံရေး ပယောဂများ ကင်းရှင်းစွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ထားရှိကြောင်း သိသာမြင်သာ ရှိလှပါသည်။

နိုင်ငံ့ဝန်ထမ်းများသည် ဝန်ထမ်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန် တာဝန်ရှိပါသည်။ ထို့အပြင် ဝန်ထမ်းများ စောင့်ထိန်းရမည့်ကျင့်ဝတ်များလည်း ရှိပါသည်။ ကျင့်ဝတ်ထိန်းသိမ်းကြလျှင် ဝန်ထမ်းအဖွဲ့အစည်းများ၏ မူလလုပ်ငန်းများ၊ ရည်မှန်းချက်၊ ပေါက်မြောက်အောင်မြင်ကြပြီး ပြည်သူများ၊ တစ်နည်းအားဖြင့် နိုင်ငံတော်အတွက် ကောင်းမွန်သော အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ပါသည်။ ဝန်ထမ်းများ စောင့်ထိန်းရမည့် ကျင့်ဝတ်များအနက်မှ ကျင့်ဝတ်အချို့မှာ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေရမည်။ တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်။ ပြည်သူတို့၏ အကျိုးစီးပွားများကို အလေးထားဆောင်ရွက်ရမည်။ တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာ၊ ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ရမည်။ တာဝန်အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာခြင်း၊ လာဘ်ပေးလာဘ်ယူပြုခြင်းတို့ကို ရှောင်ကြဉ်ရမည်။ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းစောင့်ရှောက်ရမည်။ နိုင်ငံတော်ကို အကြည်ညိုပျက်စေမည့် စာအုပ်စာတမ်းရေးသားခြင်း သို့မဟုတ် ဖြန့်ဝေခြင်း မပြုလုပ်ရ စသည်တို့ဖြစ်ပါသည်။ ထို့အပြင် အလုပ်ခွင်ဆိုင်ရာစည်းကမ်းများ၊ အလုပ်ချိန်ဆိုင်ရာစည်းကမ်းများ၊ တာဝန်ထမ်းဆောင်မှုဆိုင်ရာ စည်းကမ်းများ၊ ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းများ၊ ပါတီနိုင်ငံရေးကင်းရှင်းရန် စည်းကမ်းများကိုလည်း လိုက်နာကြရပါမည်။

**အထူးလိုက်နာကြဖို့ လိုအပ်**

ပါတီနိုင်ငံရေးကိစ္စ ကင်းရှင်းမှသာ ပါတီစုံဒီမိုကရေစီစနစ်တွင် နိုင်ငံ့ဝန်ထမ်းများသည် ပါတီစွဲ၊ မူဝါဒစွဲကင်းပြီး မိမိတို့လုပ်ငန်းတာဝန်များကို ဘက်လိုက်မှုကင်းစွာဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ကြမည်ဖြစ်သဖြင့် ဝန်ထမ်းများအတွက် ပါတီနိုင်ငံရေးကင်းရှင်းရန် ဝန်ထမ်းကျင့်ဝတ်စာစောင် (၂၀၁၄ ခုနှစ်) တွင် စည်းကမ်းသတ်မှတ်ချက်များ ဖော်ပြထားရှိပြီး ဖြစ်ပါသည်။ စည်းကမ်းအချို့ကို ဖော်ပြရလျှင် မည်သည့်ပါတီနိုင်ငံရေးကိုမျှ မလုပ်ရပါ။ မည်သည့် ပါတီနိုင်ငံရေးအဖွဲ့အစည်းတွင်မျှ မပါဝင်ရပါ။ စည်းကမ်းများနှင့်အညီ ဖွဲ့စည်းထားခြင်းမဟုတ်သည့် အသင်းအဖွဲ့၊ အစည်းအရုံး၊ သမဂ္ဂစသည်တို့တွင် မပါဝင်ရပါ။ မည်သည့် ရွေးကောက်ပွဲတွင်မဆို မဲဆွယ်ခြင်း၊ အကူအညီပေးခြင်းများ မပြုလုပ်ရပါ။ ရုံးတွင်းရုံးပြင်၌ ပါတီနိုင်ငံရေးနှင့်စပ်လျဉ်း၍ စည်းရုံးခြင်း၊ ဆွေးနွေးခြင်း၊ ဟောပြောခြင်းများ မပြုလုပ်ရပါဆိုသော စည်းကမ်းချက်များကို နိုင်ငံ့ဝန်ထမ်းများ အထူးလိုက်နာကြဖို့ လိုအပ်ပါသည်။

နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၃၈ တွင် " နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဌာနဆိုင်ရာနည်းလမ်းအရ အရေးယူနိုင်သည်။ ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့်ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူရန် ဆောင်ရွက်ရမည်"ဟု လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေနည်းဥပဒေများ ၁၆၃၊ နည်းဥပဒေခွဲ(၃)တွင် လုံခြုံမှုအဆင့်အတန်း သတ်မှတ်ထားသည့် ဌာနဆိုင်ရာ စာရွက်စာတမ်းများကို ထိန်းသိမ်း စောင့်ရှောက်ရန် ပျက်ကွက်ခြင်း သို့မဟုတ် လုပ်ငန်းဆိုင်ရာလျှို့ဝှက်ချက်များကို မသက်ဆိုင်သူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသိပေးခြင်း၊ နည်းဥပဒေခွဲ(ပ)တွင် နိုင်ငံတော်နှင့် နိုင်ငံတော်အစိုးရကို အကြည်အညိုပျက်စေမည့် စာအုပ်စာတမ်းများ ရေးသားခြင်း သို့မဟုတ် ဖြန့်ဝေခြင်း၊ နည်းဥပဒေခွဲ(ဖ)တွင် နိုင်ငံတော်လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေမည့် လှုပ်ရှားမှု တစ်ခုခုတွင် ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း သို့မဟုတ် အားပေး ကူညီခြင်းတို့ ပြုလုပ်သည့် နိုင်ငံ့ဝန်ထမ်းများကို အရေးယူအပြစ်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားရှိပါသည်။

**နိုင်ငံတော် အစိုးရအဖွဲ့**

နိုင်ငံတော်၏ ဦးဆောင်အဖွဲ့အစည်းမှာ နိုင်ငံတော်အစိုးရအဖွဲ့ ဖြစ်သည်။ နိုင်ငံတော်အစိုးရအဖွဲ့က မူဝါဒ၊ လမ်းစဉ်များကို လက်ရှိတည်ဆဲဥပဒေများနှင့်အညီ ချမှတ်အကောင်အထည်ဖော်ရန် အဆုံးအဖြတ်ပေးပြီး ဆိုင်ရာဝန်ကြီးဌာနများက လိုက်နာဆောင်ရွက် အကောင်အထည်ဖော်ကြရသည်။ အားနည်းချက်၊ အားသာချက်များ၊ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန်ရှိသည်များကို နိုင်ငံတော်အစိုးရအဖွဲ့က အဖြေရှာပြီး လတ်တလောအကောင်အထည်ဖော်ရန် လိုအပ်ချက်၊ ရေတိုရေရှည်စီမံချက်၊ မျှော်မှန်းချက်များကို ကဏ္ဍအလိုက် ပညာရှင်များထံမှ လိုအပ်သည့်အကြံဉာဏ်များ ရယူပေါင်းစပ်ကာ နိုင်ငံတော်၏ ယန္တရားလည်ပတ်ရန် ဆောင်ရွက်ကြသည်။

နိုင်ငံတော်အစိုးရတစ်ရပ်သည် နိုင်ငံတော်၏ ယန္တရားလည်ပတ်နိုင်ရေးအတွက် ဌာနဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများကို ဦးဆောင်လမ်းညွှန်ပြုရသည်။ အစိုးရနှင့် နိုင်ငံ့ဝန်ထမ်းအားလုံးသည် နိုင်ငံတော်၊ တစ်နည်းအားဖြင့် ပြည်သူများ၏ အကျိုးစီးပွားများကို ဦးတည်ဆောင်ရွက်ကြရသည်။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ ပြည်သူများ၏ အကျိုးစီးပွားအတွက် လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ကြရသူများ ဖြစ်ပါသည်။ **"ဝန်ထမ်းကောင်းမှသာ နိုင်ငံကောင်းမည်"** ဟုပင် ဆိုကြသည်များလည်း ရှိပေသည်။ ပြည်သူကို အလုပ်အကျွေးပြုကြရမည့် နိုင်ငံ့ဝန်ထမ်းများသည် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်း၊ တည်ဆဲဥပဒေများနှင့်အညီ ဦးဆောင်စံပြလိုက်နာ ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ သို့မှသာ နိုင်ငံနှင့် ပြည်သူများ၏ အားထားရသော **"ဂုဏ်သိက္ခာရှိသည့် နိုင်ငံ့ဝန်ထမ်းများ"** အဖြစ် ရပ်တည်နိုင်မည် ဖြစ်ပါသည်။ ပြည်သူ့အကျိုးစီးပွားကိုသာ ဦးတည်ထားသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြင့်သာ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ တည်ဆောက်နိုင်မည် ဖြစ်ပေသည်။ ။

## မွန်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်



**မော်လမြိုင် ဖေဖော်ဝါရီ ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် မွန်ပြည်နယ်၊ ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ကျိုက်မရော၊ သံဖြူဇရပ်နှင့် ရေးမြို့နယ်များအတွင်း နယ်စပ်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျောက်ခင်းလမ်း ၁၃ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်း ၄ မိုင် ၂ ဖာလုံ၊ ကွန်ကရစ်လမ်း ၂ မိုင် ၃ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၃ မိုင် ၁ ဖာလုံ၊ ကွန်ကရစ်တံတား လေးစင်း၊ အရှည် ပေ ၃၉၀ Box Culvert ရှစ်စင်း၊ ရေပြွန်နှစ်စင်း၊ ကျောက်စီမြေထိန်းနံရံနှစ်ခု၊ လမ်းတံတားပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း ခုနစ်ခု၊ အာရ်စီနှစ်ထပ်ကျောင်းဆောင်တစ်ဆောင်၊ ဝန်ထမ်းအိမ်ရာ လေးလုံး၊ မြို့နယ်ရုံးအဆောက်အအုံ တစ်လုံးတို့ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၅၀၃၉ ဒသမ ၆၁၃ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

ငွေကြယ်

# ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများတွေ့ဆုံ



**စစ်တွေ ဖေဖော်ဝါရီ ၁၅**
ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တွေ့ဆုံမိတ်ဆက်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်းက ယခုအခမ်းအနားသည် ထပ်မံဖြည့်ဆည်းခန့်အပ်လိုက်သော ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှစ်ဦးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများကို တွေ့ဆုံမိတ်ဆက်ပေးခြင်းဖြစ်ကြောင်း၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာအကြီးအကဲများအနေဖြင့်လည်း မိမိတာဝန်ထမ်းဆောင်ရာနေရာတွင် ကိုယ်ကျိုးမဖက်ဘဲ ဒေသအတွက်၊ ပြည်နယ်အတွက်၊ နိုင်ငံအတွက် အတတ်နိုင်ဆုံးကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစား ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးစံရွှေမောင်နှင့် ဦးသန်းထွန်းတို့က မိတ်ဆက်စကား ပြောကြားကြသည်။ ထို့နောက် ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများက မိမိတို့ ဌာနအလိုက် တစ်ဦးချင်းမိတ်ဆက်တင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရခိုင်ပြည်နယ်အတွင်း ပြည်သူများနှင့် ဝန်ထမ်းများက တည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး မိမိတို့လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်ပေးနေကြသည့်အတွက် ကျေးဇူးတင်ကြောင်း၊ မိမိတို့ပြည်နယ်ကို ယခုထက်တည်ငြိမ်အေးချမ်းအောင်၊ ယခုထက်ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြစေလိုကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြကြောင်းသိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့အသိပေးချက်

နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့တာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်မဝင်နိုင်အောင် နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုနေသူအချို့က နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေကြောင်းကို ကြားသိနေရပါသည်။ ဖိအားပေးခြိမ်းခြောက်သူများအနေဖြင့် ယင်းလုပ်ရပ်များသည် ဥပဒေနှင့်ဆန့်ကျင်သကဲ့သို့ မိမိ၏အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးခြင်းဆိုင်ရာ မူသဘောတရားများနှင့်လည်း ဆန့်ကျင်နေပါသည်။ ဝန်ထမ်းမဟုတ်သူ ပြည်သူလူထုအချင်းချင်းကြားတွင်လည်း အလားတူပြုလုပ်မှုများရှိနေကြောင်းကိုလည်း ကြားသိရပါသည်။ မည်သူမဆို မိမိ၏အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုရန်လိုအပ်ပါသည်။ ထို့အပြင် အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်း လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။ သို့ပါ၍ ဖိအားပေးခြိမ်းခြောက်ခံရသူများ၏ အခွင့်အရေး ထိပါးနှောင့်ယှက်ခံရမှုများကို ဥပဒေကြောင်းအရ ကုစားပေးနိုင်ရေးနှင့် ထိပါးနှောင့်ယှက်သူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက တိုင်းစစ်ဌာနချုပ်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များအတွက် အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရဲမှူးထမ်းများနှင့် မိသားစုဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**
နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နှင့် မိုင်းရှူးမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နှင့် ဒဂုံမြို့နယ်၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ အမ်းမြို့၊ တောင်ကုတ်မြို့၊ ကျောက်ဖြူမြို့၊ သံတွဲမြို့၊ ဂွမြို့၊ ကျောက်တော်မြို့၊ မြောက်ဦးမြို့၊ မင်းပြားမြို့နှင့် ဘူးသီးတောင်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ ရွှေဘိုမြို့၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နှင့် ချင်းပြည်နယ် ဟားခါးမြို့၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့၊ ကျောက်တံခါးမြို့၊ ပြည်မြို့နှင့် လက်ပံတန်းမြို့တို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် စားသောက်ဖွယ်ရာများကိုပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သူငယ်ချင်းသို့ . . .

**မောင်နိုင်**

**သူငယ်ချင်း အောင်အောင် . . .**

ဒီအချိန်မှာ မင်းလည်း အလုပ်တာဝန်တွေများနေမယ်ဆိုတာ ငါသိနေတယ်။ မင်းတို့အလုပ်မှာ Civil Disobedience Movement – CDM လုပ်ကြတယ်ဆိုတဲ့ သတင်းကို လူမှုကွန်ရက်မှာ ဖတ်လိုက်ရတယ်။ ဖတ်မိလိုက်တဲ့နေ့မှာ အဲဒီသတင်းကို မယုံခဲ့ဘူး။ ဒီသတင်းက မင်းတို့အလုပ်ကို သက်သက် အများအထင်အမြင်သေးအောင်လုပ်တာပါပဲဆိုပြီး ပေါ့ပေါ့ပဲ ထားမိလိုက်တယ်။

နောက်ရက်ကျတော့ ပုဂ္ဂလိကမီဒီယာမှာ သတင်းပါလာတာတွေ့ရတယ်။ မရှေးမနှောင်းမှာပဲ မင်းတို့ရဲ့ ရန်ကုန်ရုံးခွဲအဖွဲ့တွေကပါ CDM မှာပါဝင်နေကြသလို လမ်းလျှောက်ဆန္ဒပြကြတာတွေလည်း လူမှုကွန်ရက်စာမျက်နှာ အတော်များများမှာ တွေ့လိုက်ရတယ်။ ပြင်ပမီဒီယာတွေနဲ့ မင်းတို့ ရန်ကုန်ရုံးအဖွဲ့က ကြိုတင်ပြီး ချိတ်ဆက်ထားသလားတောင် ထင်ရတယ်။ ဘာကြောင့်လဲဆိုတော့ အစအဆုံးကို ပုံတွေကြည့်လိုက်ရလို့ပဲ။

CDM လုပ်တာက မင်းတို့ရုံးချည်းပဲတော့ မဟုတ်ပါဘူး။ ငါ့နယ်ရုံးမှာလည်း တစ်ယောက်စ၊ နှစ်ယောက်စတော့ ရှိတယ်ကွ။ ခု CDM လုပ်ကြတဲ့ ဝန်ထမ်းတွေကို ကြည့်လိုက်ရင် မင်းလည်း သတိထားမိမှာပါ။ အများစုက လူငယ်တွေ။ အသက်အားဖြင့် ၂၅ ဝန်းကျင်ပေါ့ကွာ။ အသက်ကြီးတာတွေလည်း မပါဘဲ ဘယ်နေလိမ့်မလဲ။

ငါတို့နိုင်ငံရဲ့ ဒီမိုကရေစီစနစ်လမ်းကြောင်း ၁၀ နှစ်လောက်မှာ ငါလည်း

> **CDM မှာပါသွားတဲ့ ပထမတစ်ယောက်ဆိုရင် ဒီကလေးက သူများတွေ CDM လုပ်ပြီး လေးရက် လောက်မှပါသွားတာ။ သူ့ရဲ့ CDM မှာ ပါဝင်ပုံကတော့ အများစကားနားယောင်တာတို့၊ ဘေးလူတွေက တိုက်တွန်းတာမျိုးမဟုတ်ဘဲ သူ့ချစ်သူ ကောင်မလေးက ရုံးမသွားနဲ့ သူဖေ့စ်ဘွတ်တင်တဲ့ ပို့စ်အတိုင်းလိုက်တင်ဆိုတာနဲ့ ရုံးလည်းမသွား၊ သူ့ရဲ့ ဖေ့စ်ဘွတ်စာမျက်နှာမှာလည်း Copy၊ Paste တွေ ချည်းပဲ လုပ်နေတော့တာ။ ကိုယ့်ကိုယ်နဲ့ သူများစိတ်ပေါ့ ကွာ။**

ပါတယ်၊ မင်းလည်းပါတယ် လူတိုင်းလိုလိုပေါ့ကွာ။ လူ့အခွင့်အရေးတို့၊ လွတ်လပ်စွာပြောဆိုခွင့်တို့ ရသမျှအခွင့်အရေးကို ဒီမိုကရေစီစံနှုန်းနဲ့ အပြည့်ကို လိုချင်ခဲ့ကြတာ။ ဒါပေမယ့် ငါတို့က ကိုယ်တိုင်လိုက်နာရမယ့် လူ့ကျင့်ဝတ်တွေကျ မသိချင်ယောင်ဆောင်ကြတာက ခပ်များများမဟုတ်လား။

မနေ့ကတော့ ငါ့ရုံးက CDM လုပ်ကြတဲ့ ကလေးတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ရင်း သူတို့နဲ့ CDM ထဲ ပါရတဲ့အကြောင်း ဆွေးနွေးဖြစ်ခဲ့တယ်။ မင်းလည်း သိရအောင် ငါပြောပြဦးမယ်။

ငါ့ရုံးက ကလေးတွေနဲ့က တရင်းတနှီးဆက်ဆံရေးရှိတော့ စကားပြောရာမှာ ပေါ့ပေါ့ပါးပါးရှိပြီး အဆင်ပြေတယ်။ စကားဝိုင်းထဲမှာ နှစ်ယောက်ပါတယ်။ ငါနဲ့ဆို သုံးယောက်ပေါ့ကွာ။

**CDM မှာ ပါသွားတဲ့ ပထမတစ်ယောက်ဆိုရင် ဒီကလေးက သူများတွေ CDM လုပ်ပြီး လေးရက်လောက်မှ ပါသွားတာ။ သူ့ရဲ့ CDM မှာ ပါဝင်ပုံကတော့ အများစကားနားယောင်တာတို့၊ ဘေးလူတွေက တိုက်တွန်းတာမျိုး မဟုတ်ဘဲ သူ့ချစ်သူကောင်မလေးက ရုံးမသွားနဲ့ သူဖေ့စ်ဘွတ်တင်တဲ့ ပို့စ်အတိုင်း လိုက်တင်ဆိုတာနဲ့ ရုံးလည်းမသွား၊ သူ့ရဲ့ ဖေ့စ်ဘွတ်စာမျက်နှာမှာလည်း Copy၊ Paste တွေချည်းပဲ လုပ်နေတော့တာ။ ကိုယ့်ကိုယ်နဲ့ သူများစိတ်ပေါ့ကွာ။**

ဒုတိယတစ်ယောက်ကတော့ သူ့သူငယ်ချင်းတွေကလည်း ရုံးမသွားဘူး။ သူလည်း ဒါကြောင့် ရုံးမတက်ဘူး။ **“ကျွန်တော်တို့ကို အလုပ်မလာလို့ ဖြုတ်လို့မရဘူး။ အလုပ်မလာတဲ့သူက အများကြီး။ ဘယ်လိုဖြုတ်မှာလဲ”** ဆိုပြီး လူမှုကွန်ရက်က မတိမကျမရေမရာတဲ့ သတင်းအချက်အလက်တွေနဲ့ ကိုယ့်လုပ်ရပ်အမှားကို အမှန်ထင်ပြီး ရှေ့တိုးရင်းတိုးရင်း အတော်လေးကို စည်းကျွံနေတဲ့သူ။

ငါလည်း သူတို့နှစ်ယောက်ကို စည်းရုံးသိမ်းသွင်းဖို့ထက် အတွေးအမြင်လေးတစ်ခု ရစေချင်ရုံနဲ့ ခုလို ဆိုင်ထိုင်ရင်း စကားပြောဖြစ်တာပါ။ ခေတ်လူငယ်ဆိုတာကလည်း သူတို့မှန်တယ်ထင်တာကို ဇွတ်လုပ်တတ်ပြီး စိတ်သဘောထားချင်းမတူရင် ဘာစကားပြောပြော နားထဲမဝင်ကြတာက အများသားမဟုတ်လား။

ဒါပေမယ့်လည်း ငါ့ဌာနက လူငယ်ခြေတက်တွေ၊ နောင်တစ်ချိန် ငါ့ဌာနကို ဦးစီးဦးဆောင်ကြရမယ့် ညီငယ်တွေဖြစ်နေတော့လည်း သောက်လက်စလက်ဖက်ရည်ကို အကုန်မော့ပြီး သူတို့နှစ်ယောက်ကို လွယ်လွယ်နားလည်အောင် ဥပမာနဲ့နှိုင်းပြပြောပြခဲ့တယ်။

**“မင်းတို့နေတဲ့ရပ်ကွက်ကို မီးလင်းအောင် မီးခလုတ်ဖွင့်ပေးမယ့် ဝန်ထမ်းက ရုံးမတက်ရင် မီးမှောင်နေမှာက ဘယ်သူတွေလဲ။ မီးအလင်းရောင်မရှိရင် နေ့စဉ်လူမှုဘဝမှာ ဘယ်လောက်ထိ အဆင်မပြေဖြစ်မလဲ။ အဲဒီဝန်ထမ်းက အစိုးရတာဝန်ကို ထမ်းဆောင်တာလား၊ မင်းတို့ရပ်ကွက်ရဲ့ မီးလင်းရေးတာဝန်ကို ထမ်းဆောင်တာလား။ ကျောင်းဆရာ၊ ဆရာမဟာ ဘယ်သူ့ကို စာသင်တာလဲ။ အစိုးရကိုလား။ မင်းတို့ ညီငယ်၊ ညီမငယ်တွေကိုလား။ ဆေးရုံက ဆရာဝန်က အစိုးရကို ဆေးကုတာလား။ ရပ်ရွာပြည်သူကို ဆေးကုတာလား။ ဒီလိုလေးတွေ မင်းတို့စဉ်းစားကြည့်စမ်းပါ။ ဒီလိုပဲ နိုင်ငံ့ဝန်ထမ်းဆိုတာ ပြည်သူတွေအတွက် ဝန်ဆောင်မှုကို ကျရာနေရာကနေ ထမ်းရွက်နေကြရတာ။ မင်းတို့တွေးသလို၊ လူမှုကွန်ရက်မှာ စည်းလွတ်ဝါးလွတ် ပြောဆိုစည်းရုံးနေကြသလို CDM လုပ်တာ ဘယ်သူတွေကို အရင်ဆုံး ထိခိုက်စေမလဲ”** လို့ ငါ့စကားအပြီးမှာ စကားဝိုင်းက ခဏငြိမ်သက်သွားတယ်ကွာ။

ငါလည်း ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်ပြီး **“မင်းတို့ စိတ်ကြိုက်ဆုံးဖြတ်ပါကွာ။ ရုံးပြန်တက်ကြမှာမဟုတ်လား”**ဆိုတဲ့ ငါ့စကားတောင် မဆုံးလိုက်သေးဘူး။ ပထမတစ်ယောက်က ကျွန်တော့်ကောင်မလေးနဲ့ ဒီရက်ထဲ ညှိကြည့်ဦးမယ်လို့ ငါ့ကိုပြန်ပြောရင်း စကားဝိုင်းထဲက ထထွက်သွားတယ်။

ဒုတိယတစ်ယောက်ကတော့ **“ကျွန်တော်တို့က နိုင်ငံအတွက် လုပ်နေတာနော်။ ပါတီနိုင်ငံရေးလုပ်နေတာမဟုတ်ဘူး။ လွယ်လွယ်နဲ့ အလုပ်ဖြုတ်လို့ရမလား။ ခုဆို ကျွန်တော်တို့ CDM သမားတွေအတွက် ထောက်ပံ့ဖို့ လုပ်နေတာပဲ။ ဘာမှ ကြောက်နေစရာမလိုပါဘူး”** ဆိုပြီး ငါ့ကို ပြန်ပြောလိုက် ဖုန်းငုံ့သုံးလိုက်နဲ့ပေါ့ကွာ။

ငါလည်း **“ဒီမယ် ညီလေး၊ ပါတီနိုင်ငံရေးပဲလုပ်လုပ်၊ အမျိုးသားနိုင်ငံရေးပဲလုပ်လုပ် နိုင်ငံ့အရေးဟာ နိုင်ငံရေးပါပဲ။ ဒါပေမယ့် နိုင်ငံရေးလုပ်ချင်ရင် ခုလို CDM လုပ်မှ၊ လမ်းထွက် ဆန္ဒပြမှ မဟုတ်ပါဘူးကွာ။ နိုင်ငံ့အတွက် အလုပ်ကြိုးစားတယ်၊ ပြည်သူတွေအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားရင် နိုင်ငံရေးပါပဲ။ ဒါကြောင့် ကိုယ့်ဘဝနစ်မွန်းထိပါးခံရမယ့် CDM မှာ ဆက်ပါဝင်မလား။ တာဝန်ကျေလို့ရတဲ့ လစာထက် လူအများရဲ့ ပေးစာကမ်းစာနဲ့ ဘဝကို မျှောမလား။ စဉ်းစားပေါ့ကွာ”** ဆိုပြီး ပြောလိုက်တယ်။

လာမယ့် ရုံးဖွင့်ရက်တွေမှာ ငါ့ဌာနက ကလေးတွေ ရုံးပြန်တက်ကြလိမ့်မယ်ဆိုတာ ယုံကြည်နေတယ်။ သူတို့ကိုလည်း ဝန်ထမ်းစည်းကမ်းတွေနဲ့ အရေးယူရတာတွေ မလုပ်ချင်လို့ လက်ဖက်ရည်သောက်ရင်း နည်းနည်းပါးပါး ပြောပြရတာပေါ့ကွာ။ ခေတ်ပညာတတ်လူငယ်တွေဆိုတော့ ဘဝရှေ့ရေးတွေးမိကြမှာပါ။ လူဆိုတာ မှားတတ်ကြတဲ့သူတွေပဲလေ ။ မှားတာကို မှားမှန်းသိပြီး အမှန်ပြင်လာမယ့် လူငယ်တွေကို ငါတို့ကလည်း နွေးထွေးစွာကြိုဆိုဖို့ လက်ကမ်းထားရမှာပဲ မဟုတ်လား။

ပြောရင်းနဲ့ စာလည်းအတော်ရှည်သွားပြီ။ အားလုံးတည်ငြိမ်အေးဆေးသွားရင် မင်းရှိနေတဲ့ နေပြည်တော်ကို ငါ လာလည်ဦးမယ်။ ငါ့ရဲ့ နယ်မြို့လေးကိုလည်း လာလည်ဖို့ မင်းကို ဖိတ်တယ်ကွာ။

သတိရခြင်းများနဲ့ . . .
မင်းရဲ့သူငယ်ချင်း မောင်နိုင်

> **“ဒီမယ် ညီလေး၊ ပါတီနိုင်ငံရေးပဲလုပ်လုပ်၊ အမျိုးသား နိုင်ငံရေးပဲလုပ်လုပ် နိုင်ငံ့အရေးဟာ နိုင်ငံရေးပါပဲ။ ဒါပေမယ့် နိုင်ငံရေးလုပ်ချင်ရင် ခုလို CDM လုပ်မှ၊ လမ်းထွက်ဆန္ဒပြမှ မဟုတ်ပါဘူးကွာ။ နိုင်ငံ့အတွက် အလုပ်ကြိုးစားတယ်၊ ပြည်သူတွေအတွက် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသရွေ့ ကြိုးစားရင် နိုင်ငံရေးပါပဲ။ ဒါကြောင့် ကိုယ့်ဘဝ နစ်မွန်းထိပါးခံရမယ့် CDM မှာ ဆက်ပါဝင်မလား။ တာဝန်ကျေလို့ရတဲ့ လစာထက် လူအများရဲ့ ပေးစာကမ်းစာနဲ့ ဘဝကိုမျှောမလား။ စဉ်းစားပေါ့ ကွာ” ဆိုပြီး ပြောလိုက်တယ်။**

## အားမာန်

❖ ငါတို့တိုင်းပြည် လွတ်လပ်သည်ကို
တွေးမှီရေရှည် နှစ်ထောင်တည်ဖို့
ခိုင်ကျည်ချုပ်ခြာ ခွင့်အာဏာသည်
ကမ္ဘာတည်သမျှ ပိုင်စိုးမှ...။

❖ တည်သည့်အခွင့် ငုံ့မလင့်ဘဲ
တိုးချင့်သိပါ ဘက်စုံသာဖို့
မကွာအလုပ် စည်းနဲ့လုပ်မှ
အရှုပ်လည်းကင်း ပြည်မှန်ကင်းကား
ရှင်းသန့်ဝင့်ထည် ခံ့စေရည်။

❖ အမှောင့်လည်းကင်း အစွဲရှင်း၍
ထင်လင်းပျူငှာ မျှတပါမှ
အလှတရား ပြည်ငြိမ်းပွားမည်
နှိုးကြားသိလေ ခုအခြေ။

❖ သမိုင်းပြန်ကြည့် ကြေးမုံရှိသား
အသိကြွားကြွား တို့မနားလေ
နှိုးကြားသတိ အမှန်ရှိ၍
ကတိတည်ကာ ရှေ့သို့သာလေ
ညီညာလုံ့လ ဝီရိယနှင့်
ထကြွခွန်အား တည်စေသားဟု
ပြုထားမိဌာန် ကြိုးကြလော့...။

ရေချမ်း မန်း

## အချိန်အခါမဟုတ် မိုးရွာနိုင်မည့် သတိပေးချက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း ဖေဖော်ဝါရီ ၁၇ ရက်မှ ဖေဖော်ဝါရီ ၂၁ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

**အကြံပြုချက်**

ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးသီးကြွေခြင်းနှင့် လျှပ်စီးလက်ခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**
ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ လည်းကောင်း၊ နံနက် ၈ နာရီမှ ၉ နာရီအထိ လည်းကောင်း၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ နံနက်ပိုင်း သုံးကြိမ်၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိလည်းကောင်း၊ ညနေ ၃ နာရီမှ ၄ နာရီအထိ လည်းကောင်း၊ ညနေ ၅ နာရီမှ ၆ နာရီအထိလည်းကောင်း ဖူးမြော်နိုင်ရေး ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ လေးမျိုးနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**
ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့၊ ကရင်ပြည်နယ် ဖာပွန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် သန်လျင်မြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက် စုစုပေါင်း ငါးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၊ ကရင်ပြည်နယ် ဖာပွန်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့၊ ရခိုင်ပြည်နယ် အမ်းမြို့၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မိတ္ထီလာမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ကိုးကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ လက်ခံကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**
တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာအခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ပြင်ပမှဆရာဝန်များသည်လည်း ၎င်းတို့၏ သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၉၆၈၈ ဦး၊ အတွင်းလူနာ ၄၂၈၈ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၄၁၁ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၉၈ ဦး စုစုပေါင်း ၆၀၉ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၅၀ ကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၄၂၂ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ် ကလေးငယ် ၆၇၂ ဦးကို မွေးဖွားနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများ အနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာတပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ်ဆေးကုသမှု ခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရသည်။

ယနေ့တွင် သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံတပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ဟားခါး ဖေဖော်ဝါရီ ၁၅**
ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၁)ကို ယနေ့ နံနက် ၁၀ နာရီခွဲက ဟားခါးမြို့ ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးတိုးဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက မိမိဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ကိုဗစ်-၁၉ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# အလောင်းတော်ကဿပ ရာသီဘုရားဖူးလမ်းကို ဖေဖော်ဝါရီ ၂၃ ရက်တွင် စတင်ဖွင့်လှစ်မည်

**ယင်းမာပင် ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်းရှိ အလောင်းတော်ကဿပဘုရား ကပိုင်-အလောင်းတော်ကဿပဘုရားသွား ရာသီဘုရားဖူးလမ်းကို ဖေဖော်ဝါရီ ၂၃ ရက်တွင် စတင်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက ယင်းမာပင်ခရိုင် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



**ရှင်းလင်းပြောကြား**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ယင်းမာပင်ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က ကပိုင်-အလောင်းတော်ကဿပဘုရားသွား ရာသီဘုရားဖူးလမ်း ဖွင့်လှစ်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အလောင်းတော်ကဿပဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလင်းက ဘုရားဖူးလမ်း ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်အခြေအနေများ၊ အလောင်းတော်ကဿပဘုရား လေးမြို့နယ်မှ နာယက ဆရာတော်များအား လျှောက်ထားဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းနောက် တက်ရောက်လာသူများက ကိုဗစ်-၁၉ ရောဂါ ညွှန်ကြားချက်များနှင့်အညီ ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး၊ ဘုရားဖူးပြည်သူများ လာရောက်သည့်အခါတွင် ကိုဗစ်-၁၉ရောဂါ ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်နိုင်ရေးအတွက် ဆောင်ရွက်ရမည်တို့ကို အကြံပြုဆွေးနွေးခဲ့ကြပြီး ဖေဖော်ဝါရီ ၂၃ ရက်တွင် ရာသီဘုရားဖူးလမ်းကို စတင်ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖူးမြော်နိုင်မည်**

အလောင်းတော်ကဿပဘုရားသို့ နှစ်စဉ်နှစ်တိုင်း ဘုရားဖူးရာသီလမ်းဖွင့်သည့် လေးလတာကာလအတွင်း တစ်နိုင်ငံလုံးရှိ မြို့နယ်အသီးသီးမှ ဘုရားဖူးပြည်သူ အများအပြား လာရောက်ဖူးမြော်ကြပြီး ယခုနှစ်တွင် ရာသီဘုရားဖူးလမ်း စတင်ဖွင့်လှစ်မည့် ဖေဖော်ဝါရီ ၂၃ ရက်မှစတင်၍ ဖူးမြော်နိုင်မည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ယင်းမာပင်ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ယင်းမာပင်မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ကနီမြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အလောင်းတော်ကဿပဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# သံတွဲမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း သင်တန်းဖွင့်လှစ်

**သံတွဲ ဖေဖော်ဝါရီ ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် သံတွဲမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေသုံးစွဲရေးအစီအစဉ်(AVIP)သင်တန်းကို ယနေ့ နံနက်ပိုင်းက သံတွဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



**သင်ကြား**

သင်တန်းတွင် သံတွဲခရိုင် ကျေးလက်ရုံးနှင့် မြို့နယ်ရုံးတို့မှ သင်တန်းဆရာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် ရန်ပုံငွေသုံးစွဲရေး အစီအစဉ်များကို သင်ကြားကြသည်။ အဆိုပါ သင်တန်းသို့ ကျေးရွာ ၂၃ ရွာမှ သင်တန်းသား သင်တန်းသူ ၄၆ ဦးတက်ရောက်ကြပြီး တစ်ရက်ကြာ သင်ကြားခဲ့ကြောင်း သိရသည်။

သံတွဲမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်ဖြင့် ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ နှင့် ကျေးရွာနေပြည်သူများ၏ ငွေကြေး၊ ပစ္စည်း၊ လုပ်အားတို့ပါဝင်၍ လမ်း၊ တံတား၊ ရေပေးရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အတွင်းရှိ ကျေးရွာ ၂၃ ရွာကို နိုင်ငံတော်မှထောက်ပံ့ငွေကျပ်သိန်း ၂၃၀၀ ခွဲဝေချထားပြီးဖြစ်ရာ စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးပါက သက်ဆိုင်ရာကျေးရွာများအနေဖြင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

# သံတွဲမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**သံတွဲ ဖေဖော်ဝါရီ ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု/ပြည်နယ်) ခွင့်ပြုရန်ပုံငွေကျပ် ၃၄၇ ဒသမ ၃၅၁ သန်းဖြင့် ကျောက်လမ်း (၂/၂)မိုင် ၁၅ ပေ သံကူကွန်ကရစ်တံတား နှစ်စင်းနှင့် ငါးပေ Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများအနက် နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဇီးကုန်း - ဒေါ်ပွေးခုံကျေးရွာချင်းဆက်လမ်း (၁/၀)မိုင် ကျောက်ခင်းခြင်းလုပ်ငန်းကို သံတွဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဥက္ကဋ္ဌ၊ သံတွဲမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်အောင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းကျေးရွာချင်းဆက် ကျောက်လမ်းသည် မြေပြင်တွင် ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးလျက်ရှိပြီး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ဒေသခံပြည်သူများအနေဖြင့် သံတွဲမြို့သို့ ရာသီမရွေးသွားလာနိုင်မည်ဖြစ်ပြီး ကျေးရွာ ၁၀ ရွာ၊ အိမ်ခြေ ၆၈၁ အိမ်၊ လူဦးရေ ၂၄၆၃ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မယ်စဲ့မြို့နယ်၌ GAP စနစ်ဖြင့် စိုက်ပျိုးသော ဆောင်းသီးနှံ ပဲပုပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မယ်စဲ့ ဖေဖော်ဝါရီ ၁၅**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် GAP စနစ်ဖြင့် စိုက်ပျိုးသော ဆောင်းသီးနှံ ပဲပုပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

"မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင်စိုက်" ဆောင်ပုဒ်နှင့်အညီ ပဲပုပ်ကို နိုဝင်ဘာလဆန်းတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလကုန်တွင် ရိတ်သိမ်းကြသည်။ မယ်စဲ့မြို့နယ်တွင် အများအားဖြင့် ပဲပုပ်ကို ဒေသမျိုး၊ ရေဆင်း(၆)၊ KUSL သုံးမျိုးကို အဓိက စိုက်ပျိုးကြရာ ဒေသမျိုးသည် ပဲစေ့သေးသည့်အတွက် ပဲပုပ်ချဉ်ပြုလုပ်၍ ဒေသတွင်းစားသုံးပြီး ပိုလျှံမှုကို အခြားမြို့နယ်များသို့ ဖြန့်ဖြူးရောင်းချရသည်။ ပဲပုပ်ကို တိုက်ရိုက် ကျင်းပေါက်စိုက်နည်းဖြင့် စိုက်ပျိုးကြရာ ထယ်ခ၊ ထွန်ခ သက်သာပြီး ယခင်နှစ်က ပဲပုပ်တစ်ကေပျမ်းမျှ ၁၃ တင်း ထွက်ရှိကာ တစ်ပိဿာ ငွေကျပ် ၈၅၀ ဖြင့် ရောင်းရပြီး တောင်သူများ တွက်ခြေကိုက်ကြောင်း သိရသည်။



မယ်စဲ့မြို့နယ်တွင် သဘာဝမြေသြဇာသုံးပြီး အော်ဂဲနစ်ဖြင့် ပဲပုပ်ခုနစ်ဧက စိုက်ပျိုးထားကြောင်း၊ GAP စနစ်ဖြင့် စိုက်ပျိုးသည့် ဆောင်းသီးနှံ ပဲပုပ်စိုက်ခင်းများကို သဘာဝမြေသြဇာ ပက်ကြဲရပြီး ပိုးမွှားကျရောက်မှုနည်းပါးခြင်းကြောင့် ပိုးသတ်ဆေး အနည်းငယ်သာသုံးရကြောင်း၊ ပဲပုပ်တွင် မရိတ်သိမ်းမီ ကျရောက်တတ်သော ရောဂါများနှင့် ရိတ်သိမ်းချိန်လွန်လေလွင့်ဆုံးရှုံးမှုများမရှိရန် စိုက်ပျိုးရေးဦးစီးဌာနက ပိုးသတ်ဆေး စနစ်တကျ သုံးစွဲနည်းနှင့် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝတ်ရည်(ပြန်/ဆက်)



❖ ပို့ကုန်သွင်းကုန်လုပ်ငန်းများမှ

အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား ၁၅ စင်းရှိရာ ရန်ကုန်ဆိပ်ကမ်းတွင် အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတား စုစုပေါင်း ၄၁ စင်းတည်ဆောက်ပြီး ဆိပ်ကမ်းဝန်ဆောင်မှုများကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဤသို့ဆိပ်ခံတံတာကြီးများ တည်ဆောက်ဖွင့်လှစ်ထားနိုင်သကဲ့သို့ ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် သောင်တူးလုပ်ငန်းနှင့် ရေလမ်းကြောင်းသစ်ရှာဖွေရေးလုပ်ငန်းတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်ဆိပ်ကမ်းသည် နိုင်ငံတော်ကုန်စည်ကူးသန်းရောင်းဝယ်မှု၏ ပင်မတံခါးပေါက်ဖြစ်သည့်အားလျော်စွာ အပြည်ပြည်ဆိုင်ရာ ပင်လယ်ကူးသင်္ဘောကြီးများ စဉ်ဆက်မပြတ်ဝင်ထွက်သွားလာနိုင်ရေးအတွက် အဓိကရေလမ်းကြောင်းတစ်လျှောက်ရှိ ရေတိမ်နှစ်ခုဖြစ်သည့် အပြင်စည်းခုံ(Outer Bar– Elephant Point )နှင့် အတွင်းစည်းခုံ(Inner Bar– Monkey Point)တို့တွင် သောင်တူးဖော်ခြင်း လုပ်ငန်းများအား နှစ်စဉ်ဘဏ္ဍာငွေအမြောက်အမြား အကုန်ကျခံ၍ ဆောင်ရွက်လျက်ရှိသည်။

သောင်ထွန်းခြင်းဖြစ်စဉ်သည် ရန်ကုန်မြစ်၏ ရေစီးဆင်းမှုအပေါ်မူတည်၍ အမြဲမပြတ် ဖြစ်ထွန်းလျက်ရှိသည်။ လက်ရှိအသုံးပြုလျက်ရှိသော မူလရေလမ်းကြောင်းအပြင် ရေစူးပိုမိုများပြားပြီး တန်ချိန်ကြီးမားသောသင်္ဘောကြီးများ ဝင်/ထွက်သွားလာနိုင်သည့် သဘာဝရေလမ်းကြောင်းအသစ်တစ်ခုအား ရှာဖွေခြင်းလုပ်ငန်းစဉ်ကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

ယခုအခါတွင် Outer Bar Channel သို့ ရေယာဉ်ကြီးများ ဝင်ထွက်သွားလာမှုအတွက် သင်္ဘောရေစူး ယခင် ၉ မီတာမှ ၉ ဒသမ ၅ မီတာသို့လည်းကောင်း၊ Inner Bar Channel အား ယခင် Monkey Point Channel အစား King’s Bank Channel သို့ ပြောင်းလဲသတ်မှတ်ခဲ့ပြီး ရေယာဉ်ကြီးများ ဝင်ထွက်သွားလာမှုအတွက် သင်္ဘောရေစူး ယခင် ၉ မီတာမှ ၉ ဒသမ ၃ မီတာသို့လည်းကောင်း ပြောင်းလဲသတ်မှတ်နိုင်ခဲ့ပြီဖြစ်ကြောင်းလည်း သိရသည်။

ထိုသို့ ဆိပ်ကမ်းတံတားများတိုးတက်လာခြင်း၊ ရေလမ်းကြောင်းတိုးတက်လာခြင်းတို့ကြောင့် ရန်ကုန်ဆိပ်ကမ်း၏ ပို့ကုန်၊ သွင်းကုန်၊ ကုန်သေတ္တာများ ကိုင်တွယ်ဆောင်ရွက်မှုမှာလည်း တိုးတက်လျက်ရှိသည်။

ကိုဗစ်-၁၉ ကာလဖြစ်သော်လည်း ရန်ကုန်ဆိပ်ကမ်း၏ အထွေထွေကုန်သေတ္တာ ကုန်စည်ကိုင်တွယ်မှုသည် ၂၀၁၉ ခုနှစ်(မတ်လမှ စက်တင်ဘာလ) နှင့် ၂၀၂၀ ပြည့်နှစ် (မတ်လမှ စက်တင်ဘာလ)နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ၂၀၁၉ ခုနှစ်ထက် ၂၀၂၀ ပြည့်နှစ်မှာ ကုန်စည်တန်ချိန် ၁ ဒသမ ၅ သန်း ပိုမိုကိုင်တွယ်နိုင်ခဲ့ကြောင်း၊ ယင်းကဲ့သို့တိုးတက်လာခြင်းသည် ရေလမ်းကြောင်းတိုးတက်ကောင်းမွန်လာ၍ဖြစ်ကြောင်း သိရသည်။

ရန်ကုန်ဆိပ်ကမ်းသို့ ၂၀၁၉ ခုနှစ် မတ်လမှ စက်တင်ဘာလအထိ အထွေထွေကုန်စည် မက်ထရစ်တန်ချိန် ၅၃၂၁၁၉၇ ရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မတ်လမှ စက်တင်ဘာလအထိ အထွေထွေကုန်စည် မက်ထရစ်တန်ချိန် ၆၉၀၀၄၀ ဖြစ်၍ တန်ချိန်၁၅၇၈၈၄၃ ပိုမိုခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာန၏ စာရင်းဇယားများ၌ဖော်ပြသည်။

သို့သော် ရန်ကုန်ဆိပ်ကမ်းသို့ ကုန်သေတ္တာသင်္ဘောများ ဆိုက်ကပ်နိုင်မှုမှာ ၂၀၁၉ ခုနှစ် မတ်လမှ စက်တင်ဘာလအတွင်း သင်္ဘော ၁၁၀၁ စင်းဆိုက်ကပ်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မတ်လမှ စက်တင်ဘာလအတွင်း သင်္ဘော ၁၀၇၄ စင်းဆိုက်ကပ်ခဲ့၍ ၂၇ စင်း လျော့ကျသွားခဲ့ကြောင်း၊ သို့သော်လည်း ရေစူးနက်သော သင်္ဘောများ ဆိုက်ကပ်လာနိုင်၍ ကုန်တန်ချိန်ပိုမိုကိုင်တွယ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါကာလအတွင်း ကုန်သေတ္တာလုံးရေ (TEU)အနေဖြင့် ၂၀၁၉ ခုနှစ်က ၆၅၆၆၃၇ လုံးရှိပြီး ၂၀၂၀ ပြည့်နှစ်တွင်မူ ကုန်သေတ္တာလုံးရေ ၆၅၀၅၅၈ လုံး ရှိကြောင်း၊ ၆၀၇၉ လုံးလျော့ကျခဲ့ကြောင်း၊ သို့သော် သင်္ဘောအကြီး ကုန်သေတ္တာအကြီးကိုင်တွယ်နိုင်မှုကြောင့် ကုန်တန်ချိန်ပိုမိုခဲ့ကြောင်း သိရသည်။

ထူးခြားချက်တစ်ရပ်မှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ရန်ကုန်မြစ်ဝမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၀ ခန့်အကွာတွင် သံကူကွန်ကရစ် သုံးထပ်ရေကြောင်းပြအဆောက်အအုံ (Offshore Fixed Pilot Station)ကိုလည်း အောင်မြင်စွာ ဆောက်လုပ်ပေးနိုင်ခဲ့ပြီဖြစ်သည်။


ရေကြောင်းပြမှူးကြီးများသည် အဆိုပါရေကြောင်းပြအဆောက်အအုံ၌ စခန်းချ၍ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်/ထွက် ဆိုက်ကပ်သည့် သင်္ဘောကြီးများကို မောင်းနှင်ပေးရကြောင်း၊ ရာသီဥတုဆိုးရွားချိန်တွင် ရေကြောင်းပြရေယာဉ်သည် ဘေးကင်းလုံခြုံသည့်နေရာသို့ ရွှေ့ပြောင်းရခြင်း၊ ရေယာဉ်ပြုပြင်ထိန်းသိမ်းစရိတ်ကြီးမြင့်လာခြင်းနှင့် လုံခြုံစိတ်ချမှုလျော့နည်းလာခြင်း၊ ရေယာဉ်များ အဝင်/အထွက် ပိုမိုများပြားလာ၍ တာဝန်ထမ်းဆောင်သည့်ဝန်ထမ်းများ ပိုမိုများပြားလာကာ ရေကြောင်းပြရေယာဉ်တွင် နေရာလုံလောက်မှုမရှိခြင်းတို့ကြောင့် သံကူကွန်ကရစ် သုံးထပ်ရေကြောင်းပြအဆောက်အအုံကို တည်ဆောက်ရခြင်းဖြစ်သည်။

ယင်းရေကြောင်းပြအဆောက်အအုံကို တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ရာသီဥတုဆိုးရွားသော်လည်း ရေကြောင်းပြမှူးကြီးများနှင့် တာဝန်ထမ်းဆောင်သူ ဝန်ထမ်းများ အခြားနေရာသို့ ရွှေ့ပြောင်းရန်မလိုခြင်း၊ ပြုပြင်ထိန်းသိမ်းစရိတ်လျှော့ချနိုင်ခြင်း၊ ဘေးအန္တရာယ်လုံခြုံစိတ်ချရခြင်း၊ ဆိပ်ကမ်းသို့ ဝင်/ထွက် ဆိုက်ကပ်သည့် ရေယာဉ်ကြီးများကို အချိန်အခါရာသီမရွေး မောင်းနှင်ပေးနိုင်ခြင်း၊ နိုင်ငံ၏ သွင်းကုန်/ပို့ကုန် ပိုမိုကိုင်တွယ်နိုင်ခြင်းစသော အကျိုးကျေးဇူးများကိုရရှိစေနိုင်မည် ဖြစ်သည်။

သို့ဖြစ်ပေရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်လက်အောက်ရှိ အပြည်ပြည်ဆိုင်ရာ ရန်ကုန်ဆိပ်ကမ်းသည် သီလဝါဆိပ်ကမ်းကဲ့သို့ ဆိပ်ကမ်းများတိုးချဲ့ခြင်း၊ ရေလမ်းကြောင်းများကောင်းမွန်အောင် စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ခြင်း၊ ရေကြောင်းပြအဆောက်အအုံကို ဆောက်လုပ်ပေးနိုင်ခြင်းတို့ကြောင့် ပို့ကုန် /သွင်းကုန်လုပ်ငန်းများနှင့်အတူ တစ်နှစ်ထက်တစ်နှစ်တိုးတက်ပြောင်းလဲလျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။

မြင့်မောင်စိုး

## အာဆင်နယ်အသင်းနည်းပြ အာတီတာက နောက်ခံလူ ဒေးဗစ်လုဇ်အား စာချုပ်သစ်ချုပ်ဆိုရန် ဆန္ဒရှိနေ




အာဆင်နယ်အသင်းနည်းပြ အာတီတာဟာ အသင်းရဲ့ နောက်တန်းကစားသမား ဒေးဗစ်လုဇ်ကို စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။

၎င်းပြင် ကစားသမားကိုယ်တိုင်ကလည်း အာဆင်နယ်အသင်းနဲ့ အတူ စာချုပ်သက်တမ်းတိုးဖို့ ကမ်းလှမ်းထားတယ်လို့ သိရပါတယ်။

ကလပ်အသင်းအများစုရဲ့ အထွေထွေမူဝါဒအရ အသက် ၃၀ ကျော် ကစားသမားတွေကို စာချုပ်သစ်အတွက် အများဆုံး တစ်နှစ်သာ သက်တမ်းတိုးသည့် မူဝါဒရှိခဲ့ပြီး ဒေးဗစ်လုဇ်ရဲ့ အာဆင်နယ်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကလည်း ဇွန်လကုန်မှာ ကုန်ဆုံးမှာဖြစ်ပါတယ်။

ဒါပေမယ့် နောက်ခံလူ ဒေးဗစ်လုဇ်ဟာ အာဆင်နယ်အသင်းအတွက် အရေးပါတဲ့ကစားသမားတစ်ဦး ဖြစ်နေတာကြောင့် အသက် ၃၃ နှစ်အရွယ် ဒေးဗစ်လုဇ်ကို စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေတာ ဖြစ်တယ်လို့လည်း နည်းပြ အာတီတာက ဆိုပါတယ်။

## ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဘာတီ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်တက်လှမ်း

ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ်တစ်ဦးဖြစ်တဲ့ ဩစတြေးလျတင်းနစ်မယ် ဘာတီဟာ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် အမေရိကန်တင်းနစ်မယ် ရှယ်လ်ဘီရော့ဂျာကို အနိုင်ရရှိခဲ့တာကြောင့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

ဘာတီဟာ ရှယ်လ်ဘီရော့ဂျာကို ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ချင်းတင်းနစ်ချန်ပီယံ ဖြစ်လာဖို့လည်း ရေပန်းစားနေသူဖြစ်ပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိ တင်းနစ်မယ် ဘာတီဟာ ၂၀၁၉ ခုနှစ်အတွင်းက ပြင်သစ်အိုးပင်းတင်းနစ်ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့သူဖြစ်ပြီး ပြီးခဲ့တဲ့နှစ်ကလည်း မဲဘုန်းမြို့မှာ ကျင်းပခဲ့တဲ့ ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။



ဒါပေမယ့် တင်းနစ်မယ် ဘာတီဟာ ရုရှားတင်းနစ်မယ် ဆိုဖီယာကီနင်ကို ရှုံးနိမ့်ခဲ့ရတာကြောင့် ပြိုင်ပွဲကနေ ထွက်ခဲ့ရတာ ဖြစ်ပါတယ်။ တင်းနစ်မယ်ဘာတီ အနေနဲ့ ဩစတြေးလျအိုးပင်းကွာတားဖိုင်နယ်အဆင့်မှာ ချက်တင်းနစ်မယ် မူချိုဗာနှင့် ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

## လာဇီယိုအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး အီတလီစီးရီးအေအမှတ်ပေးဇယားထိပ်သို့ အင်တာမီလန်တက်လှမ်း



အီတလီစီးရီးအေ ပွဲစဉ် ၂၂ အဖြစ် ယမန်နေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အင်တာမီလန်အသင်းနဲ့ လာဇီယိုအသင်းတို့ပွဲစဉ်မှာ အိမ်ရှင် အင်တာမီလန်အသင်းက လာဇီယိုအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး အီတလီစီးရီးအေ အမှတ်ပေးဇယားထိပ်ဆုံးကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

အင်တာမီလန်အသင်းနဲ့ လာဇီယိုအသင်းတို့ရဲ့ပွဲစဉ်မှာ အင်တာမီလန်အသင်းဟာ တိုက်စစ်မှူး လူကာကူရဲ့ ပွဲကစားချိန် ၂၂ မိနစ်မှာ သွင်းယူပေးခဲ့တဲ့ ပင်နယ်တီသွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပထမပိုင်း ပွဲကစားချိန် ၄၅ မိနစ်မှာ တိုက်စစ်မှူး လူကာကူကပဲ တစ်ဂိုးထပ်မံသွင်းယူပေးခဲ့တာကြောင့် ပထမပိုင်းပြီးချိန်မှာ အင်တာမီလန်အသင်းက လာဇီယိုအသင်းကို နှစ်ဂိုးပြတ်နဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။

လာဇီယိုအသင်းဟာ ဒုတိယပိုင်းမှာ ချေပဂိုး ပြန်လည်ရရှိရေးအတွက် ခြေကုန်ထုတ်ကစားခဲ့ရာ ပွဲကစားချိန် ၆၁ မိနစ်မှာ မီလန်ကိုဗစ်-ဆာဗစ်ရဲ့ သွင်းဂိုးနဲ့ ချေပဂိုးပြန်လည်ရရှိခဲ့ပါတယ်။ လာဇီယိုအသင်း ချေပဂိုးရရှိပြီး သုံးမိနစ်အကြာဖြစ်တဲ့ ပွဲကစားချိန် ၆၄ မိနစ်မှာတော့ တိုက်စစ်မှူး မာတီနက်ဇ်က အင်တာမီလန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးခဲ့တာကြောင့် သာမန်ပွဲကစားချိန် မိနစ် ၉၀ အတွင်း ဘယ်အသင်းကမှ ထပ်မံဂိုးမသွင်းနိုင်ခဲ့သဖြင့် အင်တာမီလန်အသင်းက လာဇီယိုအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အင်တာမီလန်အသင်း အတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး လူကာကူကတော့ သူ့ရဲ့ ကစားသမားဘဝ တစ်လျှောက် ကလပ်အသင်းနဲ့ နိုင်ငံအသင်းအတွက် စုစုပေါင်း သွင်းဂိုး ၃၀၀ ပြည့်မြောက်ခဲ့ပြီလည်း ဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ လာဇီယိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပွဲစဉ် ၂၂ ပွဲကစားအပြီးမှာ ရမှတ် ၅၀ ရရှိခဲ့ပြီး အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ လက်ရှိအီတလီစီးရီးအေ အမှတ်ပေးဇယားတွင် အေစီမီလန်အသင်းက ရမှတ် ၄၉ မှတ်နဲ့ ဒုတိယ၊ ရိုးမားအသင်းက ရမှတ် ၄၃ မှတ်နဲ့ တတိယ အသီးသီးရပ်တည်နေတာ ဖြစ်ပါတယ်။

ငွေကြယ်- ရေးသားသည်

## မိုချန်ဂလာဘတ်ချ်ကွင်းလယ်ကစားသမား ဖလော်ရီယန်နျူဟက်စ်ကို ခေါ်ယူရန် လီဗာပူး၊ မန်စီးတီး၊ ဂျူဗင်တပ်နဲ့ ဘိုင်ယန်မြူးနစ်တို့ ချိတ်ဆက်မှုများပြုလုပ်နေ

ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ လီဗာပူးအသင်း၊ မန်စီးတီးအသင်း၊ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းနဲ့ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းတို့ဟာ မိုချန်ဂလာဘတ်ချ်အသင်း ကွင်းလယ်ကစားသမား ဖလော်ရီယန်နျူဟက်စ်ကို ခေါ်ယူဖို့ ချိတ်ဆက်မှုတွေပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။



ကွင်းလယ်ကစားသမား ဖလော်ရီယန်နျူဟက်စ်ဟာ ၂၀၁၈ ခုနှစ်ကတည်းက ဘွန်ဒက်လီဂါကလပ် မိုချန်ဂလာဘတ်ချ်အသင်းအတွက် အရေးပါတဲ့ကစားသမားတစ်ဦးအဖြစ် ရှိနေခဲ့တာဖြစ်ပါတယ်။

ဖလော်ရီယန်နျူဟက်စ်ဟာ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီက မိုချန်ဂလာဘတ်ချ်အသင်းအား အမှတ်ပေးဇယား အဆင့် ၅ နေရာနဲ့ ရာသီကုန်ဆုံးစေရေးအတွက် အကူအညီပေးခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီမှာလည်း မိုချန်ဂလာဘတ်ချ်အသင်းကို ချန်ပီယံလိဂ် ၁၆ သင်းအဆင့်သို့ တက်လှမ်းနိုင်ရေး စွမ်းဆောင်ပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ဒါကြောင့် လီဗာပူးအသင်းနဲ့ မန်စီးတီးအသင်းတို့က ဖလော်ရီယန်နျူဟက်စ်ကို ခေါ်ယူဖို့ စီစဉ်နေတဲ့အပြင် ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ကလည်း အဲဒီကစားသမားကို သူတို့အသင်းတွေဆီ ရောက်ရှိဖို့ အပြိုင်ကြိုးပမ်းနေတာဖြစ်ပါတယ်။ ဖလော်ရီယန်နျူဟက်စ်ဟာ လက်ရှိကလပ် မိုချန်ဂလာဘတ်ချ်အသင်းနဲ့အတူ ၂၀၂၄ ခုနှစ်အထိ ဆက်ရှိနေမည့် ကာလရှည်စာချုပ်သစ်တစ်ရပ် ချုပ်ဆိုထားတာဖြစ်ပါတယ်။

# ရောဂါစုံပျောက်သည်ဟု ရေပန်းစားလာသော ရေနွေး

## ကြည်လွင်မြင့်(မုံရွာ)

မိတ်ဆွေတစ်ဦးက ဖုန်းဆက်၍ မေးလာပါသည်။ "ခုတစ်လော ဖေ့စ်ဘွတ်ကတစ်ဆင့် လူပြောများလာတဲ့ မနက်အိပ်ရာထချိန်မှာ ရေနွေးအဖြူ ပူပူလေး သောက်ပေးရင် အစာအိမ်ကသန့်ရှင်းပြီး ရောဂါကြီး တွေတောင် ပျောက်ကင်းနိုင်တယ်ဆိုတာ ဟုတ်ပါ သလား..." ဟု မေးလာသည်။

ထိုမိတ်ဆွေ၏ မိခင်ကြီးသည် လွန်ခဲ့သောနှစ်ကပင် အစာအိမ်ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားသည်ကို အမှတ်ရနေမိသည်။ ထိုမိတ်ဆွေသည် မျိုးရိုးတွင် တစ်ဦးကင်ဆာဖြစ်လျှင် သားစဉ်မြေးဆက် ဖြစ်တတ်သည်ဟု စိတ်စွဲလမ်းနေသူ ဖြစ်သည်။ အစားအသောက်ကို အထူးဆင်ခြင် စားသောက်သည်။ အရက်ဆိုလျှင် ဝေလာဝေး ... ကင်ဆာတွင် အထူးသဖြင့် အစား အသောက် စားမဝင်တော့သည့် အစာရေမျိုနှင့် အစာအိမ် ကင်ဆာကို အကြောက်ဆုံးဖြစ်ကြောင်း သူက ပြောဖူး ပါသည်။

ယခု သူမေးသည့် မေးခွန်းမှာလည်း နံနက်စောစော ရေနွေးအဖြူသောက်ပေးလျှင် ရောဂါကြီးများ ပျောက်ကင်း နိုင်သည်၊ တစ်နည်း ကာကွယ်နိုင်သည်ဆိုခြင်းမှာ အဓိက အားဖြင့် သူ့မိခင်ကြီးဖြစ်ခဲ့သည့် အစာအိမ်ကင်ဆာရောဂါ ကို ရည်ရွယ်ပြောဆိုကြောင်း စာရေးသူက ရိပ်မိပါသည်။

ယခုတစ်လောတွင် မည်သူကစ၍ ရေးသားပြီး တင်လိုက်သည်မသိ။ ဖေ့စ်ဘွတ်ပေါ်မှ အကြောင်းအရာ အချို့သည် ကူးစက်ပျံ့နှံ့လွယ်သည်ကို တွေ့ရသည်။ လူတိုင်းလူတိုင်း ထုံးစံအားဖြင့် နံနက်အိပ်ရာထ မျက်နှာ သစ်ပြီးလျှင် ရေအေးတစ်ခွက် သောက်လေ့ရှိကြသည်။ အိပ်ရာဝင် အိပ်ရာထ ရေအေးတစ်ဖန်ခွက် သောက်ပါဟု ကျန်းမာရေးအတွက် ရှေးဆရာအဆက်ဆက်ကလည်း လမ်းညွှန်ခဲ့ပါသည်။ ယခု မည်သည့်အကြောင်းကို သက်သေပြုပြီး ကောင်းကြောင်း ညွှန်းလိုက်သည်မသိ။ အိပ်ရာထချိန်တွင် အစာမစားမီ ရေနွေးတစ်ခွက် ပူပူနွေးနွေးသောက်သုံးပေးခြင်းသည် ကျန်းမာရေးအတွက် အထောက်အကူပြုရုံသာမက အစာအိမ်၊ သွေးတိုး၊ နှလုံး၊ ကျောက်ကပ်စသည်တို့မှ အဆိပ်အတောက်များကို ဖယ်ရှားပြီး ကင်ဆာကဲ့သို့ရောဂါဆိုးကိုပင် မပြန့်ပွားအောင်၊ ရပ်တန့်သွားအောင် ပြုလုပ်နိုင်သည်ဟု ရည်ညွှန်းပြောဆို ရေးသားထားကြောင်း ဖတ်ရှုရပါသည်။

နံနက်အိပ်ရာထ စိတ်လက်ကြည်သာ အေးချမ်း နေချိန်တွင် အစာမစားမီ ရေနွေးပူပူတစ်ခွက် သောက်ရ မည်ဆိုသည်မှာ အရသာအားဖြင့်တော့ မကောင်းလှပါ။ သို့သော် အမှန်တကယ် ထူးခြားသော အကျိုးအာနိသင် ရှိသည်ဆိုလျှင်တော့ သောက်သင့်လျှင် သောက်ရပါလိမ့် မည်။ ထိုကဲ့သို့ သောက်သုံးသူ အတော်များများမှာ မည်ကဲ့သို့ ထူးခြားချက်ရှိသည်ကို နှစ်နှင့်ချီပြီးစောင့်ကြည့် သုတေသနပြုဖို့ လိုအပ်ပါလိမ့်မည်။

စာရေးသူသည် လွန်ခဲ့သော နှစ်အနည်းငယ်က "ရေနွေးညသိပ် အဆိပ်ထက်ပြင်း"ဟု စာတစ်အုပ် ရေးသားဖူးပါသည်။ ထိုစာအုပ်မှာ ညကတည်ထားပြီး ဓာတ်ဘူးတွင် ထည့်သိမ်းထားသည့် ရေနွေး (သို့မဟုတ်) လက်ဖက်ခြောက်ခတ်ထားသည့် ရေနွေးကြမ်းကို နံနက်စာစား လက်ဖက်ရည်၊ ကော်ဖီသောက်သည့်အခါ ထိုရေနွေးဖြင့် ဖျော်ခြင်း၊ ညကနှပ်ထားသော ရေနွေးကြမ်း အဖန်ရည်ကို သောက်ခြင်းတို့ကြောင့် အစာအိမ် ဖောက်ပြန်ရာမှ အဆိပ်သင့်သောရောဂါများ ဖြစ်လာ နိုင်ခြင်းကို ရေးသားထားသောစာအုပ်ဖြစ်ပါသည်။ ထိုစာအုပ်သည် စိတ်ဝင်စားသူများသဖြင့် အုပ်ရေ သောင်း ကျော်အထိ အကြိမ်ကြိမ်ရိုက်နှိပ်ထုတ်ဝေခဲ့ရပါသည်။

### ဥတုဘောဇနသင်္ဂဟကျမ်းလာ ရေနွေးနှင့် ရေကျက်အေး

ရေနွေးနှင့် ရေကျက်အေးဟူ၍ နှစ်မျိုးရှိရာ ရေနွေး ဟူသည်မှာ အဘယ်နည်း။ ရေကျက်အေးဟူသည်မှာ အဘယ်နည်းဟု သိရှိထားရန်လိုပါသည်။ ရေနွေး ဟူသည်မှာ ရေအစိမ်းကို မီးဖြင့်ဆူပွက်အောင် ကျက်အောင် ကျိုချက်ထားသော ရေကို ဆိုလိုပါသည်။ ရေကျက်အေးဆိုသည်မှာ ထိုသို့ ဆူပွက်အောင်ကျိုချက်ပြီး ရေနွေးကိုအအေးခံ၍ သောက်သုံးခြင်း ဖြစ်ပါသည်။

ဥတုဘောဇနသင်္ဂဟကျမ်း အလိုအရ ... ရေကျက် အေးသည် ဒေါသသုံးပါးလုံးကိုနိုင်၏။ အေး၏။ သွေး၊ လေ အရသာကြောတို့ မလေးလံစေတတ်။ နွမ်းနယ်ခြင်း၊ ရေငတ်ခြင်း၊ အဖျားတို့ကို နိုင်၏။ ကြေလွယ်၏။ ပေါ့၏ဟု ဆိုထားပါသည်။

ထိုကျမ်း၌ ဆက်၍ ဖော်ပြသည်မှာ ရေကျက်ဟူသည် လည်း နေ့၌ချက်သောရေကို နေ့၌သာ သောက်ကောင်း သည်။ ည၌၌ ချက်သောရေကို ည၌၌သာ သောက်ကောင်း သည်။ နေ့၌ ချက်သောရေကို ည၌၊ ည၌၌ချက်သောရေကို နေ့ ဤကဲ့သို့အေးအောင်ထား၍ သောက်လျှင် ထိုရေ၌ တေဇောဓာတ် ညှံ့သောကြောင့် ကြေခဲ၏။ ဝမ်းမီးချက်၍ ကျက်လျှင် ချဉ်၏။ ဝမ်းချုပ်၏။ ဒေါသသုံးပါးလုံးကို ပျက်စေ တတ်၏။ ရောဂါခပ်သိမ်းတို့၌ မသင့်။ ရေကျက်အေးကို တစ်ဖန်ရေနွေးလုပ်၍ သောက်လျှင်မသင့်၊ အဆိပ်နှင့်အတူ ဖြစ်၏။ (ဥတုဘောဇန သင်္ဂဟကျမ်း- ရေတို့၏ဂုဏ်ကို ပြခြင်း၊ ဥတုအားလျော်စွာ ရေနွေးသောက်ခြင်းအကျိုးမှ ကောက်နုတ်ချက်)

### သိမ်ဖြူဆရာတော်၏ အမြင်ရှုထောင့်

မြန်မာ့အာယုဗ္ဗေဒဆေးသိပ္ပံဆရာတော် အရှင်နာဂ သေနာဘိဝံသ (သိမ်ဖြူဆရာတော်) ပြုစုသော အခြေခံ ကျန်းမာရေးသင်တန်းစာအုပ်တွင် ဖော်ပြထားသည်မှာ ... ရေနွေး၏ ဂုဏ်သတ္တိ။ ။ ကောင်းစွာကျိုချက်ထားသော (မပူလွန်းသော) ရေနွေးသည် ဆီးကို ရှင်စေ၏။ ဝမ်းမီး ကိုတောက်စေ၏။ အစာကို ကြေစေကုန်၏။ လည်ချောင်း၌ ရှိသော အပြစ်ဒေါသတို့ကို သန့်ရှင်းစေတတ်၏။ ပေါ့ပါး သွက်လက်စေ၏။ ဆီးအိမ်အညစ်အကြေးများကို သုတ်သင် တတ်၏။

ရောဂါအနေဖြင့် ဝေဖန်ရသော် သလိပ်ဖျား၊ လေဖျား၊ ချောင်းဆိုး၊ ပန်းနာ၊ လေနာ၊ အစာမကြေရောဂါ၊ အဆီခဲနာ၊ ကြို့ထိုးရောဂါ၊ ဝမ်းရောင်၊ ဝမ်းသက်၊ ဝမ်းကိုက်၊ ကြက်မျက်သင့်ရောဂါ၊ ဂူလုံးနာ၊ နူတ်မမြိန်၊ ဘေးထိုးရင်ကျပ်၊ နာစေးရောဂါများအတွက် ရေနွေးကို အသုံးပြုသင့်၏။

ရေနွေးကို ချမ်းဖျား၊ တုန်ဖျား ဖျားသောအခါ၌သာ ပူလောင်သောရေနွေးကိုသောက်သင့်၏။ အခြားသောရောဂါ ဝေဒနာတစ်စုံတစ်ရာကြောင့် သောက်ရာ၌ အပူလျော့သော ရေနွေးကိုသောက်သင့်၏။ အေးသွားသော ရေနွေးသည် ရေကျက်အေးဖြစ်၍ ၎င်းသည် ရေနွေးကဲ့သို့ပင် အကျိုးရှိ နိုင်၏။ သို့သော် ညသိပ်ရေနွေးသည် အဆိပ်ကဲ့သို့ အပြစ် ရှိသည်ဟု ဆေးကျမ်းများတွင် ဆိုထားခြင်းကြောင့် ညသိပ် ရေနွေးကို မည်သည့်အခါမျှ မသောက်သင့်ချေ။ အလားတူပင် ည၌ ကျိုချက်သောရေနွေးကို နေ့မသောက်သင့်။ အဘယ်ကြောင့်နည်းဟူမူ နေ့နှင့်ည ဥတုပြောင်းလဲ ပြိုင်ဆိုင်မှုသည် ထိုရေနွေး၌ ပါဝင်ကိန်းအောင်းလာ သောကြောင့်တည်း။ အထူးသဖြင့် မအေးသော နွေးနွေး ရှိသော ရေနွေးသည် အသင့်သုံးဖြစ်၏။ ကြာရှည်စွာ နွေးနွေး ရရန် မြေအိုး၊ ကြွေအိုးတို့ဖြင့် လုံမြဲစွာထားခြင်းသည် အကောင်းဆုံးဖြစ်၏။ လက်ဖက်ခြောက်ခတ်ပြီးသော ရေနွေးကို ကြွေအိုး၌လည်းကောင်း၊ ဓာတ်ဘူး၌လည်းကောင်း လေးနာရီခန့်ထားပြီးသည့်နောက် ထိုရေနွေးအရောင်ကို ကြည့်ခြင်းအားဖြင့် ကွာခြားမှုကို သိနိုင်ပေမည်။ ထို့ကြောင့် မြေအိုး၊ ကြွေအိုးတို့ကိုသာသုံး၍ သတ္တုအိုး၊ ဒန်အိုး၊ ဓာတ်ဘူး တို့ကို လုံးဝမသုံးသင့်ပေ။ (သိမ်ဖြူ အခြေခံကျန်းမာရေး သင်တန်းစာအုပ်၊ ၁၉၆၉ ဇူလိုင်လထုတ်၊ ဒုတိယအကြိမ် စာ- ၇၄)

### ကင်ဆာရောဂါနှင့် ရေနွေးသောက်ခြင်း

ကင်ဆာရောဂါအတွက်ဟု ဆိုရာတွင် ကင်ဆာရောဂါကို ကြိုတင်ကာကွယ်လိုသည့် သဘောဖြင့် နံနက်အိပ်ရာထတွင် ရေနွေးပူပူသောက်ခြင်းသည် သင့်၊ မသင့်နှင့် နောက်အခြား တစ်ချက်အနေဖြင့် ကင်ဆာရောဂါ သံသယရှိသူ၊ ဖြစ်ပွား နေသူများတွင် ထိုရောဂါကို ဟန့်တားစေရန် (သို့မဟုတ်) ပျောက်ကင်းစေရန် ထို့ထက်ပို၍ ကင်ဆာရောဂါကုသ နေသောဆေးများ ပိုမိုအစွမ်းထက် ထိရောက်စေရန် ရောဂါအမြန်သက်သာစေရန် အထောက်အကူအဖြစ် နံနက် အိပ်ရာထတွင် ရေနွေးပူပူသောက်ခြင်းသည် သင့်၊ မသင့်၊ အကျိုးရှိ၊ မရှိဟူသော အချက်များကို စဉ်းစားသုံးသပ်ရန် ဖြစ်ပါသည်။

စာရေးသူ၏ လေ့လာခဲ့ဖူးသမျှ ဆေးပညာအမြင်အရ နံနက်စောစော အိပ်ရာထချိန်တွင် ကြည်လင်လန်းဆန်း စေရန်အတွက် ရေအေးဖြင့် မျက်နှာသစ်ရသည်။ ရေအေး ဖြင့်ပင် သွားတိုက်ခြင်း၊ အာလုတ်ကျင်းခြင်းပြုလုပ်၍ အာခံတွင်းမှ အပုပ်နှင့် အပူအခိုးအငွေ့များကို စင်ကြယ် စေရသည်။ ညအိပ်ပျော်နေစဉ် အစာသစ်အိမ်နှင့် အစာရေမျို တစ်လျှောက်တက်နေသော ဝမ်းတွင်းအောင်း အပူအခိုး အငွေ့များကို ငြိမ်းစေရန်အတွက် ကြည်လင်အေးချမ်းသော ရေ၊ သန့်စင်သောရေကို သောက်သုံးရမည် ဖြစ်သည်။ နံနက်အိပ်ရာထတွင် အေးသောရေကို သောက်သုံးခြင်းဖြင့် နှလုံးကိုလည်း ချမ်းမြေ့စေသည်။ ပူလောင်မှုကင်းစေသည်ဟု ဆိုသည်။

ဥတုဘောဇနကျမ်းတွင် ရေအေး၏အစွမ်းကို ဖော်ပြထားရာ၌ ရေအေးသည် သေအရက် ယစ်မူးခြင်း၊ မူးဝေမိန်းမောခြင်းတို့ကိုနိုင်၏။ အော့အန်ခြင်း၊ သည်းခြေ ဖျားခြင်းတို့ကိုနိုင်၏။ ပင်ပန်းခြင်း၊ ရေငတ်ခြင်း၊ ပူလောင် ခြင်းတို့ကိုနိုင်၏။ အဆိပ်သင့်ခြင်းတို့ကိုနိုင်၏ဟု ဖော်ပြ ထားသည်။

ထို့ကြောင့် လူငယ်လူရွယ်နှင့် လူလတ်အရွယ် ပကတိကျန်းမာနေသူများသည် နံနက်စောစော အိပ်ရာထ တွင် ရေအေးကိုသာ သောက်သုံးသင့်သည်ဟု စာရေးသူ အနေဖြင့် သုံးသပ်မိပါသည်။

မည်သူများက ရေနွေးကို သောက်သုံးသင့်ပါ သနည်းဟုဆိုလျှင် ရောဂါဝေဒနာဖြစ်ရန် လမ်းစပေါ်နေသူ၊ အသက်အရွယ်ရလာပြီး အစာမကြေသည့် ဝေဒနာရှိနေသူ၊ အခြား ဝေဒနာကြီးများဖြစ်သည့် နှလုံး၊ သွေးတိုး၊ ဆီးချို၊ ကျောက်ကပ်စသည့် ကိုယ်တွင်းအင်္ဂါများတွင် အားနည်းချက်ရှိနေသူများ၊ ကင်ဆာ (မြစ်ပွားနာ) ဖြစ်ပွား သည်ဟု သံသယရှိနေသူများ နံနက်စောစောအိပ်ရာထ တွင် ရေနွေးပူသောက်သုံးခြင်းသည် ကောင်းကျိုးဖြစ်နိုင် သည်ဟု ယူဆရပါသည်။

ဥတုဘောဇနကျမ်းတွင် ဖော်ပြချက်အရ ရေနွေးနှင့် သင့်သူများမှာ ဘေးထိုးရင်ကျပ်ရှိသူ၊ နာစေးသောသူ၊ လေနာရှိသောသူ၊ ကုတ်ခိုင်တောင့်သောသူ၊ ဝမ်းရောင် သောသူ၊ ကြက်မျက်သင့်သောသူ၊ ဝမ်းသက်သောသူ၊ အဖျားသစ်ရှိသောသူ၊ ရှူဟိုက်သောအနာရှိသောသူ၊ (မောဟိုက်သောသူ)၊ ဆီထောပတ် များစွာစားသောသူ၊ သလိပ်နာရှိသောသူ၊ ဝမ်းကိုက်သောသူ၊ ဂူနာရှိသောသူ (ကင်ဆာကဲ့သို့ ဝမ်းတွင်း အလုံးအကျိတ်မျိုးကို ဆိုသည်)၊ ချောင်းဆိုးနာပန်းနာ ရှိသောသူ၊ နူတ်မမြိန်သောသူ၊ အမာပေါက်သော သူတို့သည် ရေအေးကို ကြဉ်ရှောင် အပ်ကုန်၏။ ထိုသူတို့သည် ရေအေးသောက်ခြင်း၊ ချိုးခြင်းကို မပြုအပ်ကုန်၊ ရေနွေးကိုသာ သုံးဆောင် အပ်ကုန်၏။

### အဆိပ်နှင့်တူသော ရေနွေးနှစ်မျိုး

စာရေးသူ၏ လက်ဝယ်ရှိသော ရှေးဟောင်း ကျမ်းတစ်ဆူ ဖြစ်သည့် "စတုသာရသခေ်ပ၊ ဆန္ဒသင်္ဂဟ ဘေသဇ္ဇ" ဆေးကျမ်းတွင် ရေနွေးအကြောင်းကို စုံလင်စွာ ဖော်ပြထားသည်။ (ထိုကျမ်းဝဇ္ဇကမ္မပဘေဒနယ ကဏ္ဍ၊ ရေနွေးအကျိုးရှစ်ပါး၊ အဆိပ်ဖြစ်သည့် ရေချက်ပုံ၊ ဥတုအားလျော်စွာရေချက်ပုံ)။

ရေချက်နည်းဥပဒေသ။ ။ရေနွေးဟူ၍ပင်ဆိုသော်လည်း မီးဖြင့် ရေကို ပူရုံနွေးရုံသာ ချက်သောရေသည် ဆေးဖြစ် သော ရေနွေးမဟုတ်ပါ။ ရှစ်ခွက်တစ်ခွက်၊ လေးခွက် တစ်ခွက်၊ နှစ်ခွက်တစ်ခွက်တင်အောင်ချက်ပြီးသော ရေသည်သာလျှင် ဆေးဖြစ်သောရေနွေးဟု မှတ်သား ရမည်။

အဆိပ်ဖြစ်သည့်ရေဖြစ်ပုံ။ ။ ဤသို့စီရင်ကျိုချက်သော ရေနွေးသည် ဆေးဖြစ်သည်ဟုဆိုသော်လည်း ရေနွေး မှန်သမျှကို မမှတ်အပ်။ အချို့သော ရေနွေးသည် ဆေးမဖြစ်သည့်အပြင် ဘေးဖြစ်စေတတ်သော အဆိပ်ပင် ဖြစ်ပါသေးသည်ဟု အထူးသဖြင့် မှတ်ယူထားရမည်။

၁။ အေးသောရေနွေးကို ပူအောင်တစ်ဖန်ပြန်၍ နွေးသောက်သောရေနွေး။

၂။ ဆူပွက်အောင် မကျိုချက်ဘဲ ပူရုံ နွေးရုံသာ ချက်ထား သောရေနွေး။

ဤသို့သော် အဆိပ်နှင့်တူသည့်ရေနွေးကိုလည်း သတိထား၍ မှတ်သားထားရမည်။ (စတုသာရ သခေ်ပ ဆေးကျမ်း၊ ဆရာကြီးဦးပဏ္ဍဝ(ခေါ်) ဆရာခင် ၁၃၁၇ ခု)

အထက်ပါ အချက်အလက်များကို ထောက်ရှုခြင်း ဖြင့် နံနက်စောစောအိပ်ရာထတွင် လူငယ်နှင့် ကျန်းမာနေ သူများသည် ရေအေးကိုသာ သောက်သင့် ပြီး ကိုယ်တွင်း ရောဂါ တစ်စုံတစ်ရာ စွဲကပ်နေသူ၊ သံသယ ရှိသူများသာ ရေနွေးပူကိုသောက်သုံးသင့်သည်ဟု သုံးသပ်မိပါသည်။ ။

**စာရေးသူ၏ လေ့လာခဲ့ဖူးသမျှ ဆေးပညာအမြင်အရ နံနက်စောစော အိပ်ရာထချိန်တွင် ကြည်လင်လန်းဆန်း စေရန်အတွက် ရေအေးဖြင့် မျက်နှာသစ်ရသည်။ ရေအေးဖြင့်ပင် သွားတိုက်ခြင်း၊ အာလုတ်ကျင်းခြင်း ပြုလုပ်၍ အာခံတွင်းမှ အပုပ်နှင့် အပူအခိုးအငွေ့များကို စင်ကြယ်စေရသည်။ ညအိပ်ပျော်နေစဉ် အစာသစ်အိမ်နှင့် အစာရေမျိုတစ်လျှောက်တက်နေသော ဝမ်းတွင်းအောင်း အပူအခိုးအငွေ့များကို ငြိမ်းစေရန် အတွက် ကြည်လင်အေးချမ်းသော ရေ၊ သန့်စင်သောရေကို သောက်သုံးရမည်ဖြစ်သည်။ နံနက် အိပ်ရာထတွင် အေးသောရေကို သောက်သုံးခြင်းဖြင့် နှလုံးကိုလည်း ချမ်းမြေ့စေသည်။ ပူလောင်မှု ကင်းစေသည်ဟုဆို။**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

# ကချင်ပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုများပုံမှန်ဖြစ်စေရေးအတွက် ပြည်နယ်ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်းနှင့် ညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၅**

ကချင်ပြည်နယ်အတွင်း ပြည်တွင်းနှင့် ပြည်ပကုန်စည်သယ်ယူ/ပို့ဆောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပုံမှန်အတိုင်း ကုန်စည်စီးဆင်းမှုလုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရေး ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်အသင်းဝင်များ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။

ကချင်ပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှု ပုံမှန်ဖြစ်စေရေးအတွက် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က ပြည်နယ်၏ စီးပွားရေးလုပ်ငန်းဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်၏ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတွင် ခိုင်ခိုင်မာမာပေါ်ပေါက်လာသည့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းကို မိမိတို့အနေဖြင့် ဝမ်းမြောက်စွာကြိုဆိုကြောင်း၊ အသင်းအနေဖြင့် စည်းစည်းလုံးလုံးဖြင့် ယခင်ထက်ပို၍ ကုန်စည်စီးဆင်းမှုလုပ်ငန်းများ အဆင့်မြင့်လာစေရေး၊ စနစ်တကျဖြင့် ပိုမိုများပြားကျယ်ပြန့်စွာ ကုန်သွယ်လာစေရေးအတွက် ဆက်လက်လုပ်ဆောင်စေလိုကြောင်း၊ ကောင်စီအနေဖြင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ကချင်ပြည်နယ်ကုန်စည်ပို့ဆောင်ရေးအသင်းဥက္ကဋ္ဌ ဦးဇေလွမ်းက အသင်းဖွဲ့စည်းဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး အသင်းဝင်လုပ်ငန်းရှင် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းတွင် တစ်ဖက်တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးလုပ်ငန်းများတွင် လိုအပ်သည်များကို ကောင်စီအနေဖြင့် ညှိနှိုင်းပေါင်းစပ်ပေးနိုင်ရေး၊ ကုန်စည်ဒိုင်တစ်ခု အကောင်အထည်ဖော်ရာတွင် ကူညီပေးရေး၊ သီးနှံများ၊ ကုန်စည်များ လျင်မြန်စွာပို့ဆောင်နိုင်ရေးအတွက် ခွင့်ပြုချက်ဆိုင်ရာကိစ္စရပ်များ၊ ပို့ကုန်/သွင်းကုန် ယာဉ်အသွားအလာ ကန့်သတ်မှုများအပေါ် ညှိနှိုင်းဆောင်ရွက်ပေးရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။




ပြည်နယ်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးကျော်လင်းအောင်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတို့က နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ဥပဒေနှင့်အညီ လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရုံးအဖွဲ့အစည်းဆိုင်ရာကိစ္စရပ်များနှင့် လိုအပ်ချက်များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် ပြည်နယ်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပြည်နယ်ကောင်စီအနေဖြင့် အသင်းနှင့်အတူ ရပ်တည်ပြီး ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းရေးကော်မတီကို အသစ်ဖွဲ့စည်းသွားရေး၊ အသင်း၏ လိုအပ်ချက်၊ အခက်အခဲများကို ချက်ချင်းဆက်သွယ်ဖြေရှင်းဆောင်ရွက်ကြရေး နှင့် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ပြည်နယ်ကောင်စီဥက္ကဋ္ဌသည် ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး ဌာနဆိုင်ရာများအနေဖြင့် နိုင်ငံ၏တာဝန်ကို ထမ်းဆောင်ရာတွင် နိုင်ငံ့ဝန်ထမ်းဥပဒေပါအတိုင်း စည်းမျဉ်းစည်းကမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရေး၊ နိုင်ငံတော်ကောင်စီ၏ မူဝါဒအတိုင်း အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးနှင့် လုပ်ငန်းဆောင်ရွက်မှုများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရေး၊ လိုအပ်သည်များကိုတင်ပြ၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရေး မှာကြားသည်။ ထို့နောက် ကောင်စီအဖွဲ့ဝင်များ၏ သက်ဆိုင်ရာဌာနအလိုက် တာဝန်ယူဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဌာနများအလိုက် လိုအပ်ချက်များကို မေးမြန်းဆွေးနွေးခဲ့ကြကာ လိုအပ်သည်များကို ပြည်နယ်ကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

# ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**လွိုင်ကော် ဖေဖော်ဝါရီ ၁၅**

ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လိုက်နာဆောင်ရွက်**

အစည်းအဝေးတွင် ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဦး (ခ) ဘူးရယ်က ဌာနဆိုင်ရာများအနေဖြင့် မိမိတို့သက်ဆိုင်ရာဌာနအသီးသီးတွင် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့်အညီ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ထုတ်ပြန်ထားသည့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးအုံ့မော်က နိုင်ငံတော်စီမံခန့်ခွဲရေးကောင်စီမှ ထုတ်ပြန်ထားရှိသည့် ဥပဒေပြင်ဆင်ချက်များ၊ ညွှန်ကြားချက်များအား ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာအကြီးအကဲများက မိမိတို့ဌာနအလိုက် ဆောင်ရွက်သည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ခေတ်အဆက်ဆက် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းထားသော ငါ့သရောက်မြို့မှ စက်စက်ယိုကျေးရွာ



**ညောင်ဦး ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ စက်စက်ယိုကျေးရွာလေးသည် ငါ့သရောက်မြို့တောင်ဘက် ငါးမိုင်ခန့်အကွာတွင် တည်ရှိပြီး ညောင်ဦး-ပုပ္ပား ဗျတ္တပန်းဆက်လမ်းမကြီး၏ မြောက်ဘက် ဂျမ်းလှိုးရွာမှသွား၍လည်းရကာ ခေတ်အဆက်ဆက်တွင်ထားရှိခဲ့သော မြန်မာ့ဆံကေသာ ပုံစံအမျိုးမျိုးကို ယနေ့အချိန်ထိ ထိန်းသိမ်းထားသည့် ကျေးရွာတစ်ရွာဖြစ်ကြောင်း ငါ့သရောက်မြို့ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းထံမှ သိရသည်။

ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ စက်စက်ယိုကျေးရွာရှိ လူငယ်လူရွယ်များသည် မြန်မာ့ရိုးရာယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားကာ ခေတ်အဆက်ဆက်ထားလာခဲ့သော မြန်မာ့ဆံကေသာ နာမည်များဖြစ်သည့် သျှောင်ပေစူး ခေါ် ဆံရစ်ဝိုင်းဆံကေသာထားရှိခြင်း၊ ဦးစွန်းဘုတ်ကေခေါ်ခွက်မောက်ဆံကေသာ၊ ကြက်တောင်စည်းထားရှိခြင်းများသည် စက်စက်ယိုကျေးရွာရှိ ရွာသူရွာသားတို့၏ ခေတ်အဆက်ဆက်ကျေးလက်ယဉ်ကျေးမှုစရိုက်တို့အား ထိန်းသိမ်းထားရှိခြင်းပင်ဖြစ်ကြောင်း သိရသည်။ စက်စက်ယိုကျေးရွာရှိ လူကြီး၊ လူငယ်၊ လူလတ်များသည် သျှောင်ပေစူး၊ ဦးစွန်းဘုတ်၊ ကြက်တောင်စည်းထားခြင်းများသည် အစဉ်အလာဖြစ်နေပြီး လူကြီးများလည်း သျှောင်ကြီးဖွေထားရှိသေးကြောင်း စက်စက်ယိုကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က ရှင်းပြသည်။

**လာရောက်လေ့ရှိ**

စက်စက်ယိုကျေးရွာသည် ကိုဗစ်-၁၉ ရောဂါမဖြစ်ခင်အချိန်က ပြည်ပဧည့်သည်များနှင့် ပြည်တွင်းဧည့်သည်များ အမြဲလာရောက်လေ့ရှိသည့် ကျေးရွာဖြစ်ကြောင်း၊ ဗီဒီယိုဇာတ်လမ်းများ လာရိုက်ကြ၊ ပြည်တွင်း ပြည်ပ ဓာတ်ပုံဆရာများ အမြဲလာရောက်ရိုက်ကူးကြကြောင်း၊ ယခင်ကရေအလွန်ရှားပါးသည့် ကျေးရွာဖြစ်သော်လည်း ယခုအခါ စက်ရေတွင်းတူးဖော်ကာ ရေစင်တည်ဆောက်ပြီး အိမ်တိုင်းအိမ်တိုင်း ရေပိုက်များ တပ်ဆင်သုံးစွဲနေကြောင်း၊ ကျန်းမာရေးဆေးပေးခန်းနှင့် ကျေးလက်စာကြည့်တိုက်များ တည်ရှိနေကြောင်း၊ ရုပ်ဝတ္ထုများ မည်မျှပင် ပြောင်းလဲသော်လည်း စက်စက်ယိုကျေးရွာရှိကျောင်းသား ကျောင်းသူလေးများ၊ ကာလသားပေါက်စများသည် ခေတ်အဆက်ဆက် ဆံကေသာများကို ထိန်းသိမ်းထားသည်မှာ ယနေ့အချိန်ထိပင်ဖြစ်ကြောင်း သိရသည်။

ငါ့သရောက်မြို့ ခက်လန်းကန်ကျေးရွာ၊ တောင်တောကျေးရွာ၊ ဖလန်ကန်ကျေးရွာတို့တွင်လည်း စက်စက်ယိုကျေးရွာကဲ့သို့ သျှောင်ပေစူး၊ ဦးစွန်းဘုတ်၊ သျှောင်ကြီးဖွေဆံကေသာများ ထားရှိသေးကြောင်း သိရသည်။

ဝတီ

○

# မကွေးမြို့ သမိုင်းဝင်မြသလွန်စေတီတော်ကြီးတွင် ဘုရားဖူးများ ဖူးမြော်ကြည်ညို

**မကွေး ဖေဖော်ဝါရီ ၁၅**

မကွေးမြို့သမိုင်းဝင်မြသလွန်စေတီတော်မြတ်ကြီးအား ဖေဖော်ဝါရီ ၈ ရက်မှစ၍ ကိုဗစ်-၁၉ရောဂါကာကွယ်ရေးသတ်မှတ်ထားသောစည်းကမ်းချက်နှင့်အညီ ဘုရားဖူးမြော် ကြည်ညိုခွင့်ရရှိခဲ့ရာ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဘုရားဖူးခွင့်အချိန်သတ်မှတ်ထားကြောင်း သိရသည်။

ထိုသို့ ခွင့်ပြုချက်များရရှိခြင်းကြောင့် သမိုင်းဝင်မြသလွန်စေတီတော်မြတ်ကြီးတွင် နေ့စဉ် ဘုရားဖူးများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

"ဘာမှတ်ပုံတင်မှ မလိုပါဘူး။ မနက် ၈ နာရီကနေ ညနေ ၅ နာရီအထိ ဘုရားဖူးလို့ရပါတယ်။



နှာခေါင်းစည်းတပ်ရပါတယ်။ ဘုရားဖူးလာသူများကို အပူချိန်တိုင်းပေးပါတယ်။ လက်သန့်ဆေးရည်ဆေးရပါတယ်"ဟု ဘုရားဖူးလာသူတစ်ဦး ပြောကြားသည်။

**မကွေးဝင်းမောင်**

# ညောင်ဦးမြို့ ပြည်သူ့ဆေးရုံရှိလူနာနှင့် လူနာစောင့်များအတွက် သောက်ရေသန့်များလှူဒါန်း

**ညောင်ဦး ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ရပ်ဝေးရပ်နီးမှ လာရောက် ဆေးကုသမှုခံယူနေသည့် လူနာများနှင့် လူနာစောင့်များအတွက် သောက်သုံးရေအခက်အခဲမဖြစ်စေရေးအတွက် ညောင်ဦးမြို့ စိတ္တသုခကျောင်းတိုက် ရေသန့်ကုသိုလ်တော်အသင်းက နေ့စဉ် သောက်ရေသန့်ဘူးများ လာရောက်လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ သောက်ရေသန့်ဘူးများ လှူဒါန်းခြင်းကို ညောင်ဦးမြို့ စိတ္တသုခကျောင်းတိုက်ဆရာတော် ဦးဉာဏဓမ္မ၏ ဦးဆောင်မှုဖြင့် ရေသန့်စက်တည်ထောင်၍ ရေသန့်ကုသိုလ်တော်အသင်းအဖွဲ့ဝင်များက ညောင်ဦးမြို့ ပြည်သူ့ဆေးရုံအပါအဝင် မြို့ပေါ်ရှိ စာသင်ကျောင်းများသို့ သွားရောက်ကာ နေ့စဉ် မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ၂၀ လီတာ သောက်ရေသန့်ဘူးများကို ဖြန့်ဝေလှူဒါန်းပေးနေကြောင်းနှင့် ထိုသို့ သောက်ရေသန့်ဘူးများ လှူဒါန်းနိုင်ရေးအတွက် စေတနာရှင်ပြည်သူများက အလှူငွေများထည့်ဝင်လှူဒါန်းပေးနေကြကြောင်းသိရသည်။

“ကျွန်တော်တို့ ညောင်ဦးမြို့ စိတ္တသုခကျောင်းတိုက် ရေသန့်ကုသိုလ်တော်အသင်းကညောင်ဦးမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ လာရောက်ဆေးကုသမှုခံယူနေတဲ့ ရပ်ဝေးရပ်နီးကလူနာများနဲ့ လူနာစောင့်တွေကိုသောက်ရေအခက်အခဲမဖြစ်စေဖို့အတွက် နေ့စဉ် မနက်တစ်ကြိမ် ၊ ညနေတစ်ကြိမ် ၂၀ လီတာသောက်ရေသန့်ဘူးများကို သွားရောက်လှူဒါန်းပေးနေပါတယ်။ ဒါ့အပြင် မြို့ပေါ်ရှိသောက်ရေလိုအပ်တဲ့ စာသင်ကျောင်းတွေကိုလည်း သွားရောက်လှူဒါန်းပေးပါတယ်။ သောက်ရေသန့်ဘူးတွေလှူဒါန်းပေးတာဆိုရင် ကျွန်တော်တို့ ရေသန့်ကုသိုလ်တော်အသင်းအနေနဲ့ တစ်နှစ်ကျော်လောက်ရှိပြီဖြစ်ပါတယ်။ ညောင်ဦးမြို့၊ စိတ္တသုခကျောင်းတိုက်ဆရာတော် ဦးဉာဏဓမ္မက ဦးဆောင်ပြီးတော့ ရေသန့်စက်တည်ထောင်ပြီးလှူဒါန်းပေးတာဖြစ်ပြီး သောက်ရေသန့်ဘူးများလှူဒါန်းနိုင်ရေးအတွက် စေတနာရှင်ပြည်သူများကလည်း အလှူငွေများထည့်ဝင်လှူဒါန်းပေးကြပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ စိတ္တသုခကျောင်းတိုက် ရေသန့်ကုသိုလ်တော်အသင်းကို သောက်ရေသန့်ကုသိုလ် ပါဝင်ကူညီလှူဒါန်းပေးလိုသူများရှိပါကဖုန်း - ၀၉၈၉၇၉၉၈၅၄၉၊ ၀၉ - ၂၅၇၈၆၀၂၇၆ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါတယ်”ဟု အဆိုပါ ရေသန့်ကုသိုလ်တော်အသင်းမှ အဖွဲ့ဝင် တစ်ဦးဖြစ်သူကိုမျိုးသူအောင်က ပြောကြားသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# မိုင်းဖြတ်မြို့ ကွက်သစ်ရပ်ကွက်၌ အာခါရိုးရာချည်ထည်ထိုးခြင်းလုပ်ငန်း တွင်ကျယ်လျက်ရှိ

**မိုင်းဖြတ် ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် အာခါတိုင်းရင်းသားတို့၏ ရိုးရာအဝတ်အထည် အသုံးအဆောင်များတွင် အသုံးပြုဝတ်ဆင်ကြသည့် အာခါရိုးရာလက်မှုချည်ထည်ထိုးခြင်းလုပ်ငန်းကို တွင်ကျယ်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း အာခါချည်ထည်ထိုးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးထံမှသိရသည်။



အာခါ ချည်ထည်ထိုးသည့်လုပ်ငန်းကို ယနေ့ခေတ်တွင် လူအများက လက်မှုအနုပညာဖြင့် တွင်ကျယ်စွာ လုပ်ကိုင်လာကြပြီး မိသားစုဝင်ငွေများလည်း တစ်ဖက်တစ်လမ်းမှရရှိကြောင်း၊ ရိုးရာချည်ထည်များကို လက်မှုအနုပညာဖြင့် သေသပ်လှပစွာ ထိုးရကြောင်း၊ ထိုသို့ပြုလုပ်ရာတွင် တိုင်းရင်းသားရိုးရာအသုံးအဆောင်များဖြစ်သည့် အမျိုးသားဝတ်၊ အမျိုးသမီးဝတ် အဝတ်အထည်၊ လွယ်အိတ်၊ ခြုံပဝါများပေါ်တွင် လက်မှုအနုပညာဖြင့် ထိုးခြင်းဖြစ်ကြောင်း၊ ဈေးနှုန်းမှာ တစ်ဦးနှင့် တစ်ဦး မတူညီကြောင်း၊ ချည်အကွဲအစိပ်ပေါ် မူတည်ပြီးထိုးရသလို ဒီဇိုင်းကာလာနှင့် အရောင်အသွေးလိုက်ဖက်အောင် သုံးသည့်အပေါ်မူတည်ပြီး ငွေကျပ် ၄၀၀၀၀၊ ၅၀၀၀၀ ယူကြောင်း၊ ချည်ကျဲပါကမြန်မြန်ပြီးသလို ချည်စိပ်ပါက အချိန်ကြာသည့်အတွက် ဈေးနှုန်းကွာခြားခြင်းဖြစ်ကြောင်း၊ အမျိုးသမီးဝတ် ဝမ်းဆက်ဆိုပါက ငွေကျပ် ၆၀၀၀၀ခန့် ယူကြောင်း၊ ဖွဲ့ရှိရှိဖြင့် ထိုးရပြီး ယနေ့ခေတ်တွင် မိန်းကလေးအချို့ လူတော်တော်များများထိုးကြပါကြောင်း ချည်ထည်ထိုးသူ မလေးအားက ပြောကြားသည်။

အဆိုပါ လက်မှုအနုပညာများဖြင့်ထိုးပြီး ရရှိလာသည့် အာခါချည်ထည်အဝတ်အထည်များကို အာခါတိုင်းရင်းသားများ၏ ရိုးရာပွဲတော်များဖြစ်သည့် ဒန်းစီးပွဲတော်၊ နှစ်သစ်ကူးပွဲတော်၊ ကောက်သစ်စားပွဲတော်စသည့် ရိုးရာပွဲတော်များတွင် ဝတ်ဆင်ကြလေ့ရှိကြပြီး ယနေ့ခေတ်တွင် စက်ထိုး၊ လက်ထိုး နှစ်မျိုးရှိပြီး လက်ဖြင့်ထိုးသည့် ချည်ထည်များကို လူအများ နှစ်သက်ကြကြောင်း သိရသည်။

**ရွှေကို(မိုင်းဖြတ်)**

# ကျိုက်မရောမြို့နယ် ဒေါင်ဒင်အင်း ငါးဖမ်းပွဲတော် လာရောက်ဆင်နွှဲ

**ကျိုက်မရော ဖေဖော်ဝါရီ ၁၅**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ရေပူကော့စပ်ကျေးရွာရှိ ဒေါင်ဒင်အင်းငါးဖမ်းပွဲတော်ကို ယမန်နေ့ နံနက် ၆ နာရီမှစ၍ အဆိုပါ အင်းအတွင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ငါးဖမ်းပွဲတော်ကို နှစ်စဉ်တပို့တွဲလတွင် ပြုလုပ်လေ့ရှိပြီး ငါးဖမ်းပွဲတော်ကျင်းပမည့်သတင်းအား မီဒီယာများမှတစ်ဆင့်ကြော်ငြာထားပြီးဖြစ်ရာ ငါးဖမ်းပွဲတော်မကျင်းပမီ ညပိုင်းမှ စတင်ကာ ငါးဖမ်းဝါသနာပါသူများ၊ ရပ်ဝေးရပ်နီးမှ အပျော်တမ်းငါးဖမ်းဝါသနာပါသူများက တစ်ရက်ကြိုတင်လာရောက်၍ တပျော်တပါး ငါးဖမ်းလေ့ရှိကြောင်း အဆိုပါ ကျေးရွာနေဒေသခံများက ပြောကြားသည်။

ဒေါင်ဒင်အင်း ငါးဖမ်းပွဲတော်ကို နှစ်စဉ် ပြာသိုလတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသော်လည်း ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ယခုလမှကျင်းပခွင့်ရရှိကြောင်း သိရသည်။

ယခုနှစ်တွင် ငါးဖမ်းပွဲတော်သို့ ရွာနီးချုပ်စပ်မှ ငါးဖမ်းဝါသနာရှင်များနှင့် ဒေသခံငါးဖမ်းသူများက ရိုးရာမပျက် ပျော်ရွှင်စွာ ငါးများဖမ်းယူကြပြီး ဖမ်းယူရရှိသောငါးများကို ပျော်ပျော်ပါးပါးချက်ပြုတ်စားသောက်လေ့ရှိကြကြောင်း၊ ဒေသခံများကလည်း ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြသဖြင့် အလွန်ပျော်ရွှင်စရာကောင်းကြောင်း အဆိုပါငါးဖမ်းပွဲတော်ကြီးသို့ လေ့လာရန်ရောက်ရှိနေသည့် ဝါသနာရှင်ဦးသန်းထိုက်က ပြောသည်။

အဆိုပါ ဒေါင်ဒင်အင်းထဲတွင် ငါးမျိုးစုံရှိပြီး အဓိက ငါးကြင်း၊ ငါးခူများနှင့် ငါးဘတ်ငါးများရှိပြီး ဖမ်းရလည်း လွယ်ကူသဖြင့် ပျော်စရာလည်းကောင်းသောရိုးရာပွဲတော်တစ်ခုအဖြစ် နှစ်စဉ်အစဉ်အလာမပျက် ကျင်းပလေ့ရှိကြောင်း ဒေသခံကျေးရွာနေ ပြည်သူများထံမှ သိရသည်။

**ချိုချို**

**(ပြန်/ဆက်)**

# မိုင်းယောင်းမြို့နယ်မှတောင်သူများ တံမြက်စည်းပင် ခုတ်ယူရောင်းချခြင်းဖြင့် နေ့စဉ်ဝင်ငွေရှာဖွေနေကြ

**မိုင်းယောင်း ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်မှ ဒေသခံတောင်သူအချို့သည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ တောတောင်အတွင်း အလေ့ကျပေါက်ရောက်လေ့ရှိသည့် တံမြက်စည်းပင်များကို ခုတ်ယူရောင်းချခြင်းဖြင့် နေ့စဉ်ဝင်ငွေရှာဖွေနေကြကြောင်း တံမြက်စည်းပင်ခုတ်ယူရောင်းချသူတစ်ဦးက ပြောကြားသည်။

“ပွင့်လင်းရာသီလည်း ရောက်ရှိလာပြီဆိုတော့ နှစ်စဉ်ဒီလိုပဲ တံမြက်စည်းပင်တွေ ခုတ်ပြီးရောင်းချကြပါတယ်။ အဖွဲ့လိုက်သွားပြီး တောတောင်တွေမှာအလေ့ကျပေါက်တတ်တဲ့ သဘာဝကပေးတဲ့ တံမြက်စည်းပင်တွေ ခုတ်ပြီးရောင်းချပါတယ်။ ဒေသတွင်းဝယ်တဲ့ ကုန်သည်တွေက တံမြက်စည်းပင်အစိုကို တစ်ကီလိုကို ၂၅၀ ကျပ်ခန့်ပေးပြီးဝယ်ကြတယ်။ တံမြက်စည်းပင် ခုတ်ရောင်းတာကနေ နေ့စဉ် မိသားစုစားသောက်ရေးအတွက် ဝင်ငွေတွေရှာဖွေနေကြပါတယ်”ဟု တံမြက်စည်းပင် ခုတ်ယူရောင်းချသည့် တောင်သူ ဦးစိုင်းအောင်က ပြောကြားသည်။



တချို့တောင်သူများအနေဖြင့် ခုတ်ယူရရှိသည့် တံမြက်စည်းပင်များကို ကွင်းပြင်၌ ဆယ်ရက်ခန့်ကြာ နေလှန်းအခြောက်ခံပြီး တံမြက်စည်းပွင့်ခိုင်ခြောက်ကို ခြွေကာ အစည်းလိုက်ပြန်လည်စည်း၍ တစ်ကီလိုလျှင် ငွေကျပ် ငါးရာနှုန်းဖြင့် ရောင်းချကြတာတွေလည်းရှိကြောင်း ယင်းတောင်သူက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ သဘာဝတံမြက်စည်းပင်ကိုခုတ်ယူရောင်းချသည့် တောင်သူများအနေဖြင့် တစ်နေ့ကို ငွေကျပ် ၈၀၀၀ မှ ၁၀၀၀၀ အထိ ရှာဖွေရရှိကြပြီး တံမြက်စည်းပင်ကို မိုင်းယောင်းမြို့နယ်မှ ဟွေထမ်ကျေးရွာနှင့် အခြားတောင်ပေါ်ဒေသမှ တောင်သူများက အများဆုံး ရှာဖွေခုတ်ယူလုပ်ကိုင်ကြကြောင်း တံမြက်စည်းပင် ခုတ်ယူရောင်းချသည့် တောင်သူတစ်ဦးထံမှသိရသည်။ **အားချာ**

## ကျောင်းကုန်းမြို့နယ်အတွင်း တစ်ပိုင်တစ်နိုင် ကွမ်းစိုက်ပျိုးသူများအဆင်ပြေ

**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၅**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အတွင်း ကွမ်းစိုက်ပျိုးသူ အများအပြားရှိရာ မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျောင်းကုန်းမြို့နယ်အတွင်း၌ ဆန်စပါးကို အဓိကထား စိုက်ပျိုးကြသော်လည်း ပဲ၊ ကွမ်း၊ ကြံ၊ နနွင်းနှင့် ဟင်းသီးဟင်းရွက်များလည်း စိုက်ပျိုးလျက်ရှိသည်။ ကျောင်းကုန်းမြို့နယ် မိုးပြာအရှေ့ကျေးရွာမှ မိသားစုတစ်ပိုင်တစ်နိုင် ကွမ်းစိုက်ပျိုးသူ ကိုစိုးထက်ကျော်က ယခုလက်ရှိမှာ စိုက်ပျိုးထားတဲ့ တိုင်အရေအတွက်က ၃၅၀၀ ရှိကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေနဲ့ ငွေကျပ် ၆၀၀၀၀၀ နှင့် ၈၀၀၀၀၀ ဝန်းကျင်ခန့် ကုန်ကျကြောင်း၊ ၁၅ ရက်တစ်ခါခူးဆွတ်ပြီး ရန်ကုန်မြို့ရှိ သီရိမင်္ဂလာဈေးသို့ တိုက်ရိုက်ပို့ဆောင်ရောင်းချရကြောင်း၊ ဈေးကွက်ကောင်း သည့် အောက်တိုဘာ၊ နိုဝင်ဘာလလောက်က ၁၅ ရက်တစ်ပတ်ကို ငွေကျပ် ၃၀၀၀၀၀ ဝန်းကျင်ခန့်ရရှိကြောင်း၊ ယခုလက်ရှိအချိန်မှာ ၁၅၀၀၀၀၊ ၂၀၀၀၀၀ ဝန်းကျင်ခန့်ရရှိသဖြင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း ပြောကြားသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**





## ဖူးစားပြောင်းကို သီးညှပ်စိုက်ပျိုးခြင်းဖြင့်ဝင်ငွေရ

**ရေနံချောင်း ဖေဖော်ဝါရီ ၁၅**
မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ရှိ ကိုင်းမြေများ၌ ဖူးစားပြောင်းကို သီးညှပ်စိုက်ပျိုးသည့်အပြင် ပြောင်းဖူးကိုအားထား၍ စိုက်ပျိုးကြခြင်းဖြင့် ဝင်ငွေရရှိနေကြောင်း ပြောင်းစိုက်တောင်သူများထံမှ သိရသည်။

နှစ်စဉ် ဧရာဝတီမြစ်ရေကျချိန် သီတင်းကျွတ်လလယ်မှစပြီး ကိုင်းမြေအားထွန်ယက်ကာမြေဩဇာချပြီး တန်ဆောင်မုန်းလမှစ၍ ပြောင်းဖူးကို သီးသန့်စိုက်ကြသည့်အပြင် ကြက်သွန်နီ၊ မြေပဲ၊ ပဲလွန်းစိုက်ခင်းများတွင် သီးညှပ်အဖြစ် စိုက်ပျိုးကြကြောင်း တောင်သူများထံမှ စုံစမ်းသိရသည်။

“ဖူးစားပြောင်း(ခေါ်)သကြားပြောင်းကို တချို့တောင်သူတွေက သီးသန့်အဓိက စိုက်ပါတယ်။ အချို့တောင်သူတွေက သီးညှပ်အဖြစ် ကြက်သွန်စိုက်ခင်းမှာ ဖူးစားပြောင်းကို သီးညှပ်အဖြစ် စိုက်ကြတယ်။ သီးသန့်စိုက်သူကတော့ ပြောင်းဖူးတစ်မျိုးပဲဝင်ငွေရတယ်။ သီးညှပ်ကတော့တွဲဖက်ပြီး စိုက်ရတာကြောင့် ဥပမာကြက်သွန်နဲ့တွဲစိုက်ရင် ကြက်သွန်ကလည်းဝင်ငွေရတဲ့အပြင် ဖူးစားပြောင်းကလည်း ဝင်ငွေရတယ်။ နောက်ပြီးပြောင်းဖူးပင်ကလည်း နွားစာရတယ်၊ တောင်သူအတွက် အဆင်ပြေတယ်။ ဒါကြောင့် သီးညှပ်ကို အားထားလုပ်ကိုင်ကြတာတွေ့ရပါတယ်” ဟု ရေနံချောင်းမြို့နယ်မှ ကိုင်းမြေစိုက် တောင်သူအမျိုးသားတစ်ဦးကပြောသည်။

ရေနံချောင်းမြို့နယ်တွင် ယာမြေများ၌ မိုးရာသီနှင့် ဆောင်းရာသီ၌ စိုက်ပျိုးကြပြီး ဆောင်းရာသီတွင် ပင်းဝကျေးရွာအုပ်စု ဖောင်းကတောကျေးရွာအုပ်စု၊ မာန်မြေကျေးရွာ အုပ်စု၊ ဘူးကျွန်းကျေးရွာအုပ်စု၊ ကျမ်းကိုင်ကျွန်းကျေးရွာအုပ်စုများတွင် ဖူးစားပြောင်းကို သီးညှပ်အဖြစ်စိုက်ကြကြောင်း သိရသည်။

**ဆန်းညွှန့်
(ရေနံချောင်း)**



## ဆောင်းသီးနှံ တိုင်ထောင်ပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ စီးပွားရေးအဆင်ပြေ

**မင်းဘူး ဖေဖော်ဝါရီ ၁၅**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ကျောက်တန်းကျေးရွာ၌ ဆောင်းသီးနှံအဖြစ် တိုင်ထောင်ပဲစိုက်ခင်းများကိုစိုက်ပျိုးကြရာ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုစီးပွားရေးအဆင်ပြေလျက်ရှိကြောင်း မင်းဘူး(စကု)မြို့နယ် ကျောက်တန်းကျေးရွာမှ တိုင်ထောင်ပဲ စိုက်ပျိုးရောင်းချသူကိုတွေ့ထံမှ သိရသည်။

အဆိုပါ တိုင်ထောင်ပဲစိုက်ခင်းများကိုအောက်တိုဘာလမှစတင်ကာ စိုက်ပျိုးရောင်းချခဲ့ပြီးအတောင့် ၁၀၀ စည်းတစ်စည်းကိုငွေကျပ် ၁၀၀၀ရောင်းချရကြောင်း၊ တိုင်ထောင်ပဲအပြင် ခရမ်းချဉ်သီး၊ နံနံပင်၊ မုန်ညင်း၊ ရွှေပဲသီး၊ ငရုတ်သီး၊ ဘူးသီးပင်၊ဆူးပုပ်ပင်နှင့်ငှက်ပျောပင်များပါစိုက်ပျိုးထားကြောင်းလည်းသိရသည်။

ယခုနှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါများကြောင့် သီးနှံပင်များမှာယခင်နှစ်များလောက် ရောင်းအားမကောင်းကြောင်း သိရသည်။

သို့သော် စိုက်ပျိုးပြီးရောင်းချသည့်အခါ သီးနှံပင်များမှာဖြစ်ထွန်းသည့်အတွက် တစ်နှစ်ပတ်လုံးစိုက်ပျိုးရောင်းချရပြီး နေ့စဉ်ပုံမှန်ဝင်ငွေရရှိနေသည့်အတွက် မိသားစုများစားဝတ်နေရေးအဆင်ပြေလျက်ရှိကြောင်းသိရသည်။

ကျောက်တန်းကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သည့်ကျေးရွာဖြစ်သောကြောင့် စပါးစိုက်ခင်းများအပြင် မြေအောက်ရေဖြင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပင်များပါ တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ် စိုက်ပျိုးရောင်းချသူများလည်းရှိကြောင်း သိရသည်။

**ဇေယျာထက် (မင်းဘူး)**

## ဘုတလင်မြို့နယ်၌ ရေနည်းလိုသီးနှံ နှံစားပြောင်း စမ်းသပ်စိုက်ပျိုး

**ဘုတလင် ဖေဖော်ဝါရီ ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်အတွင်းရှိ ညောင်ကန်၊ အောင်ဆန်းမြင့်နှင့် တရော်တောကျေးရွာများ၌ မိုးနည်းဒေသများတွင် စိုက်ပျိုးသင့်သောရေနည်းလိုသီးနှံဖြစ်သည့် နှံစားပြောင်းကို စမ်းသပ်စိုက်ပျိုးထားရှိကြောင်း မြို့နယ်တောင်သူလယ်သမားအစုအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်ထံမှ သိရသည်။

နှံစားပြောင်းကို Single Row နှင့် Double Row စိုက်နည်းစနစ် နှစ်မျိုးဖြင့်စိုက်ပျိုးကြပြီး အပင်သက်တမ်း ၁၁၀/၁၂၀ ရက် ရှိကာ တစ်ဧကလျှင် အပင် ၉၀၀၀၀ ကျော်မှ ၁၀၀၀၀၀ ကျော်အထိစိုက်ပျိုးနိုင်သည့် အပူဒဏ်ခံနိုင်သော သီးနှံအမျိုးအစားဖြစ်ကြောင်းသိရသည်။



“ဘုတလင်မြို့နယ်မှာအရင်ကတော့ ဒေသမျိုးဖြစ်တဲ့ ပုလဲ၊ ရွှေနီပြောင်းမျိုးတွေကို စိုက်ပျိုးခဲ့ဖူးပါတယ်။ အဲဒီမျိုးတွေကတော့ သက်တမ်းရင့် ရာသီပြောင်းဖြစ်ပါတယ်။ အခုစမ်းသပ်စိုက်ပျိုးတဲ့ စပ်မျိုးပြောင်းနီနှံစားပြောင်းက သက်တမ်း ၁၁၀/၁၂၀ ရက်ပဲရှိပြီး တစ်ဧကကိုတင်း ၆၀ ကနေ တင်း ၁၀၀ အထိ ထွက်ရှိနိုင်ပါတယ်။ မြို့နယ်အတွင်းမှာနှံစားပြောင်းမျိုးဧက ၅၀ အတွက် ဖြန့်ဝေထားပြီး ၁၁ ဧကစိုက်ပျိုးပြီးပါပြီ”ဟု မြို့နယ်တောင်သူလယ်သမားအစုအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်က ပြောကြားသည်။

ဘုတလင်မြို့နယ်သည် မိုးနည်းသည့်အတွက် ရေလိုအပ်မှုနည်းသည့် နှံစားပြောင်းကိုမြို့နယ်တောင်သူလယ်သမားအစုအဖွဲ့က ပထမဆုံးစမ်းသပ်စိုက်ပျိုးခြင်းဖြစ်ပြီး စမ်းသပ်စိုက်ပျိုးမှုအောင်မြင်ခဲ့ပါက တစ်မြို့နယ်လုံးတွင် နှံစားပြောင်းကို ဧက ၅၀၀ ကျော်မှ ၁၀၀၀ ကျော်အထိစိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ သရက်သီးကင်းရောင်းချသူများ ရောင်းအားကောင်း

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၅**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ သရက်သီးများ စတင်အသီးသီးချိန်တွင် သရက်သီးကင်းရောင်းချသူများ ရောင်းအားကောင်းမွန်ပြီး နေ့စဉ်မိသားစုဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

“သရက်သီးကင်းပေါ်ချိန်ဆိုတော့ သရက်သီးကင်းတွေကို တို့စရာအဖြစ်ဝယ်ယူစားသုံးကြလို့ ရောင်းအားကောင်းပါတယ်။ ပေါ်ဦးပေါ်ဖျားဆိုတော့ သရက်သီးကင်းက ဈေးကလည်းကောင်းတယ်။ အလုံး(အကြီး၊ အသေး) ပေါ် မူတည်ပြီး တစ်လုံးကို ငွေကျပ် ၅၀ မှ ၁၀၀ ခန့် ရောင်းချရပါတယ်။ ခုချိန်က သရက်သီးကင်းရောင်းချတဲ့လုပ်ငန်းဟာ မိသားစုအတွက် နေ့စဉ်ဝင်ငွေရရှိလို့ လုပ်ငန်းအဆင်ပြေလျက်ရှိပါတယ်” ဟု ပွင့်ဖြူမြို့ ယာယီပျံကျဈေးရှိ သရက်သီးကင်းရောင်းချသည့် ဈေးသည်တစ်ဦးက ပြောကြားသည်။

သရက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းသည် ပူအိုက်စိုစွတ်သော ရာသီဥတုကိုကြိုက်နှစ်သက်ကာ သရက်ပင်ကို မြေသားထုထူသော မြေမျိုးတွင် စိုက်ပျိုးနိုင်သည်။ သရက်ပင်ကို စိုက်ပျိုးရာတွင် အစေ့ချ စိုက်ပျိုးနည်းနှင့် အပင်ပျိုးထောင်၍ စိုက်ပျိုးနည်းဟူ၍ စိုက်ပျိုးကြပြီး အပင်ပျိုးထောင်စိုက်ပျိုးပါက ပျိုးပင်တစ်နှစ်သားအရွယ်တွင် ရွှေ့ပြောင်းစိုက်ပျိုးနိုင်သည်။ စိုက်ပျိုးပြီး သုံးနှစ်ရှိပါက အသီးများစတင်သီးကာ ပိုမိုဖြစ်ထွန်းအောင်မြင်စေရေးအတွက် မြေဩဇာကို စိုက်ပျိုးသည့်အချိန်မှစ၍ စနစ်တကျ ထည့်သွင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးသင့်သည်။ သရက်သီးနှံသည် သရက်ကင်း၊ သရက်ချဉ်၊ သရက်သီးမှည့် ဟူ၍ ရောင်းချရသဖြင့် သရက်ပင်သီးနှံစိုက်ပျိုးရေးလုပ်ငန်းသည် သီးနှံဝင်ငွေတွက်ချေကိုက်သည့် သီးနှံဖြစ်၍ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ သရက်စိုက်ပျိုးသူတောင်သူများထံမှ သိရသည်။ **ရဲဝင်းနိုင် (ပြန်/ဆက်)**

## "အကြင်လင်မယားအဖြစ်မှကွာရှင်းပြတ်စဲကြောင်းအများသိစေရန်ကြေညာခြင်း"

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ

[illegible]

## အစုရှယ်ယာမတည်ငွေရင်းလျှော့ချရန် ဒါရိုက်တာအဖွဲ့ဝင်များအား အသိပေးအကြောင်းကြားခြင်း

PARTNER CARGO SERVICES LIMITED၏ အုပ်ချုပ်မှုဒါရိုက်တာ ဖြစ်သူ/အစုရှယ်ယာရှင် PHEE LUP OON RAYMOND မှ အစုရှယ်ယာမတည်ငွေရင်း အမေရိကန်ဒေါ်လာ(၁၀၀,၀၀၀)မှအမေရိကန်ဒေါ်လာ (၅၀,၀၀၀)သို့ လျှော့ချပြင်ဆင်လိုခြင်း ကိစ္စရပ်များအတွက် အစည်းအဝေးကျင်းပရန် အစုရှယ်ယာရှင်များအား သိရှိနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

**(Mr. Phee Lup Oon Raymond)**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးမြင့် (၁၂/ဒဂမ(နိုင်)၀၃၃၁၆၅) ၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်အတွင်းရှိ မုဒိတာအိမ်ရာ(၁) (B.238)တိုက်ခန်းနေထိုင်ကြသူများအတွက် တော်ဝင်မီသား‌စု ကုမ္ပဏီမှ ထုတ်ပေးထားသော လိုက်နာရန်လိုအပ်သည့် စည်းကမ်းနှင့်တာဝန် ဝတ္တရားစာအုပ် ပျောက်ဆုံးနေပါသဖြင့် ပြန်လည်မလျှောက်ထားမည်ဖြစ်ကြောင်းနှင့် အထက်ဖော်ပြပါ ဦးမျိုးမြင့် ပိုင်ဆိုင်သည့် တိုက်ခန်းနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲအပ်ထားခြင်းတို့ ပြုလုပ်ထားခြင်း မရှိပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကောင်းပြည့်စုံ (LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၉၀၀၀)
အမှတ်(၂၅/၇၂)၊ ပြည်ရိပ်မွန်အိမ်ရာ၊ (၇)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၀၃၉၉၉၃၉၅

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ သုခ(၅၁)လမ်း၊ (စ)လမ်းသွယ်၊ အမှတ်(၁၃၁/A-5)(၂)ခန်းတွဲ(၅)ထပ်တိုက် အဆောက်အဦ၏ ပဉ္စမထပ်(ခေါင်းရင်းခန်း) တိုက်ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးတင်ထွန်းနိုင်[၈/ထလန(နိုင်) ၀၄၅၅၇၅]၏ဇနီး ဒေါ်ခင်နှင်းဦး[၈/ထလန(နိုင်)၀၄၅၅၈၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် (၁၀-၂-၂၀၂၁)ရက်နေ့က တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤ ကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်ယဉ်ထွန်း(LL.B, D.B.L,D.I.L)
WIPO-General Course On Intellectual Property (Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၀၇)
အခန်း(၃)၊ မရမ်းကုန်းမြို့နယ်တရားရုံးရှေ့နေ၊ နဂါးရုံဘုရားလမ်း၊(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၁၄၈၁၉၀၊ ၀၉-၆၉၅၁၄၈၁၉၀

# ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ




လူတိုင်းကိုယ်တာဝန်ကိုယ်ယူပါ၊ ရှောင်ကြဉ်ရန် အချက် (၃) ချက်ကို လိုက်နာပါ၊ မိမိကိုယ်တိုင်နဲ့ အခြားသူတွေကိုပါ COVID-19 မှ ကင်းဝေးအောင် စောင့်ရှောက်ပါ။
(၁) လူအုပ်အဝေးကို ရှောင်ရှားပါ။
(၂) လူအများနဲ့ အနီးကပ်ပြောဆိုဆက်ဆံတာကို ရှောင်ရှားပါ။
(၃) လူအများအပြားရှိတဲ့ လေဝင်လေထွက်ကောင်းစွာမရှိတဲ့ နေရာတွေကို သွားရောက်တာ ရှောင်ရှားပါ။
ရောဂါကူးစက်မှုကို လျှော့ချနိုင်ဖို့ဆိုတာ တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်လို့ရတဲ့ အရာမဟုတ်ပါဘူး။ အားလုံးညီညီ ဆောင်ရွက်မှသာ အောင်မြင်မှာဖြစ်ပါတယ်။ COVID ကို အတူတကွတိုက်ထုတ်ကြပါစို့။









# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးသန်းကျော်ညွှန့်

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ အား/ကာ ဦးစီးဌာန**

**မြန်မာ့လက်ရွေးစင်ကစားသမားဟောင်း(ရေကူး)**

**အသက် (၇၁) နှစ်**

ရန်ကုန်မြို့၊ အမှတ် (၇၀)၊ နတ်မောက်လမ်းသွယ် (၁)၊ ဗဟန်းမြို့နယ်နေ ဒေါ်အေးအေးမွန် (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန)၏ခင်ပွန်း အားကစားနှင့် ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး(ဟောင်း)၊ နည်းပြချုပ်၊ မြန်မာ့လက်ရွေးစင်ကစားသမား (ဟောင်း) ဦးသန်းကျော်ညွှန့်သည် ၁၂-၂-၂၀၂၁ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး နှင့်**
**အားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးသန်းမောင်

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အား/ကာဦးစီးဌာန**

**မြန်မာ့လက်ရွေးစင်ကစားသမားဟောင်း(ဂျူဒို)**

**အသက်(၆၇)နှစ်**

အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် နည်းပြချုပ်၊ မြန်မာ့လက်ရွေးစင်ကစားသမား(ဟောင်း) အရှေ့တောင်အာရှရွှေတံဆိပ်ဆုရှင် ဦးသန်းမောင်သည် ၁၅-၂-၂၀၂၁ ရက်နေ့ နံနက် ၁နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး နှင့်**
**အားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ**

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးချုပ် စိုးတင့်(ငြိမ်း)

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၀)၊ သူရတပ်ခွဲ**

**စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ်ကြီး (ဟောင်း)**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စိန်ပန်းမြိုင်ရပ်ကွက်၊ ဇေယျာသုခလမ်းသွယ် (၂)၊ အမှတ် (၂၇/၅၄)နေ (ဦးလှစိုး-ဒေါ်သန်းခင်)တို့၏သား၊ ဒေါ်စိုးစိုး(ခ)ဒေါ်စန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ချုပ်ညွှန့်ဝင်းဆွေ- ဒေါ်မို့မို့စိုး၊ ဦးရဲမြတ်ဟိန်း- ဒေါက်တာ အိဖြူမြင့်တို့၏ ချစ်လှစွာသောဖခင်ကြီး ဗိုလ်မှူးချုပ်စိုးတင့်(ငြိမ်း)သည် ၁၃-၂-၂၀၂၁(စနေနေ့) ည ၈:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS (30) ကျောင်းဆင်းအရာရှိများနှင့် ဇနီးများ**




ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးထွန်းသိန်း(ရွှေကူ၊ဗန်းမော်၊မြစ်ကြီးနား)

**အထွေထွေမန်နေဂျာ (ငြိမ်း)/ ပြည်နယ်**

**မန်နေဂျာ မွန်ပြည်နယ် (ငြိမ်း) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**

**အသက်(၈၇) နှစ်**

ရွှေကူမြို့၊ မြို့မရပ်ကွက်နေ (ဦးတင်-ဒေါ်ရင်)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် (၁၁/စီ)၊ မြဝတီလမ်း၊ ပြည်သာယာ၊ ဘောက်ထော်နေ ဆရာမကြီး ဒေါ်တင်တင်မေ၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်သိန်းမြ)၊ (ဦးဘမူ)-ဒေါ်တင်တင်ဆွေ၊ (ဒေါ်သိန်းကြည်)၊ (ဒေါ်သိန်းရွှေ)တို့၏မောင်၊ ဒေါ်သိန်းကြွယ်၊ ဒေါ်သိန်းကျော်၊ ဒေါ်ကျင်သိန်းတို့၏အစ်ကို ဦးထွန်းသိန်းသည် ၁၃-၂-၂၀၂၁ ရက် မွန်းလွဲ ၁:၃၇ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းလဲသွားပြီဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးသန်းကျော်ညွှန့်

**Ex-Burma Selected Swimmer (Senior Swimming Coach)**

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ အားကစားနှင့်ကာယပညာဦးစီးဌာန**

**အသက် (၇၁)နှစ်**

ရန်ကုန်မြို့နေ [ဦးဘညွှန့် (သမိုင်းပါမောက္ခ၊ မြန်မာစာအဖွဲ့ဝင်-ငြိမ်း)- ဒေါ်အုန်းခင် (ကထိက၊ ပညာရေးတက္ကသိုလ်၊ မြန်မာစာအဖွဲ့ဝင်-ငြိမ်း)]တို့၏ သားထွေး၊ ရန်ကုန်မြို့၊ အမှတ်(၇၀)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းနေ ဒေါ်အေးအေးမွန်(ဒု/ညွှန်-ငြိမ်း၊ အား/ကာ)၏ခင်ပွန်း၊ ဦးစိုးညွှန့်-ဒေါ်ယုဇနဝင်းတို့၏ ညီ/မောင်၊ (ဦးမြင့်ဦး)-ဒေါ်မာလာညွှန့်(Managing Director၊ အောင်သစ္စာဦး အထွေထွေအာမခံကုမ္ပဏီလီမိတက်)တို့၏ အစ်ကို၊ တူ/တူမ ၃၅ ယောက်တို့၏ ဘကြီး/ဦးလေးသည် ၁၂-၂-၂၀၂၁ ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၂၁ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ခြောက်ထပ်ကြီးဘုရားကြီး-သဒ္ဓမဝံသကျောင်း၊ ဗဟန်းမြို့နယ်၌ အရဏ်ရက်လည်ဆွမ်းကျွေး တရားတော်နာမည်ဖြစ်ပါသဖြင့် ကြွရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီး သန်းမောင်(ငြိမ်း) အသက်(၆၇) နှစ်

**ဂျူဒို ရွှေတံဆိပ်ဆုရှင်**

**လ/ထ ညွှန်ကြားရေးမှူး၊ အား/ကာ(ငြိမ်း)**

**မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်၊ နည်းပြချုပ်**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ကုန်းဘောင်ရွာနေ(ဦးဖိုးထယ်-ဒေါ်လှသောင်း)တို့၏သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ ထူထောင်ရေးရပ်ကွက်နေ (အရာခံဗိုလ် အောင်းမင်း)-ဒေါ်တင်လုံးတို့၏သမက် (ဗိုလ်စိုင်းဝေလင်းအောင်)၊ ဒုတကစိုင်းဝေလင်းမောင်(ငြိမ်း)၊ ကိုစိုင်းဝေလင်းနောင်-မစုမြတ်သဲ၊ ကိုဇော်မင်းအောင်-မဇင်မီးမီးသန်း၊ ကိုစိုင်းဝေလင်းကြည်၊ မရွှန်းလက်ချမ်းသာတို့၏ဖခင် မောင်လင်းလက်အောင်၊ မောင်ဘုန်းမြတ်ဟန်၊ မမြတ်ပန်းဇင်တို့၏ အဘိုး၊ ဒေါ်မြင့်မြင့်ကြည် (မြို့နယ်ပညာရေးမှူး-ငြိမ်း)၏ခင်ပွန်း ဗိုလ်ကြီးသန်းမောင်(ငြိမ်း)သည် ၁၅-၂-၂၀၂၁ ရက်နေ့ နံနက် ၀၀:၃၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၂၁ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် လှည်းကူးမြို့နယ် ရဲမွန်တပ်မြို့နေအိမ်မှ လှည်းကူးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီး သန်းမောင်(ငြိမ်း) အသက် (၆၇) နှစ်

**ဂျူဒို ရွှေတံဆိပ်ဆုရှင်**

**လ/ထ ညွှန်ကြားရေးမှူး၊ အား/ကာ (ငြိမ်း)**

**မြန်မာနိုင်ငံ ဂျူဒို အဖွဲ့ချုပ်၊ နည်းပြချုပ်**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ကုန်းဘောင်ရွာနေ (ဦးဖိုးထယ်- ဒေါ်လှသောင်း)တို့၏သား၊ စစ်ကိုင်းတိုင်းဒေသကြီးရွှေဘိုမြို့၊ ထူထောင်ရေးရပ်ကွက်နေ(အရာခံဗိုလ်အောင်းမင်း)-ဒေါ်တင်လုံးတို့၏သမက် ဒေါ်မြင့်မြင့်ကြည်(မြို့နယ်ပညာရေးမှူး-ငြိမ်း)၏ခင်ပွန်း ဗိုလ်ကြီး သန်းမောင်(ငြိမ်း)သည် ၁၅-၂-၂၀၂၁ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်**
**ဂျူဒို မိသားစုဝင်များ**

အာနိစ္စ

**သွေးသည် အသက်**

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာ နန်းဘွာဘွာ

**ခတ်မှန်ဆရာဝန်ကြီး(ငြိမ်း)**

**အသက် (၅၀)**

ဘားအံမြို့နေ လူရည်ချွန် သူငယ်ချင်း ဒေါက်တာနန်းဘွာဘွာ (ခတ်မှန်ဆရာဝန်ကြီး-ငြိမ်း)သည် ၁၃-၂-၂၀၂၁ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**လူရည်ချွန်သူငယ်ချင်းများ-**
**Prof Dr. အောင်ဇော်မျိုး၊ Dr. သောင်းဒန်ဦး၊ Dr. ကျော်ငြိမ်းအေး၊ Dr. မြစိုးနွယ်၊ ဦးခင်မောင်ထွန်း၊ ဦးခွန်မင်းဆွေ-ဒေါ်ယဉ်ယဉ်စိန်၊ AP Dr. သိန်းထွန်းဦး၊ ဒေါ်ဖြူဝင်းခိုင်၊ ဦးစိုးနန္ဒာ- ဒေါ်ကေသီမွန်၊ ဒေါ်မေသူဝင်း၊ ဒေါ်သူသူရှိန်၊ Prof Dr. တင်တင်လှ၊ ဒေါ်နွယ်နွယ်မွန်**




# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အုန်းကြည်

**မြန်မာသမိုင်းအဖွဲ့၊ အဖွဲ့ဝင်**

**သမိုင်းပါမောက္ခ(ငြိမ်း)**

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ အောင်မင်္ဂလာလမ်းနှင့် အင်းဝလမ်းထောင့်၊ အမှတ် (၁၀၃)နေ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသား စာကြည့်တိုက်ဦးစီးဌာန၊ မြန်မာသမိုင်းအဖွဲ့၊ အဖွဲ့ဝင် ဒေါ်အုန်းကြည်သည် ၁၅-၂-၂၀၂၁ရက် နံနက် ၇:၂၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးထွန်းသိန်း (ရွှေကူ၊ ဗန်းမော်၊ မြစ်ကြီးနား)

**အထွေထွေမန်နေဂျာ (ငြိမ်း)/ ပြည်နယ်**

**မန်နေဂျာ မွန်ပြည်နယ် (ငြိမ်း) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**

**အသက်(၈၇) နှစ်**

ရွှေကူမြို့နေ (ဦးတင်-ဒေါ်ရင်)တို့၏ သား၊ (ဦးမြတ်သော်-ဒေါ်ကြွယ်)တို့၏သားသမက်၊ အမှတ်(၁၁/စီ)၊ မြဝတီလမ်း၊ ပြည်သာယာ၊ ဘောက်ထော်နေ ဆရာမကြီး ဒေါ်တင်တင်မေ(ဌာနမှူး-ငြိမ်း၊ ပညာရေးဝန်ကြီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုရီထွန်း၊ ကိုမျိုးဝင်း-မပပထွန်းသိန်းတို့၏ ချစ်လှစွာသောဖခင်သည် ၁၃-၂-၂၀၂၁ (စနေနေ့) မွန်းလွဲ ၁:၃၇ နာရီတွင် အမှတ် (၃၅)၊ ရွှေဝါထွန်းလမ်း၊ သုဝဏ္ဏနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၂၁ (သောကြာနေ့) နံနက်တွင် အမှတ် (၃၅)၊ ရွှေဝါထွန်းလမ်း၊ သုဝဏ္ဏနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်မိသားစု

**ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးဘယု(B.A)

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ငွေစာရင်းရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန**

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သီရိ ၁ လမ်း၊ အမှတ် ၁၄ နေ (ဦးကံကြီး-ဒေါ်နီမ)တို့၏သား၊ (ဦးအံနီ-ဒေါ်စူ)တို့၏ သားသမက်၊ ဒေါ်ရှုအီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးဘကြူ-(ဒေါ်ခင်စန်းမြင့်)တို့၏အစ်ကို၊ ဒေါ်ခင်စန်းယု၊ ဦးကျော် ဆွေ-ဒေါ်နှင်းလဲ့ဝေတို့၏ဖခင်၊ မောင်ကိုကိုဦး-မဇင်မာကြူတို့၏ ဦးလေး၊ မောင်ဝဏ္ဏအောင်ဟိန်း၊ မောင်ကျော်တေဇဟိန်းတို့၏အဘိုးသည် ၁၄-၂-၂၀၂၁ရက်(တနင်္ဂနွေနေ့)နံနက် ၀၀:၃၄နာရီ တွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၂၁ ရက်(အင်္ဂါနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်အေး (ဟသ်ာတ)

**ကျောင်းအုပ်ဆရာမကြီး (ငြိမ်း)**

**အထက (၁) ဟသ်ာတမြို့**

**အသက် (၇၉)နှစ်**

ဟသ်ာတမြို့၊ ပတ္တမြားရပ်ကွက်၊ ဦးဝိစာရလမ်းနေ (ဗိုလ်မှူးမြင့်အောင်)၏ ဇနီး၊ ဦးဖြိုးမောက် (ဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး၊ ဒေသကော်မတီ (၂)၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်)- ဒေါ်ဝေမာထွန်း၊ ဗိုလ်မှူး ရဲသီဟထွန်း(လေ)-ဒေါ်ခင်ဝတ်ရည်တို့၏ မိခင်၊ မနှင်းဦးဝေ၊ မောင်တုန့်ခိုင်းခန့်(ခ)ဖိုးသကြ်န်၊ မဝတ်လွှာဖြူဖြူထွန်းတို့၏ အဘွားသည် ၇-၂-၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၈:၂၅ နာရီတွင် ပုသိမ်တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ပုသိမ်မြို့၊ သရက်ကျောင်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ၈-၂-၂၀၂၁ ရက်တွင် ဟသ်ာတမြို့၊ အမှတ်တရအရိုးအိုးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်ဦး

**တရားလွှတ်တော်ရှေ့နေ**

**အသက်(၆၄)နှစ်**

တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) စီမံကိန်းရပ်ကွက်၊ ကျန်စစ်သားလမ်း၊ တိုက်အမှတ်(၁၃၉)၊ သုံးလွှာနေ (ဦးကျော်စိန်)-ဒေါ်ခင်သန်းတို့၏သား၊ ဒေါ်မိမိဆွေ(တရားလွှတ်တော်ရှေ့နေ)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဝင်းပပမိုး- ဦးခင်ဇော်မျိုး၊ ဦးအောင်ကိုကိုကျော်တို့၏ ဖခင်သည် ၁၄-၂-၂၀၂၁ ရက် မွန်းလွဲ ၁၂:၄၅ နာရီတွင် ကွန်လွန်သွားပါသဖြင့် ၁၆-၂-၂၀၂၁ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့**

**သဘာဝ တောတွေ ထိန်းသိမ်းစို့**

# ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒေါ်အေးနုစိန်နှင့် ဦးမောင်းဟာ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေ၊ ဒုတိယဝန်ကြီးများ၊

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ❐**



ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပို့ကုန် သွင်းကုန်လုပ်ငန်းများဖြင့် တိုးတက်ပြောင်းလဲနေသော ရန်ကုန်ဆိပ်ကမ်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်ဆိပ်ကမ်းသည် ရေကြောင်းကုန်စည်ပို့ဆောင်ရေးအတွက် အဓိကဆိပ်ကမ်းတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံအတွက် ရေကြောင်းဖြင့် ကုန်သွယ်မှုပမာဏ၏ ၉၅ ရာခိုင်နှုန်းကျော်ကို ကိုင်တွယ်ဆောင်ရွက်ပေးနေသည့် ဆိပ်ကမ်းလည်းဖြစ်သည်။ ရန်ကုန်ဆိပ်ကမ်းကို ရန်ကုန်ဘက်ခြမ်းဒေသနှင့် သီလဝါဧရိယာဒေသဟူ၍ အပိုင်း နှစ်ပိုင်းခွဲခြားထားပြီး ရန်ကုန်ဘက်ခြမ်းသို့ အလျား ၁၆၇ မီတာ၊ ရေစူး ကိုးမီတာနှင့် တန်ချိန် ၁၅၀၀၀ (DWT) ရှိ သင်္ဘောကြီးများ ဆိုက်ကပ်နိုင်သည်။ ထို့အတူ သီလဝါဧရိယာဒေသသို့လည်း အလျား မီတာ ၂၀၀၊ ရေစူး ကိုးမီတာနှင့် တန်ချိန် ၂၀၀၀၀ (DWT) ရှိ သင်္ဘောကြီးများ ဝင်/ထွက် ဆိုက်ကပ်နိုင်သည်။

လက်ရှိတွင် ရန်ကုန်ဆိပ်ကမ်း (ရန်ကုန်ဘက်ခြမ်းဧရိယာ )၌ ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်နိုင်သော အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတား ၂၆ စင်းရှိပြီး ရန်ကုန်ဆိပ်ကမ်း (သီလဝါဧရိယာ )၌ ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်နိုင်သော

**စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❖**



## ကြေးမုံ ယနေ့ ဖတ်စရာ


**တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ဖေဖော်ဝါရီ ၂၆ ရက်တွင် စတင်မည်**

စာမျက်နှာ » ၁၁

**ဂီနီယာနိုင်ငံ၌ အီဘိုလာရောဂါ ဖြစ်ပွားကြောင်း ကြေညာ**

စာမျက်နှာ » ၁၂

**အလောင်းတော်ကဿပ ရာသီဘုရားဖူးလမ်းကို ဖေဖော်ဝါရီ ၂၃ ရက်တွင် စတင်ဖွင့်လှစ်မည်**

စာမျက်နှာ » ၁၉

**လာဇီယိုအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး အီတလီစီးရီးအေ အမှတ်ပေးဇယားထိပ်သို့ အင်တာမီလန် တက်လှမ်း**

စာမျက်နှာ » ၂၀